# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday 29 December 2018 ၉၅၁၅


## ယနေ့ သတင်းအညွှန်း

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ


စာမျက်နှာ » ၄




ဆရာတော်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ သာသနာပြုခရီး ထွက်ခွာ


စာမျက်နှာ » ၉




မူဆယ်ခရိုင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ


စာမျက်နှာ » ၈


ရုံးပိတ်ရက်ရှည်ကာလအတွင်း မွေးရပ်မြေနှင့် အလည်အပတ်ခရီးသွားကြမည့် ဝန်ထမ်းများ၏ ရင်တွင်းစကားသံများ


စာမျက်နှာ » ၁၃


# မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ ကျင်းပ



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ( MICC-II )၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးလှကျော်နှင့် ဒေါက်တာဒေါ်မြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှပုဂ္ဂိုလ်များ၊

> **“မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်း”**


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





## ကြေးမုံ

# ပညာသည် နိုင်ငံ့အကျိုးကို ဖန်တီးဖော်ဆောင်နိုင်

မြန်မာနိုင်ငံသမိုင်းတွင် ပညာသည် နိုင်ငံလွတ်လပ်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။ ပညာသည် အရာရာကိုအောင်မြင်အောင် ဖန်တီးဖော်ဆောင်နိုင်သည့် အရင်းအမြစ်ဖြစ်သည်။ ပညာသည် စာအမျိုးမျိုးတို့မှ ရရှိသော အသိအမြင်ဗဟုသုတများဖြစ်သည်။ ကျောင်းသင်ခန်းစာမှ ရရှိသော ပညာသာမက စာပေလောကအမျိုးမျိုးတို့မှ ရရှိသောပညာများကို ဆိုလိုသည်။

အသိပညာဗဟုသုတနှင့်ပတ်သက်၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ကျင်းပခဲ့သည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် စာအုပ်ဖတ်ခြင်းသည် တန်ဖိုးမည်မျှရှိသည်၊ မရှိသည်ကို ပြော၍မရကြောင်း၊ မိမိအတွက်တော့ တန်ဖိုးရှိသည်ဟု ပြောချင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာကြီးမှာကျယ်သွားကြောင်း၊ အခြားတစ်ခုမှာ ကိုယ်ရဲ့ အတွင်းအင်အားကို ခိုင်မာလာအောင်၊ တိုးတက်လာအောင် စာဖတ်ခြင်းသည် များစွာအထောက်အကူဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ဆက်လက်၍ စာအုပ်အလွန်စွဲသွားသူများမှာ စာအုပ်ဖတ်ချင်သည်။ စာအုပ်မရှိသည့်အခါ စာအုပ်ကိုတမ်းတသည်။ ယင်းသည် စာအုပ်မြတ်နိုးသူများအနေဖြင့် စာအုပ်မရှိသည့်အခါတွင် ယခင်ဖတ်ခဲ့သည့် စာအုပ်များအကြောင်း ပြန်စဉ်းစားပြီးအားယူ၍ရကြောင်း၊ ငယ်စဉ်ကတည်းက စာအုပ်များကို ချစ်မြတ်နိုးသည့်စိတ်များ သန္ဓေတည်သွားလျှင် တစ်သက်လုံးစာဖတ်ခြင်းသည် မိမိအတွက် အကျိုးပြုနိုင်သလိုမိမိပတ်ဝန်းကျင်အတွက်လည်း သုံးတတ်သွားကြမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးငယ်များငယ်စဉ်အရွယ်မှစ၍ မိဘများကအားပေးကြရန်၊ ထို့နောက် ဖတ်သည့်စာများကိုဆွေးနွေးသည့် အလေ့အကျင့်လုပ်ပေးရန်၊ ဖတ်ထားသည့် စာကိုသုံးသပ်နိုင်ရေး၊ ဆွေးနွေးတတ်ရေး၊ တစ်ဦးနှင့်တစ်ဦး အမြင်မတူသည်ကို ယဉ်ယဉ်ကျေးကျေးနှင့် ဆွေးနွေးနိုင်အောင် လမ်းညွှန်ပေးခဲ့သည်။

စာဖတ်ခြင်းသည် အကျိုးကျေးဇူးများလှသည်။ စာအုပ်စာပေတို့ကို ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲ ဖတ်ရှုခြင်းကြောင့် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းခဲ့သည်ကို လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက မျိုးချစ်လူငယ်များစာအုပ်စာပေတို့ကို သဲသဲမဲမဲ ဖတ်ရှုခြင်းမှ ရရှိလာသော အကျိုးရလဒ်သည် အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် တွန်းအားများ ဖြစ်စေခဲ့သည်။

မြန်မာလူငယ်များသည် မိမိနိုင်ငံနှင့် သင့်လျော်မည့် ဝါဒလမ်းစဉ်ကို စာအုပ်ထဲတွင် အပတ်တကုတ်ရှာဖွေကြသည်။ ရရာနိုင်ငံရေးစာအုပ်များကိုဖတ်ကြသည်။ ထိုခေတ်ကစာအုပ်များမှာ ရှားပါးလှသဖြင့် ခက်ခက်ခဲခဲရှာဖွေရသည်။ တစ်အုပ်ကောင်းရလျှင် တစ်လက်မှတစ်လက် ပြောင်း၍ ဖတ်ရှုရသည်။ စာအုပ်ဆိုလျှင် ဆာလောင်မွတ်သိပ်စွာဖတ်ရှုကြသည်။ စာအုပ်ကောင်းတစ်အုပ်ရှိသည်ကြားလျှင် မရမကလိုက်လံရှာဖွေငှားရမ်းကြသည်။ ထမင်းအငတ်ခံကာစာဖတ်ကြသည်ဟု ဒို့ဗမာအစည်းအရုံးဝင် သခင်ကျော်စိန်၏ ပြောကြားချက်ကိုမှတ်သားဖူးသည်။

သို့ဖြစ်ရာ စာအုပ်စာပေ၏တန်ဖိုးမှာ ကြီးမားသည်။ နိုင်ငံလွတ်လပ်ရေးအတွက် မိမိတို့၏အသိအမြင် ကြွယ်ဝရေး၊ အကြားအမြင် ဗဟုသုတများရေး၊ စာအုပ်မှရရှိသောအသိအမြင်များဖြင့် ပိုမိုတိုးတက်သောအတွေးအမြင်များရရှိရေးစွမ်းဆောင်ပေးနိုင်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း လူငယ်လူရွယ်များအနေဖြင့် စာဖတ်ခြင်းဖြင့် အသိအမြင်ဗဟုသုတများ တိုးပွားကာ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။


(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။


(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းအသစ် သုံးမျိုး ရောင်းချပေးသွားမည်







**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းအသစ် သုံးမျိုးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**စာတတ်သူတိုင်း စာဖတ်နိုင်ရေး စာအုပ်စာစောင်များ ငှားရမ်း**

**ကော့မှူး ဒီဇင်ဘာ ၂၈။** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲမှစတင်၍ စာတတ်သူတိုင်း စာဖတ်နိုင်ရေးအတွက် စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအား ဉာဏ်ရည် ဉာဏ်သွေးထက်မြက်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ စာငှားကတ်တစ်ခုလျှင် နှစ်အုပ်နှုန်းဖြင့် သွားရောက်ငှားရမ်းဆောင်ရွက်ရာ ကျောင်းသားကျောင်းသူများ လာရောက်ငှားရမ်းခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၁၀၄၀၀၀၀ - ၁၀၄၀၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၀၀၀၀ - ၁၀၄၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၅ ကျပ် | ၉၀၅/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၈၁၀ ကျပ် | ၈၄၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၄၀ ကျပ် | ၇၆၀/၇၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၅/၉၁၅ ကျပ် | ၉၂၀/၉၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၀/၈၀၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၂၀/၆၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၅၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၃.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၆၅၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၃၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၂၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၇.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၈.၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၁.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၀.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်





ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**✻ ရှေ့ဖုံးမှ**

အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက်ရှိပြီ ဖြစ်ပါကြောင်း၊ ယခုညီလာခံကို တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် နေသည့် ဆေးပညာရပ်ဆိုင်ရာ ပေပုရပိုက်နှင့် ဆေးကျမ်းများကို ပြန်လည်ဖော်ထုတ်စုစည်းနိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်မပျက် ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းဆေးသမားတော်ကြီးများကို နှစ်စဉ်စုစည်းတွေ့ဆုံကာ တိုင်းရင်းဆေးပညာများ နှီးနှောဖလှယ်ကြသည့် အစဉ်အလာကောင်းများသည် ယနေ့အထိ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါကြောင်း။

## ပြန်လည်ရေးဆွဲ

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့အပြင် ကျေးလက်ဒေသအဆင့်အထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါ အတွက် Intellectual Property Right ( IPR ) ဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့သည့် အစွမ်းအာနိသင်ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန်လည်း မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီလာခံကြီးတွင် ညီညီညွတ်ညွတ်နှင့် လက်တွဲပူးပေါင်းပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များဖြစ်သည့် "ပြည်တွင်းတွင်ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေး




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကျင်းပခြင်းဖြစ်ပါကြောင်း။

## ခိုင်ခိုင်မာမာရပ်တည်

မြန်မာ့တိုင်းရင်းဆေးပညာရပ်များသည် သမိုင်းအထောက်အထားများအရ မြန်မာနိုင်ငံ၏ သမိုင်းအစဟုဆိုရမည့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြို့ပြနိုင်ငံများ၏ ခေတ်ကာလများကတည်းက ရှိခဲ့သည်ကို တွေ့ရပါကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိကြီးများနှင့် ကျမ်းပြုသုတေသီ ရဟန်းပညာရှင်များ၏ ပြုစုပျိုးထောင်ပေးခဲ့မှု အကျိုးကျေးဇူးများကြောင့် ယနေ့ထက်တိုင် တစ်မျိုးသားလုံး ဂုဏ်ယူလေးစား အားထားရသည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်းဖြစ်ပါကြောင်း။

## ဝိုင်းဝန်းကြိုးစားဆောင်ရွက်

ယခုကဲ့သို့ ကောင်းမြတ်သည့်ဂုဏ်များနှင့် ပြည့်စုံသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း၊ ခေတ်အဆက်ဆက်တွင် အစွမ်းထက်သည့် ရိုးရာဆေးပညာရပ်တစ်ခုအဖြစ်နှင့်သော်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရင်း အစွမ်းထက်တိုင်းရင်းဆေးဝါးများ ဖြစ်ပေါ်လာစေရန်နှင့် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်မြင်စေရန်အတွက် နိုင်ငံတော်အစိုးရကလည်း အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း နယ်မြေဒေသအသီးသီးတွင် ပျံ့နှံ့ရောက်ရှိနေသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဒေသအလိုက်၊ သမားစဉ်အလိုက်၊ အသင်းအဖွဲ့အလိုက် ပြန့်ကျဲတည်ရှိနေသည့် ဆေးပညာရပ်အသွယ်သွယ်၊ ကုထုံးကုနည်းအမျိုးမျိုး၊ အစွမ်းထက်သည့်ဆေးဝါးအဖုံဖုံများနှင့် တိမ်မြုပ်ပျောက်ကွယ် ဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်း စသည့် မူဝါဒများကိုလည်း လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၀၁ ခုနှစ်ကစပြီး တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ကာ အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားပေးလျက်ရှိသည့် သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲခြင်း၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့များနှင့် ပူးပေါင်းကာ မြန်မာတိုင်းရင်းဆေးကဏ္ဍတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

## တိုးမြှင့်လုပ်ဆောင်

တိုင်းရင်းဆေးပညာကုသမှုစနစ်များ၊ သုတေသနဆိုင်ရာများနှင့် တိုင်းရင်းဆေးပညာများဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းပါဝင်ပြီး ASEAN Task Force on Traditional Medicine (AT FTM) ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ BIMSTEC နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းဆေးအဖွဲ့တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် မှတ်ပုံတင်ရေးလုပ်ထုံးလုပ်နည်းများကိုလည်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်းပါဝင်ကာ ASEAN Traditional Medicine Health Suppliment Product Working Group ( TMHS PWG ) အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားစသည့် နိုင်ငံများနှင့်လည်း တိုင်းရင်းဆေးနှင့် နှီးနွှယ်သောကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နယကြီး( ၄ )ပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အသိဉာဏ်မူပိုင်ခွင့်ကိစ္စများ ပိုမိုပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်၊ တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု၊ သမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်" ဆိုသည့်အချက်များကို ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဦးဆောင်၍ အခမ်းအနား အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ၊ စာပြန်သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ပူဇော်ချီးမြှောက်**

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဂ္ဂဇက်ရည်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ချီးမြှင့်တော်မူသော ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာ မြွက်ကြားရာတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ၁၃၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့သော စာမေးပွဲကြီးဖြစ်သည့်အပြင် မြန်မာပြည်တွင် ကျင်းပလျက်ရှိသော စာမေးပွဲများအနက် ရက်အရှည်ကြာဆုံး၊ အခက်ခဲဆုံးသော စာမေးပွဲကြီးဖြစ်သကဲ့သို့ မြန်မာမှာသာမက ကမ္ဘာကပင် အံ့ဩရလောက်အောင် အမြင့်မားဆုံးစာမေးပွဲဖြစ်သည်ကို အရှင်မြတ်တို့ သိရှိကြပြီးဖြစ်ပါကြောင်း၊ အရှင်မြတ်တို့သည် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ဓမ္မာနုဂ္ဂဟ ဓမ္မပူဇာဖြင့် သဒ္ဓါဗလဝ ပူဇော်ချီးမြှောက်ကြ၍ အခက်ခဲအနက်နဲဆုံးသော စာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုခွင့်ရတော်မူကြသောကြောင့် ပုညဝန္တ ခေါ် ဘုန်းကံပါရမီထူး ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ကောင်းစွာထင်ရှားလှပါကြောင်း။

အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကို နေဝါလဝန်း ထွန်းလင်းသည့်အရောင် တောက်ပြောင်သည်ထက်တောက်ပြောင်အောင် ဆောင်ရွက်ရေးအတွက် ထူးကဲသော ဆန္ဒ၊ ပြင်းပြသော ဝီရိယ၊ ထက်သန်သော စိတ္တ၊ တောက်ပသော ပညာလေးဖြာသော အဓိပတိတို့ အပြည့်အဝ ကိုယ်စီကိုယ်င ထားရှိကြကုန်လျက် ဤတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ရေးဖြေကြသည်ကို ဖူးမြင်ကြုံတွေ့ရသဖြင့် အနာဂတ်သာသနာရေးအတွက် အားတက်ဝမ်းသာပီတိသောမနဿ အဖြာဖြာဖြစ်ရပါကြောင်း။

**သင်ကြားလေ့လာ**

စာပြန် စာဖြေအရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာတော်များအနက်မှ ထူးကဲစွာ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်တို့ကို သင်၊ အံ၊ ကြုံ၊ ကြည့်လျက် ကြိုးစားအားထုတ်မှုဖြင့် ပရိယတ္တိသာသနာတော်အကျိုးကို ဆောင်ရွက်ခွင့်ရကြသည့် ဘုန်းကံပါရမီထူးသော အရှင်မြတ်တို့ဖြစ်ကြသည်မှာ ငြင်းဖွယ်ရာမရှိ ဖြစ်ပါကြောင်း၊ ပညာရည်မွန် ကံထူးချွန်သော ပုဂ္ဂိုလ်များပီပီ ပိဋကတ်တော်များကို ကျက်၊ အံ၊ ကြုံ၊ ကြည့် ပရိယတ္တိအလုပ်ကို အားထုတ်ရာ၌လည်း စာသင်နည်း သုံးနည်းရှိသည့်အနက် မိမိတို့ရယူနိုင်သော အလဂဒ္ဒူပမစာသင်နည်း၊ နိဿရဏတ္ထ စာသင်နည်းနှစ်မျိုးတို့တွင် မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူအပ်သော သီလအကြောင်း ဟောတော်မူသည့် ပိဋကတ်ကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော်လာ သီလတရားတော်များသည် ငါ၏သန္တာန်၌ ဖြစ်စေရမည်၊ သမာဓိအကြောင်း ဟောကြားတော်မူသည့် ပိဋကတ်များကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော်လာ သမာဓိတရားများသည် ငါ၏သန္တာန်မှာ ဖြစ်စေရမည်၊ ပညာအကြောင်း ဟောတော်မူသည့် ပိဋကတ်ကို သင်အံလေ့လာရပါလျှင် ထိုပိဋကတ်တော် ပညာတရားများသည် ငါ၏သန္တာန်မှာ ဖြစ်စေရမည်ဟူသော နှလုံးသွင်းဖြင့် သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း နိဿရဏတ္ထစာသင်နည်းမျိုးဖြင့် သင်ကြားလေ့လာဆည်းပူးတော်မူကြကာ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် သာသနာတော် ဦးဆောင်ရှေ့သွား ပုဗ္ဗင်္ဂမပုဂ္ဂိုလ်များ ဧကန်စင်စစ်ဖြစ်တည်တော်မူကြစေသတည်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့နိုင်ပါစေသတည်းဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ဗုဒ္ဓဘုရားရှင် ၄၅ ဝါကာလပတ်လုံး ဟောကြားထားရှိတော်မူခဲ့သော တရားတော်များသည် ဘုရားရှင်မဟာပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူပြီးနောက်တွင် ဘုရားရှင်၏ ကိုယ်စားတော်အဖြစ် ကြွင်းကျန်တည်ရှိခဲ့ပြီး ထိုတရားတော်တို့သည်ပင် ပရိယတ္တိ သာသနာတော်အဖြစ် အရင်းမူလတည်ရှိနေပါကြောင်း၊ မြတ်စွာဘုရားရှင် ထားရှိတော်မူခဲ့သည့် ပရိယတ္တိသာသနာတော်ကြီးကို ပထမသံဃာယနာတင် ရဟန္တာအရှင်မြတ်ကြီးများမှစ၍ နှုတ်ငုံဆောင်တော်မူခဲ့ကြပြီး အစဉ်အဆက် သင်ကြားပို့ချတော်မူကြလျက် လက်ဆင့်ကမ်း သယ်ဆောင်တော်မူခဲ့ကြပါကြောင်း။

**ရာသက်ပန်ဆက်ကပ်လှူဒါန်း**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းခဲ့၍ လွတ်လပ်ရေး၏ ဖွားဖက်တော်သဖွယ် မှတ်ယူနိုင်ခဲ့သော စာမေးပွဲကြီးဖြစ်ပြီး ဆဋ္ဌသံဃာယနာတင်ပွဲကြီး၏ ရှေ့ပြေးနိမိတ် အရုဏ်ဦးအလင်းရောင်ဖြစ်ခဲ့ပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက ကြီးမှူး၍ အတည်တကျ ဆက်လက်ကျင်းပနိုင်ရေးအတွက် ၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအစိုးရက တိပိဋကဓရ ရွေးချယ်ရေးအက်ဥပဒေ(ဥပဒေအမှတ်-၂၈)ကို ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ၁၉၆၅ ခုနှစ်တွင် အခြားအခြားသော ဥပဒေတချို့ ဖျက်သိမ်းရာတွင် ပါဝင်ခဲ့သော်လည်း တိပိဋကဓရ ရွေးချယ်ရေးအက်ဥပဒေမှာမူ ပါဝင်ခြင်းမရှိဘဲ ထိုအက်ဥပဒေကို ပြဋ္ဌာန်းချက်ယူလျက် ယခင်သာသနာရေးဝန်ကြီးဌာနက ကြီးမှူး၍ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ဆက်လက်ကျင်းပနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်၍ ပေါ်ပေါက်လာသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားရန် ရည်သန်လျက် ဆွမ်းဆန်တော်များ၊ ကုန်း၊ ရေ၊ လေ အခမဲ့ခရီးသွားလက်မှတ်များကို ရာသက်ပန် ဆက်ကပ်လှူဒါန်းလျက်ရှိပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒအောင်မြင်ပြီး၍ ငါးနှစ်ပြည့်သောအခါ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည့်အပြင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်လှူဒါန်းလျက်ရှိပါကြောင်း။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များသည် ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြပြီး ၂၀၁၉ ခုနှစ် မေလတွင် ကျင်းပမည့် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကြီးသို့ တက်ရောက်၍ အောင်လက်မှတ် ဘွဲ့တံဆိပ်တော်များကို ခံယူနိုင်သည့် သာသနာ့အာဇာနည်များ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေနှင့်အလှူပစ္စည်း စုစုပေါင်း ကျပ် ၃၃၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ ကြီးကြပ်၍ စာဖြေသံဃာတော်များ ပိဋကသုံးပုံ အာဂုံပြန်ဆိုနေသည်ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီးက ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဗုဒ္ဓသာသနာဝင် သမိုင်းတစ်လျှောက် သင်္ဂါယနာ ၆ တန်တင်ခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ နှစ်ကြိမ်တိုင် ဆင်နွှဲခွင့်ရခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာတင်သည့်အခါ ပိဋကသုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည် အရှင်မြတ်များရရှိရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှာပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ပထမအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်၍ ဤ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကျင်းပသည့် သက်တမ်းနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးသက်တမ်းတို့သည် အကြိမ်အရေအတွက် အတူတူဖြစ်ကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး (၆)ကြိမ်မြောက် ၁၉၅၄ ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး စတင်ကျင်းပသည့်နှစ်ဖြစ်၍ ထိုနှစ်တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်သည် တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီး အာဂုံပြန် ရေးဖြေ နှစ်မျိုးစလုံး၌ ဂုဏ်ထူးဖြင့် အောင်မြင်ပြီး မဟာတိပိဋကဓရ မဟာတိပိဋကကောဝိဒ တစ်ပါး စတင်ပေါ်ထွန်းခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီးတွင် မန္တလေးမြို့ ညောင်ရမ်းဆရာတော်ကြီးက သံဃာ့ဦးသျှောင် မထေရ်ကြီးအဖြစ် ဆောင်ရွက်တော်မူပြီး မဟာစည်ဆရာတော် အရှင်သောဘနက အမေးပုစ္ဆက ဆရာတော်အဖြစ်လည်းကောင်း၊ အရှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်က တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဖြေဝိဿဇ္ဇက ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူကြလျက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးအောင်မြင်ခဲ့သည်။

**ဖူးမြော်ကြည်ညိုနိုင်**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ စတင်ကျင်းပခဲ့သည်မှစ၍ တစ်ကြိမ်မျှ ပျက်ကွက်မှုမရှိခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ (၇၁)ကြိမ်မြောက် ကျင်းပပြုလုပ်နိုင်ခြင်းဖြစ်သည်။ စာမေးပွဲကြီးတွင် အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်မျိုးခွဲခြားဖြေဆိုရပြီး ပိဋကသုံးပုံလုံး စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို ပြီးမြောက်အောင် အာဂုံပြန်ဆိုခြင်းပြုနိုင်ပါမှ တိပိဋကဓရဘွဲ့နှင့် သဘောရေးဖြေအောင်မြင်ပါမှ တိပိဋကကောဝိဒ ဘွဲ့ကို ဆက်ကပ်ခံရမည်ဖြစ်သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲလောကတွင် အဆင့်အမြင့်ဆုံး စာမေးပွဲကြီးဖြစ်၍ စာမေးပွဲကြီး ပထမအကြိမ်မှ အကြိမ် ၇၀ အထိ ပထမဆုံးအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရှိရသည်။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ယနေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး စာမေးပွဲတွင် အဘိဓမ္မာ(နောက်ပိုင်း)တစ်ပါး၊ အဘိဓမ္မာ(ရှေ့ပိုင်း) တစ်ပါး၊ ဒီဃနိကာယ် ၃ ကျမ်း ၁၀ ပါး၊ ဝိနည်း(ဒုတိယပိုင်း) ၃ ကျမ်း ၉၃ ပါး၊ ဝိနည်း (ပထမပိုင်း) ၂ ကျမ်း ၁၁၅ ပါး စုစုပေါင်း သံဃာအပါး ၂၂၀ အာဂုံပြန်ဆိုကြမည် ဖြစ်ရာ အများပြည်သူ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




မြန်မာ့စောင်းပညာ

ဓာတ်ပုံ - ကြည်မျိုးသက်

"ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီလမ်းမပေါ်မှာ ခြေချခါစ အခြေအနေအချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစ ကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရားဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်"

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့်
အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဦးဆောင်၍ ဆက်လက်ကျင်းပသည်။



အဆိုပါ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့တို့မှ ပညာရှင်များနှင့် တိုင်ပင်၍ အစီအစဉ်များချမှတ်ကာ အစွမ်းကုန်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ တိုင်းရင်းဆေးပညာလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့် အရည်အသွေးကောင်းမွန်ရေးသည် အရေးကြီးသဖြင့် တိုင်းရင်းဆေးတက္ကသိုလ် တိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ သင်ကြားမှုနည်းစနစ်နှင့် သင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်ရေး၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်စွာရရှိရေး၊ သင်ကြားသည့် ဆရာများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ရာထူးအခွင့်အလမ်းတိုးတက်ရေး၊ ဆေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်း၍ သုတေသနဌာနစိတ် အမြန်ဆုံးတည်ထောင်နိုင်ရေး၊ ညီလာခံများနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရေးအစရှိသည့် ကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုညီလာခံတွင် ဆွေးနွေးမည့် အဆိုပြုချက်များမှာ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်၊ တိုင်းရင်းဆေးများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဆေးပညာဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သမားတု-သမားယောင်များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

ထို့အပြင် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ တိုင်းရင်းဆေးပညာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ သုတေသနလုပ်ငန်းများအပါအဝင် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသူများအနေဖြင့် မိမိတို့ထုတ်လုပ်ထားသောဆေးများ၏ အာနိသင် အစွမ်းထက်မှု၊ အကျိုးရှိမှုနှင့် ဘေးထွက်ဆိုးကျိုးအစရှိသည်တို့ကို ဆေးသုတေသနဦးစီးဌာန၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုကိုရယူ၍ သုတေသနများဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ယခုညီလာခံနှင့် ယခင်သုံးနှစ်တာအတွင်းကျင်းပခဲ့သည့် ညီလာခံများမှ အဆိုပြုချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်၍ ဦးစားပေးအစီအစဉ်များချမှတ်ကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒများအနက် "မြန်မာ့တိုင်းရင်းဆေးပညာဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်"ဟု ပါရှိသည့်အတိုင်း အားလုံးပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

### ကျောဖုံးမှ

မကွေး၊ Southern၊ ရခိုင်၊ စစ်ကိုင်း၊ ဧရာဝတီ၊ Chinland နှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ရတနာပုံအသင်းသည် ရာသီအစတွင် အိမ်ကွင်းပွဲများဆက်တိုက်ကစားရမည်ဖြစ်သော်လည်း အသင်းကြီးများနှင့် ဆက်တိုက်ကစားရမည်ဖြစ်ပြီး ဧရာဝတီပြီးပါက ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ဟံသာဝတီတို့နှင့် တွေ့ဆုံမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ပထမအကျော့တွင် ဧရာဝတီ၊ ရှမ်းယူနိုက်တက်တို့ကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းဖြစ်သည့် တောင်ကြီးမြို့မှ ပြည်နယ်ကွင်းကို ပြင်ဆင်နေသောကြောင့် ပထမအကျော့တွင် အိမ်ကွင်းလက်ခံကစားမည်မဟုတ်ဘဲ ဒုတိယအကျော့မှသာ လက်ခံကစားမည်ဖြစ်သည်။

**ဗိုလ်စွဲထား**

ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက်မှ မေ ၁၂ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ MNL ပြိုင်ပွဲကို ၁၀ ရာသီမြောက် ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်နှင့် ဟံသာဝတီ၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် ရှမ်းယူနိုက်တက်၊ ဇန်နဝါရီ ၁၃ ရက်တွင် ဗထူးကွင်း၌ ရတနာပုံနှင့် ဧရာဝတီ၊ မော်လမြိုင်ကွင်း၌ Southern နှင့် Chinland၊ သုဝဏ္ဏကွင်း၌ ဒဂုံနှင့် ဇွဲကပင်၊ ဇန်နဝါရီ ၁၅ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**

---

### ❖ ရှမ်းယူနိုက်တက်မှ

မေကွန်က ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူပြီး ကျန်တစ်ဂိုးမှာ ဇွဲကပင်ကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး စစ်မုန်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး နာကာမူရာနှင့် ဇင်မင်းထွန်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲသုံးပွဲကစားခဲ့ပြီး ယခုပွဲမတိုင်မီက ကစားခဲ့သည့်ခြေစမ်းပွဲများတွင် ဒဂုံနှင့် ဧရာဝတီကို နှစ်ပွဲစလုံး နှစ်ဂိုးစီသရေကျခဲ့သည်။ ဇွဲကပင်အသင်းမှာလည်း ယခုခြေစမ်းပွဲမတိုင်မီ ဧရာဝတီ၊ မကွေး၊ တက္ကသိုလ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

## ခွာညိုပန်းနှင့် မြင်းခင်းပွဲအထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် ပြာသိုလအတွက် ခွာညိုပန်းနှင့် မြင်းခင်းပွဲအထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွတ်လပ်ရေးအကြို "သပြေညို" ကဗျာ

■ မြင့်ဆွေဦး

ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၃ ခုနှစ်တွင် ဘီအေအောင်ပြီးနောက် အရှေ့တိုင်းစာပေဌာနတွင် အချိန်ပိုင်းနည်းပြ ဝင်လုပ်လေသည်။ ထိုအချိန်တွင် ကျောင်းသားကျောင်းသူများမှာ နိုင်ငံရေးတွင် အတော်နိုးနိုးကြားကြားရှိနေကြပြီ ဖြစ်သည်။ ဤလူငယ်များသည် နိုင်ငံလွတ်လပ်ရေးအတွက် လုပ်ဆောင်မည့်သူများ ဖြစ်သည်ဟု ဆရာကြီးမင်းသုဝဏ်က ယုံကြည်လာလေသည်။ သူတို့၏ လွတ်လပ်ရေးအတွက် စိတ်ထက်သန်ပုံကို ဟောပြောပွဲများ၌ လည်းကောင်း၊ ဆောင်းပါးဝတ္ထုများ၌ လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးများ၌ လည်းကောင်း အထင်အရှားတွေ့နေရလေသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားအောင်ပွဲနေ့တွင် ကောလိပ်ကျောင်းများကို ပိတ်မပေးပါ။ သို့သော်လည်း ထိုနေ့တွင် ကျောင်းသား ကျောင်းသူအများစုသည် အတန်းမတက်ဘဲ အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ သွားကြပါသည်။ ဗြိတိသျှကျေးတော်မျိုးကျွန်တော်မျိုးဘဝတွင် တစ်ဦးကောင်း နှစ်ဦးကောင်းမဟုတ်။ အစုလိုက် အအုပ်လိုက် ဤသို့ လုပ်ရသည်မှာ လွယ်ကူလှသည် မဟုတ်ပေ။

## မင်္ဂလာခွန်းဆက်

အိုးဝေတဲ့ ညံ့ညံ့
ရွှေဒေါင်းပျို တောင်ညိုဦးမှာ
ကျူးရင့်အောင်လံ။
အောင်ပွဲရယ်ခံ
နိုင်ငံတဲ့သာရေး။
မင်္ဂလာစည်တော် ရွှမ်းချိန်မို့
ခွန်းချိုဆက်တေး။

### မင်္ဂလာခွန်းဆက်

၁၉၃၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျရောက်သော အမျိုးသားနေ့၌ကား ကောလိပ်ကျောင်းများအားလုံးကို ပိတ်ပေးသည်။ ဆရာကြီးမင်းသုဝဏ်တို့သည် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်စောင်းတန်းသို့သွား၍ အမျိုးသားအောင်ပွဲနေ့ကိုတက်ရောက်ပြီး အမျိုးသားအောင်လံကို အလေးပြုကြပါသည်။ ထိုနေ့တွင် ကျောင်းသား ကျောင်းသူများကို နှုတ်ခွန်းဆက်လွှာလေးများ ပေးပို့ကမ်းလှမ်းကြလေသည်။ ထိုနှုတ်ခွန်းဆက်လွှာလေးများကို လူငယ်များကြီးပွားရေးအသင်းက ပုံနှိပ်ဖြန့်ဝေခြင်းဖြစ်သည်။ နှုတ်ခွန်းဆက်လွှာမှာ စာပို့ကတ်လေးဖြစ်ပြီး တစ်ဖက်တွင် ဒေါင်းအလံကို အမျိုးသမီးလေးတချို့က အရိုအသေပြုနေပုံပါရှိပါသည်။ အခြားတစ်ဖက်တွင် လေးဆစ်ကဗျာလေးကို ပုံနှိပ်ဖော်ပြထားသည်။ ထိုလေးဆစ်ကဗျာလေးကို ကြီးပွားရေး ဦးသိန်းက ရေးပေးရန် ပြောသဖြင့် ဆရာကြီးမင်းသုဝဏ်က ရေးပေးခဲ့ခြင်းဖြစ်သည်။ ထိုကဗျာလေးမှာ 'မင်္ဂလာခွန်းဆက်



ဖြစ်သည်။

တောင်ညိုဦးဆိုသည်မှာ သိင်္ဂုတ္တရတောင်ကို ဆိုလိုပါသည်။ ရွှေတိဂုံဘုရား အနောက်ဘက်တောင်စောင်းမှာ ရှေးအခါက ဂေါ်ရာစစ်တပ်များထားရှိရာ ဂေါ်ရာကုန်းတစ်စိတ်တစ်ဒေသဖြစ်သည်။ နောင်သော် နိုင်ငံရေးဆူပူမှုကြောင့် စစ်တပ်များပြောင်းသွားရသည်။ အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဤကွက်လပ်တွင် ကျင်းပလေ့ရှိသည်။ ကျောင်းသား ကျောင်းသူများစုဝေး၍ အလံတော်အလေးပြုသည်ကို ကုန်းတော်ထက်မှ ကြည့်ရသည်မှာ အလွန်အားရစရာကောင်းသည်ဟု ဆိုသည်။

ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၆ ခုနှစ် စက်တင်ဘာလတွင် ပညာသင်ဆုရ၍ အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ်တွင် သက္ကတ၊ ပါဠိ၊ တိဗက်၊အထွေထွေဘာသာရပ်များကို သင်ယူရလေသည်။

### နှင်းကျရေ ခဲလောက်အောင်

အင်္ဂလန်ပြည် ချက်စတာမြို့အနီးတွင် ဗက္ကဖို့ရွာရှိလေသည်။ ထိုရွာမှ သင်းအုပ်ဆရာ ရယ်ဗရင် အေးအိတ်ချ ဗလင်ကိုးသည် ဆရာမင်းသုဝဏ်၏ ဆရာဟောင်းတစ်ဦးဖြစ်သည်။ ရန်ကုန်မြို့ ဆရာမှတ်ကျောင်းတွင် ဆရာမင်းသုဝဏ်နေစဉ်က ဘုန်းကြီးဗလင်ကိုးမှာ ကျောင်းအုပ်ဆရာကြီးဖြစ်သည်။ အောက်စဖို့ဒ်တက္ကသိုလ်သို့ ဆရာမင်းသုဝဏ် ရောက်သွားသောအခါ ဆရာကြီးက ဆုံးမဩဝါဒပေးလေသည်။ ထို့အပြင် နာတာလူးပွဲတော်ကျောင်းပိတ်ရက်သည် နှင်းကျရေ ခဲလောက်အောင် အေးသောရာသီဖြစ်၍ လည်ပတ်ရန်မသင့်ကြောင်း၊ စိန့်ဒိုင်းနီးယဲစာကြည့်တိုက်တွင် လာရောက်နေထိုင်ရင်း စာကြည့်နေသင့်ကြောင်း အကြံပေးပါသည်။ ထို့ကြောင့် ၁၉၃၆ ခုနှစ် နာတာလူးပွဲအခါက စိန့်ဒိုင်းနီးယဲတွင် ဆရာမင်းသုဝဏ်သည် သွားရောက်စာကြည့်နေခဲ့သည်။

၁၉၃၇ ခုနှစ် နာတာလူးပွဲတော်ရောက်ပြန်သောအခါလည်း စိန့်ဒိုင်းနီးယဲသို့ပင်သွား၍ စာကြည့်လေသည်။ သည်တစ်ခေါက်တွင်မူ ဆရာမင်းသုဝဏ်တစ်ဦးတည်း မဟုတ်ပါ။ ကွယ်လွန်သူ ဦးအုန်းမောင်(အာဇာနည်) လည်း ပါလာသည်။

### တစ်စိတ်တည်း တစ်ဝမ်းတည်း

၁၃၀၀ ပြည့်နှစ် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတို့၏ ဂယက်သည် ဆရာမင်းသုဝဏ်အပေါ် ရိုက်ခတ်လျက်ရှိလေသည်။ ခရစ္စမတ်ပွဲပြီး၍ ၁၉၃၈ ခုနှစ်သို့အကူး ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆရာမင်းသုဝဏ်သည် 'သပြေညို' ကဗျာကိုရေး၍ မြန်မာနိုင်ငံရှိ မဂ္ဂဇင်းတစ်စောင်သို့ ပို့လိုက်လေသည်။ ထို'သပြေညို' ကဗျာမှာ အိုးဝေမဂ္ဂဇင်း အတွဲ ၇ အမှတ် ၁ (၁၉၃၈ ခုနှစ်)တွင် ပါလာလေသည်။

## သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြည်မှာ တို့မေကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေ။ ။

ဆရာမင်းသုဝဏ်က 'သပြေညို' ကဗျာကို ရေးမိခြင်းမှာ မြန်မာများ စည်းလုံးညီညွတ်နေသည်ကို သိမြင်ခဲ့ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ ကြိုးပမ်းလျက်ရှိသည်ဟု ယုံကြည်ခဲ့လေသည်။ သို့ဖြစ်လျှင် လွတ်လပ်ရေးရရမည်ဟု တထစ်ချအောက်မေ့ထားသောကြောင့် 'သပြေညို' ကဗျာကို ရေးခဲ့သည်ဟု ဆိုပါသည်။

ဆရာမင်းသုဝဏ်က 'သပြေညို' ကဗျာမှာ မင်္ဂလာခွန်းဆက်ကဗျာ၏ ပွဲတင်သံဖြစ်နေသည်။ မင်္ဂလာခွန်းဆက်ကဗျာ၏ နောက်ဆက်တွဲဟု ဆိုလျှင်လည်း ရကောင်းပါသည်ဟု ဆိုခဲ့လေသည်။

ထူးဆန်းသည်ဟု ဆိုရပေမည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် 'သပြေညို' ကဗျာရေးခဲ့ပြီးနောက် ဆယ်နှစ်တင်းတင်းပြည့်သော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့လေသည်။ ။

**ဆရာမင်းသုဝဏ်က "သပြေညို" ကဗျာမှာ မင်္ဂလာခွန်းဆက်ကဗျာ၏ ပွဲတင်သံဖြစ်နေသည်။ မင်္ဂလာခွန်းဆက်ကဗျာ၏ နောက်ဆက်တွဲဟု ဆိုလျှင်လည်း ရကောင်းပါသည်ဟု ဆိုခဲ့လေသည်။ ထူးဆန်းသည်ဟု ဆိုရပေမည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် "သပြေညို" ကဗျာရေးခဲ့ပြီးနောက် ဆယ်နှစ်တင်းတင်းပြည့်သော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့လေသည်။**

# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇၀) စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ်(၅)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၃) သင်တန်းများဆင်းပွဲအခမ်းအနားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၉ ဦးဖြင့် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားများတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က သင်တန်းထူးချွန်ဆုများနှင့် အောင်လက်မှတ်များပေးအပ်ခဲ့သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူနဲ့အတူ ပြည်သူပါဝင် မန္တလေးစည်ပင်

ကျော်ရင်မြင့်

သိပ်မကြာမြင့်သေးတဲ့ အချိန်ကာလအတွင်းမှာပင် မန္တလေးမြို့က လမ်းတွေ ကောင်းမွန်ချောမွေ့လာတာ၊ လမ်းမီးများ သိသာစွာလင်းလက်လာတာ၊ မြို့တော် သန့်ရှင်းတိုးတက်လာတာ၊ မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်လာတာ မန္တလေးမြို့ကို လာရောက်လည်ပတ်သူ၊ နေထိုင်သူများက အသိအမှတ်ပြုမိကြပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်ဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေကြတာ၊ ပြည်သူလူထုကပေးဆောင်ကြတဲ့ အခွန်အခများကို မြို့အတွက် အကျိုးများအောင်၊ အလေအလွင့်မရှိအောင် ဆောင်ရွက်ပေးနေကြတာကို မျက်မြင်လက်တွေ့မြင်တွေ့လာကြရတာကြောင့် မြို့တော်သူမြို့တော်သားများက သိရှိလက်ခံလာကြပါတယ်။

အကျိုးဆက်အနေနဲ့ မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြရာမှာ ပြည်သူလူထုကလည်း တတ်နိုင်တဲ့နေရာက အတူလက်တွဲပါဝင်လိုတဲ့ဆန္ဒရှိလာကြတယ်။ ဒါပေမယ့် ဘယ်ကစလို့ ဘယ်လိုပါရမယ်ဆိုတာတော့ မသိကြသေးပါဘူး။

မန္တလေးမြို့ရဲ့ တိုးတက်ပြောင်းလဲမှုတွေထဲမှာ မြို့လယ်လမ်းမများအားလုံး ညအချိန်မှာ လျှပ်စစ်မီးရောင် လင်းထိန်နေတာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက လမ်းမီးများတပ်ဆင်ရာမှာ လမ်းရဲ့အနေအထား၊ လမ်းအကျယ်ကို အခြေခံပြီး LED မီးလုံးတွေကို ဝပ်အား ဘယ်လောက်အသုံးပြုရမယ်၊ မီးတိုင်အမြင့် ဘယ်လောက်ရှိရမယ်၊ မီးလုံးများကို လမ်းဘေး တစ်ဖက်တစ်ချက်မှာ Single Arm မီးတိုင်စိုက်ပြီး ထွန်းတာက အဆင်ပြေသလား၊ လမ်းလယ်မှာ မီးတိုင်စိုက်ထူပြီး Double Arm မီးတိုင်စိုက်မှ အလင်းရောင်လုံလောက်မှာလား ဆိုတာတွေကို Streetlight Technology ခေါ်တဲ့ လမ်းမီးများ ထွန်းညှိပုံနည်းပညာနဲ့ ကျွမ်းကျင်သူက တွက်ချက်ဆောင်ရွက်ပါတယ်။ ဒီလိုတွက်ချက်ထွန်းညှိတဲ့အတွက် ညအချိန်မှာ အလင်းရောင်လုံလောက်စွာရတယ်။ လျှပ်စစ်ဓာတ်အား အစားနည်းတဲ့ LED မီးလုံးကို အသုံးပြုတဲ့အတွက် မီတာခ အကုန်အကျသက်သာတဲ့ အကျိုးလည်းရပါတယ်။

လမ်းမီးများ စိုက်ထူထွန်းညှိပေးတဲ့အတွက် ညအမှောင်မှာ အလင်းရောင်ကောင်းစွာရရှိပြီး ယာဉ်များသွားလာမှု အဆင်ပြေကာ ယာဉ်အန္တရာယ်လျော့ပါးခြင်း၊ ရာဇဝတ်မှုများ ကျဆင်းခြင်း၊ မိသားစုများ



ညအချိန်မှာ လုံခြုံစိတ်ချစွာ သွားလာနိုင်တာကြောင့် အပန်းဖြေ အပြင်ထွက်သွားလာ လည်ပတ်နိုင်ခြင်း စတဲ့ အကျိုးများ ရရှိကြပါတယ်။ ဒီလို အကျိုးများတာကို တွေ့မြင်သဘောကျနေသူတွေလည်း များပါတယ်။

မန္တလေးမြို့ မြို့တော်ဝန်ရဲ့ဇနီးက လမ်းမီးတွေ ထွန်းညှိပေးတာရဲ့အကျိုးကို မြင်တာကြောင့် လမ်းမီးလှူချင်တဲ့ ဆန္ဒဖြစ်လာတယ်။ မြို့တော်ဝန် ဒေါက်တာရဲလွင်၊ ဇနီး ဒေါက်တာလှမျိုးခင်၊ သား ဒေါက်တာနိုင်လွင် မိသားစုက မန္တလေးမြို့ ၃၅ လမ်း (၆၂လမ်းနှင့်၆၇ လမ်းအတွင်း) မှာ မီးလုံးနှစ်ဖက်ပါတဲ့ Double Arm မီးတိုင် ၂၄ တိုင်ကို ပေးလှူပါတယ်။ မြို့တော်ဝန်က သူ့ Facebook မှာ သူတို့မိသားစုရဲ့အလှူအကြောင်း ပို့စ်တင်လိုက်တဲ့အချိန်မှာ ဒေါက်တာကိုကိုအောင်၊ ဒေါက်တာ မိမိဇင်၊ သား ဒေါက်တာ ဆုမြင့်မြတ်အောင် မိသားစုက သူတို့လည်း လမ်းမီးလှူပါရစေလို့ ဆက်သွယ်ကမ်းလှမ်းပါတယ်။ မန္တလေးမြို့တော်ဝန်မိသားစုလှူထားတဲ့ ၃၅ လမ်းပေါ်မှာပဲ ၆၇ လမ်းကဆက်ပြီး ၇၃ လမ်းအထိ လှူဒါန်းပါတယ်။ လှူဒါန်းပြီး ထွန်းညှိလိုက်တဲ့လမ်းမီးတွေ စလင်းချိန်မှာ ကြည်နူးလွန်းလို့ဆိုပြီး ၇၃ လမ်းကနေ ၇၈ လမ်းအထိ နောက်ထပ် ငါးပြထပ်တိုးကာ လမ်းမီးတိုင်ပေါင်း ၆၀ (တန်ဖိုး ငွေကျပ် သိန်း ၆၀၀ ဖိုး)ကို ဒေါက်တာကိုကိုအောင်မိသားစုက ဆက်လှူဖြစ်သွားပါတယ်။

လမ်းမီးအလှူများကို လက်ခံကြောင်း သိရတဲ့အခါ လှူဒါန်းလိုသူတွေက ပါဝင်လှူဒါန်းလိုကြောင်း ဆက်သွယ်စုံစမ်းလာကြပါတယ်။ အချို့က မိမိအိမ်ရှေ့ကလမ်းအတွက် လှူဒါန်းလိုသလို အချို့က နေရာမရွေးချယ်ဘဲ မြို့တော်မီးလင်းရေးအတွက် အထောက်အကူအနေနဲ့ လှူဒါန်းလိုတဲ့သူတွေလည်း ရှိပါတယ်။ ဓာတ်မီးတိုင် လှူချင်တဲ့သူတွေ များစွာထပ်မံပေါ်ပေါက်လာတဲ့အတွက် လမ်းမီးတိုင်တစ်တိုင် ကုန်ကျစရိတ်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တွက်ချက်ရပါတယ်။ တွက်ချက်တဲ့အခါ အလှူရှင်လည်း သက်သာအောင်၊ စာရင်းလည်း မရှုပ်အောင် လိုအပ်တဲ့ မီးတိုင်၊ မီးသီး၊ concrete footing ဖိုးနဲ့ (ပြင်ပက ငှားရမ်းရတဲ့) မြေကျင်းတူးခတွေသာ တွက်ချက်ယူပြီး မီးတိုင်များကို ပြည်ပကတင်သွင်းတဲ့ ကုမ္ပဏီက တိုက်ရိုက်ဝယ်ပေးဖို့ ဆက်သွယ်စီစဉ်ပေးလိုက်တဲ့အတွက် မီးသီးနှစ်ခုပါတဲ့ လမ်းလယ်မီးတိုင် Double Arm တစ်တိုင်ကို ငွေကျပ် ၁၀ သိန်းသတ်မှတ်ပြီး မီးသီးတစ်လုံးတည်းပါတဲ့ Single Arm လမ်းဘေးမီးတိုင်တစ်တိုင်ကို ငွေကျပ် ခုနစ်သိန်းခွဲသာ တွက်ချက်သတ်မှတ်လိုက်ပါတယ်။ အခြားအခြေခံလိုအပ်တဲ့ မီးကြိုး၊ လမ်းလယ်ကျွန်းငယ်နဲ့ breaker၊ timer စတဲ့ ကုန်ကျစရိတ်များကို မြို့တော်စည်ပင်ဘတ်ဂျက်ကို အသုံးပြုလုပ်ဆောင်သွားဖို့ ဆုံးဖြတ်ပါတယ်။ မူလကရှိနှင့်ပြီး မီးတိုင်၊ မီးလုံးအဟောင်းများကို လမ်းသွယ်များမှာ ရွှေ့ပြောင်းအသုံးပြုပေးသွားတဲ့အတွက် လမ်းမီးအလှူရှင်တွေအနေနဲ့ ကုသိုလ်နှစ်နေရာ ရကြပါတယ်။ အလှူရှင်များပေးလှူတဲ့ မီးတိုင်တိုင်းမှာ ကမ္ပည်းစာကို စတီးပြားနဲ့ရေးထိုးပြီး မီးတိုင်မှာ ကပ်ပေးထားတယ်။ အလှူရှင်က မိမိကုသိုလ်အတွက် အစဉ်သဖြင့် ပီတိပွားနိုင်ကြပါတယ်။

မြို့တော်ဖွံ့ဖြိုးဖို့ ပြည်သူလူထုက ပူးပေါင်းပါဝင်တဲ့ လမ်းမီးတိုင်အလှူကို လက်ခံလိုက်တဲ့ တစ်လတာခန့်ကာလအတွင်း ၂၉-၁၂-၂၀၁၈ ရက်အထိ Double Arm မီးတိုင် ၂၄၃ တိုင်၊ Single Arm မီးတိုင် ၁၁၂ တိုင်၊ တန်ဖိုးစုစုပေါင်း ငွေကျပ် သိန်း ၃၇၂၀ ကို ပြည်သူလူထုက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ အတူလက်တွဲ လှူဒါန်းကြပြီးဖြစ်ပါတယ်။

အလှူရှင်တွေက အားတက်သရော ပါဝင်လှူဒါန်းနေသလို မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းတွေကလည်း မီးတိုင်တွေ လျင်လျင်မြန်မြန် စိုက်ထူပြီးစီးအောင် အဖွဲ့ခွဲဖွဲ့ခွဲပြီး နေ့ရောညပါ အင်တိုက်အားတိုက် စိုက်ထူပေးနေကြပါတယ်။ ညဉ့်နက်သန်းခေါင်အထိ နေ့ညမရွေး မီးတိုင်တွေ စိုက်ထူလုပ်ကိုင်နေတာကို မြို့နေလူထုက အမြဲတွေ့မြင်နေကြရပါတယ်။ အလှူရှင်တွေကလည်း သူတို့အလှူက ချက်ချင်းအကောင်အထည်ပေါ်တဲ့အတွက် ကျေနပ်ပါတယ်။ ပြောင်းလဲချိန်မှာ ဝန်ထမ်းများရဲ့အပြောင်းအလဲကိုလည်း အသိအမှတ်ပြုကြပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လမ်းတွေခင်းတာ၊ လမ်းမပေါ်မှာ လမ်းမီးတိုင်တွေ စိုက်ထူထွန်းညှိတာအပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သမျှတွေက ကောက်ခံရရှိတဲ့ အခွန်အခတွေကို အသုံးပြုပြီး ဦးစားပေးကဏ္ဍအလိုက် ခွဲဝေသုံးစွဲရတာဖြစ်ပါတယ်။ ယခုအခါ မန္တလေးမြို့မှာတော့ ပြည်သူလူထုက မြို့တော်စည်ပင်နဲ့ လက်တွဲကာ ပြည်သူလူထုက ပါဝင်လှူဒါန်းကြတဲ့အတွက် လမ်းမီးများထွန်းညှိပြီးစီးမှုက ပိုမိုလျင်မြန်ပြီး ၂၀၁၉-၂၀၂၀ ဘတ်ဂျက်နှစ်အတွင်းမှာပဲ တစ်မြို့လုံး လမ်းမီးတွေထွန်းညှိပြီးစီးဖို့ မျှော်မှန်းချက်ထားပြီး လုပ်ကိုင်နေကြပါတယ်။ မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာကို နှစ်သက်အားပေးပြီး ပေးလှူကြသူတွေထဲမှာ မန္တလေးသူ မန္တလေးသားတွေသာမကတော့ဘဲ အခြားမြို့ရွာမှာ နေထိုင်သူတွေ၊ နိုင်ငံရပ်ခြားမှာ အလုပ်အကိုင်သွားရောက်လုပ်ကိုင်သူတွေပါ ပါဝင်လာကြပါတယ်။ ပြည်သူလူထုရဲ့ အားပေးပါဝင်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုက ပိုပြီးလျင်မြန်လာတာ တွေ့နိုင်ပါတယ်။ ။

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်၊ အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၁-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁)တွင် မြန်မာ့ဖရဲသီး အာဆီယံစံချိန်စံညွှန်း၊ နိုင်ငံစိုက်ပျိုးရေးအတွက် နည်းပညာပံ့ပိုးမှုများ လိုအပ်လျက်ရှိ စသည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ကျွဲ၊ နွားများကျန်းမာရေး ရတက်အေးစေဖို့၊ ကြက်မွေးမည်ဆိုလျှင် သားထိန်းကောင်းသော ကြက်မျိုးကို မွေးမြူသင့်၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူရေးအဖြစ် လုပ်ဆောင်နိုင်သည့် ဘဲမွေးမြူရေး စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်၊ ဉာဏ်ပညာရှိသော အပ်ချုပ်သမားလေးပုံပြင်၊ မရှိမဖြစ်သည့်ဆား အသုံးတွင်သည့်ဆိုရိုးစကား၊ ဘိုးဘိုးအောင်၏ ဝလုံးကလေးများ စသည့် သုတ၊ ရသဆောင်းပါးများ၊ ဆောင်းရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကျန်းမာအသက်ရှည်စေရန် အသိဉာဏ်ဖြင့် နေထိုင်စားသောက်ရမည် စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မိုးအားကိုးစိုက် တောင်သူလယ်သမားများ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းကျော်လွှားနည်းစနစ်များ (အင်တာဗျူး)၊ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန် အဝီစိစက်ရေတွင်းတူးဖော်၊ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဆောင်ရွက်လျက်ရှိ စသည်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတ၊ ရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။



# မင်းပြားမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေး

**မင်းပြား ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မင်းပြားမြို့နယ် ငှက်တော်ရကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းစိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လက်ရှိနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် မြစိမ်းရောင်ကော်မတီ ပြန်လည်ရွေးချယ်ခြင်းနှင့် ငွေစာရင်းပုံစံများ၊ အစည်းအဝေးမှတ်တမ်းများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ တို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပ၂၂

# မူဆယ်ခရိုင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၈**

အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ အဖိုးတန်ရတနာလေးများဖြစ်သည့် ကလေးလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးလူငယ်များ စာပေဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးငယ်များ စွမ်းဆောင်ရည် မြှင့်တင်စေရေးတို့အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မူဆယ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မူဆယ်) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မူဆယ်မြို့ရှိ မင်္ဂလာ(မူဆယ်)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ဦးကိန်မိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်၊ ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ အရှေ့မြောက်တံခါးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်မိုးတို့က ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနား ဒုတိယပိုင်းတွင် အထက ၂ နှင့် MIEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song တေးသီချင်းကို ကိုယ်တိုင်တီးခတ်သီဆို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်က အမှာစကားပြောကြားကာ မူဆယ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က တေးသီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ ကလေးစာပေပွဲတော်ကို ပူးပေါင်းဆောင်ရွက်ပေးသည့် စေတနာရှင်၊ အလှူရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး MIEC ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များသည် ကလေးစာပေပွဲတော်တွင် ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲများနှင့် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မူဆယ်ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်
Theme Song တေးသီချင်းကို ကိုယ်တိုင်တီးခတ်သီဆိုကြစဉ်။



တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က တေးသီချင်းအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



မူဆယ်ခရိုင် ကလေးစာပေပွဲတော်တွင်
ကျောင်းသား ကျောင်းသူလေးများ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပစဉ်။




ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပစဉ်။



မူဆယ်ခရိုင် ကလေးစာပေပွဲတော်တွင်
ကလေးငယ်တစ်ဦး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။



ကလေးစာပေပွဲတော် လာရောက်သူများအား အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံစဉ်။

# ဆရာတော်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ သာသနာပြုခရီးထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိကျင်းပမည့် နှစ်သစ်ကူးအကြိုည တရားဒေသနာတော်များ ရွတ်ဖတ်ဆုတောင်းပွဲနှင့် ဝိပဿနာရှုမှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၅ ပါးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့အား သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ကလေးစာပေပွဲတော်(မူဆယ်) စိတ်ကူးအတွေးများဖြင့် နွှဲပျော်

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မူဆယ်)ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မူဆယ်မြို့ မင်္ဂလာမူဆယ် (မြို့သစ်စီမံကိန်းအိမ်ရာ)တွင် စည်ကားပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော်သို့ တက်ရောက်လာသူများနှင့် မေးမြန်းဖြေကြားထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည်-**



ဒေါက်တာအောင်သန်းမောင်



ဦးလှိုင်စိုးသန့်



ဦးမောင်စိန်



ဦးဆောင်းဝင်းလတ်

**ဒေါက်တာအောင်သန်းမောင်**
**ရှမ်းပြည်နယ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

မူဆယ်ကလေးစာပေပွဲတော်က ခရိုင်အဆင့် ဆောင်ရွက်တာဖြစ်ပါတယ်။ ခရိုင်အဆင့်ဆောင်ရွက်တာဆိုပေမယ့် တောင်ကြီးမြို့မှာ ပြည်နယ်အဆင့် ဆောင်ရွက်တာလောက်နီးပါး ပြည့်စုံတာကိုတွေ့ရပါတယ်။ မူဆယ်ရဲ့ အားသာချက်က ဘာလဲဆိုတော့ သူ့မှာ နေရာကအဆင်သင့်ဖြစ်တယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နောက်တစ်ခုက မူဆယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူ ပြည်သားတွေ၊ ဒေသခံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ မိဘတွေ၊ အလှူရှင်တွေ ပူးပေါင်းပါဝင်မှု အားကောင်းပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီဘက်ကလည်း လှူဒါန်းတာတွေရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ဝမ်းသာပါတယ်။ ခရိုင်အဆင့် ဆိုပေမယ့် ပြည်နယ်အဆင့်လောက် အားကောင်းတာကို တွေ့ရပါတယ်။ ကလေးတွေကလည်း တော်တော်ပျော်နေတာတွေ့ရပါတယ်။ ဒီလိုပွဲမျိုး ခဏခဏလုပ်ပေးရင် ကလေးတွေအတွက် စာဖတ်ရှိန်မြင့်လာမယ်။ အနာဂတ်ခေါင်းဆောင်ငယ်တွေဖြစ်လာတဲ့အခါ ဆုံးဖြတ်တတ်တာ၊ ဆင်ခြင်တတ်တာတွေ နားလည်လာမယ်။ မူဆယ်ဆိုတာ ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ကလေးစာပေပွဲတော် ဒီနေ့မြင်ရတဲ့မြင်ကွင်း တစ်ခုမကျန် ဝမ်းသာပါတယ်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးလှိုင်စိုးသန့်(ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ်ခရိုင်)**

အနာဂတ်ရဲ့ခေါင်းဆောင်တွေဖြစ်လာမယ့် ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ အယူအဆတွေ ထက်မြက်ဖို့၊ တီထွင်ဖန်တီးလိုစိတ်တွေ ရင့်သန်လာဖို့၊ ကလေးတွေ စာဖတ်ဝါသနာပါလာစေဖို့အတွက် အလှူအသီးသီး အလွှာပေါင်းစုံကနေ စုပေါင်းပြီးတော့ အားလုံးက အထောက်အပံ့လုပ်ပြီး ဒီပွဲတော်ကြီးဖြစ်မြောက်အောင်လို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဝမ်းသာပီတိကတော့ ပြောမပြတတ်အောင်ပါပဲ။ မူဆယ်ဒေသမှာဆိုရင် ဒီလိုပွဲမျိုးမကြုံကြိုက်



ကဗျာဆရာမျိုးခိုင်



ဒေါ်မြင့်မြင့်ကြည်



မဟန်နှင်းစံ



နန်းအေးယိင်းဆိုင်

ဖူးသေးဘူး။ ပွဲတော်မှာပါဝင်တဲ့ ကဗျာ၊ ကျပန်း၊ ပုံဆွဲ၊ အားကစားပြိုင်ပွဲတွေ၊ စာအုပ်အရောင်းပွဲတော်တွေ ဖန်တီးပေးထားတော့ ဗဟုသုတတွေ အများကြီးရတယ်။ ကလေးတွေပျော်ရွှင်ကြတယ်။ အဲဒီအတွက် အတိုင်းမသိဝမ်းသာပါတယ်။

**ဦးမောင်စိန်(ဗဟိုစီးပွားရေးဇုန်တာဝန်ခံ၊ နယူးစတားလိုက်စ်ကုမ္ပဏီ)**

မူဆယ်မှာ ကလေးစာပေပွဲတော် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်တဲ့အတွက် ကလေးစာပေတွေကို အများကြီးအထောက်အကူဖြစ်မယ်လို့ ထင်မြင်ယူဆပါတယ်။ နောင်အနာဂတ်ကလေးငယ်တွေအတွက် စာပေဝါသနာတွေ ပါလာမယ်။ ပန်းချီဆွဲတာတွေ၊ ပုံပြင်ပြောပြိုင်ပွဲတွေပါဝင်တဲ့အတွက် ကလေးတွေအတွက် ပျော်စရာပါ။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပွဲတော်ကျင်းပနိုင်ဖို့အတွက် နေရာစီစဉ်ပေးတယ်။ ပြခန်းနေရာတွေ၊ ကလေးတွေအတွက် ပြိုင်ပွဲကျင်းပမယ့်နေရာတွေကို စီမံဆောင်ရွက်ပေးပါတယ်။ ပွဲတော်ရက် သုံးရက်လုံးမှာ လာရောက်ကြတဲ့ ပရိသတ်တွေအားလုံးကို စတုဒိသာ ကျွေးမွေးသွားဖို့လည်း ပြင်ဆင်ထားပါတယ်။ ဒီပွဲတော်ကြီး အောင်မြင်စွာကျင်းပသွားနိုင်ဖို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်။

**ဦးဆောင်းဝင်းလတ်( MIEC ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်)**

ကျွန်တော်ကတော့ မူဆယ်မြို့မှာ ကလေးစာပေပွဲတော် ကျင်းပတဲ့အတွက် အများကြီးဝမ်းသာတယ်။ ကျွန်တော်တို့နယ်စပ်မှာ ဒီလိုပွဲတွေလုပ်တယ်ဆိုတာ တကယ့်ရှားရှားပါးပါး ပထမဆုံးအကြိမ်ပါ။ ပြီးတော့ ကျွန်တော်တို့နယ်စပ်မှာရှိတဲ့ကလေးတွေ စာပေနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေ အများကြီးရတယ်။ စာဖတ်ချင်တဲ့စိတ်တွေ အများကြီးတိုးလာမယ်လို့ ထင်ပါတယ်။ ဒီပွဲတော်လုပ်တဲ့အတွက် အတိုင်းမသိဝမ်းသာတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ဒီလိုပွဲမျိုး လုပ်ပါစေလို့ တောင်းဆိုချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကလေးတွေက နယ်စပ်မှာဆိုရင် စာပေပိုင်းမှာအားနည်းတယ်။ တခြားနေရာတွေမှာ စိတ်အားထက်သန်တာတွေလျော့ပြီး စာပေနဲ့ အားကစားမှာ စိတ်အားထက်သန်စေချင်တယ်။ ကလေးစာပေပွဲတော်ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေရဲ့ စွမ်းဆောင်ရည်တွေ၊ ကလေးတွေရဲ့ စာပေချစ်မြတ်နိုးတဲ့စိတ်တွေ မွေးထုတ်ပေးနိုင်မယ်၊ ဖြစ်ပေါ်လာနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မဟန်နှင်းစံ(ဒသမတန်း၊ အောင်ကိုယ်ပိုင်အထက်တန်းကျောင်း)**

ဒီပွဲကျင်းပရခြင်းအတွက် ကလေးတွေ အများကြီးအတွေ့အကြုံရပါတယ်။ ပြီးတော့ စာပေဗဟုသုတတွေကိုလည်း ပိုပြီးချစ်မြတ်နိုးတတ်လာစေပါတယ်။ ဒါကြောင့်မို့ ဒီလိုပွဲမျိုးတွေကျင်းပတာ အများကြီးကောင်းပါတယ်။ ဒီလိုကျင်းပတဲ့အတွက်လည်း အလွန်ပျော်ပါတယ်။ ကိုယ့်ဘဝမှာ တစ်ခါမှ မကြုံဖူးတဲ့ပွဲမျိုးကို ကြုံရတဲ့အတွက်ပေါ့။ သမီးကိုယ်တိုင်ကလည်း စာပေကို မြတ်နိုးတဲ့အတွက် ဒီလိုပွဲမျိုးကိုလာရတာ အလွန်ကိုပျော်ပါတယ်။

**ဒေါ်မြင့်မြင့်ကြည်(ခရိုင်ပညာရေးမှူး)**

ကလေးစာပေပွဲတော် လာရောက်ကျင်းပခြင်းကြောင့် ကျွန်မတို့ ဒီဒေသက ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ ကလေးတွေအတွက် စာပေယဉ်ကျေးမှု အစစအရာရာ ဗဟုသုတတွေ အများကြီးရပါတယ်။ ကလေးတွေရဲ့ အရည်အသွေးလေးတွေ ဖော်ထုတ်ပြသနိုင်တဲ့ ပွဲလေးဆိုရင်လည်းမမှားပါဘူး။ သူတို့ရဲ့ဝါသနာလေးတွေ ဖော်ထုတ်ခွင့်ပေးတဲ့ သက်ဆိုင်သူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

**ကဗျာဆရာမျိုးခိုင်(မူဆယ်)**

ဒီနေ့ဟာ အင်မတန်မှ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နေ့လေးတစ်နေ့ပါ။ မူဆယ်မြို့ကြီးအတွက် အင်မတန်မှတန်ဖိုးရှိတဲ့ ပွဲတစ်ပွဲပါ။ ဒီပွဲကျင်းပပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ဒီပွဲကျင်းပတဲ့အတွက် ရရှိတဲ့အကျိုးအမြတ်တွေကတော့ အများကြီးပါပဲ။ အဓိကကတော့ ကလေးအချင်းချင်း ဆုံတွေ့ဖြစ်တယ်။ မိမိတို့ဖတ်ရှုရမယ့် ကလေးစာပေဟာ ဘာတွေလဲဆိုတာ သိရှိခွင့်ရတယ်။ ပြီးတော့ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး စကားတွေပြောခွင့်ရမယ်။ နောက်ပုံပြင်ပြောတာ၊ ကျပန်းစကားပြောတာတွေအပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွေကို တစ်ဝကြီး ကြည့်ရှုခွင့်ရရှိသွားမယ်။ အဲဒီအပြင် လူကြီးတွေဟာ ငါတို့ကလေးတွေအပေါ်ကို လေးလေးစားစား အလေးထားပြီးတော့မှ လုပ်ပေးပါလားဆိုတဲ့အတွေးမျိုး ရရှိသွားမယ်။ ဒါအင်မတန်မှ ကလေးတွေအတွက် အကျိုးကျေးဇူးများစွာရရှိတဲ့ ပွဲတစ်ပွဲ ဖြစ်ပါတယ်။

**နန်းအေးယိင်းဆိုင်(မူဆယ်မြို့)**

မူဆယ်ဆိုတာ စီးပွားရေးမြို့တော်ဖြစ်တဲ့အတွက် ပညာရေးဘက်သိပ်မလိုက်စားကြဘူး။ အခု ကလေးစာပေပွဲတော်လုပ်ပေးတဲ့အတွက် ကလေးတွေအတွက်လည်း ကောင်းတယ်။ ပြီးတော့ နောင်လာနောက်သားတွေအတွက်လည်း ကောင်းတယ်။ မူဆယ်မြို့မှာ ဒေသပေါင်းစုံကလူတွေ လာနေကြတာဆိုတော့ သူတို့တွေအတွက် စာပေအသိဗဟုသုတတွေ တိုးလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို ပညာပေတံနဲ့တိုင်းကြတာဆိုတော့ ဒါကို သူတို့အားလုံးသဘောပေါက်နားလည်ပြီး လမ်းလွဲမလိုက်အောင် အတွေးအခေါ်တွေ၊ ပညာတွေ တိုးပွားလာမယ်လို့မြင်မိတယ်။ ဒီပွဲလေး ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေအချင်းချင်း ရင်းနှီးမှုတွေလည်းပိုလာလို့ သူတို့အတွက်လည်း အင်မတန်ကောင်းပါတယ်။

**စိုင်းထွန်းနေလှိုင်(မြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၉ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
( ခ ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
( ဂ ) **ကျေးလက်ဒေသ**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်နှင့် တပ်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော နယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကိုဆိုသည်။
(ဃ) **ကျေးလက်ဒေသအိမ်ရာ**ဆိုသည်မှာ ကျေးလက်ဒေသတွင် ဦးစီးဌာန၏ အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သောအိမ်ရာကို ဆိုသည်။
( င ) **ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း**ဆိုသည်မှာ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၏မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ်ပြင်ပရှိ ကျေးလက်ဒေသတွင် ဦးစီးဌာနအစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။
( စ ) **အခြေခံအဆောက်အအုံများ**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံပစ္စည်းကိရိယာများနှင့် အဆောက်အအုံများကို ဆိုသည်။
(ဆ) **အရင်းမပျောက်မတည်ရန်ပုံငွေ**ဆိုသည်မှာ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်လာစေရန် အများပိုင် ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပြီး အရင်းမပျောက် လည်ပတ်ဆောင်ရွက်သောရန်ပုံငွေကို ဆိုသည်။
( ဇ ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဆိုသည်။
( ဈ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။
(ည) **ဦးစီးဌာန**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
( ခ ) မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊
( ဂ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊
(ဃ) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊
( င ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊
( စ ) ကျေးလက်ဒေသရေရရှိရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းနှင့် တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**အခန်း(၃)**
**ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-
(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်နိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက်မနိမ့်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။
( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊
( ခ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊
( ဂ ) အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်နှင့် ပင်မစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း၊
(ဃ) ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
( င ) ကျေးလက်ဒေသနေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊
( စ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊
( ဇ ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊
( ဈ ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**အခန်း(၄)**
**ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကြီးကြပ်မှုကော်မတီက တာဝန်ပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
( ခ ) ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကို အခြေခံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများကို ဒေသအသီးသီးရှိ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့တင်ပြခြင်း၊ အတည်ပြုချက်ရရှိပြီးက အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
( ဂ ) ကြီးကြပ်မှုကော်မတီက အတည်ပြုချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် ရန်ပုံငွေ တွက်ချက်လျာထားတင်ပြခြင်း၊
(ဃ) ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-
(၁) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊
(၂) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊
(၃) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ခြင်း၊
(၄) ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊
(၅) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊
(၆) ကျေးလက်ဒေသနေ ပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
(၇) ကျေးလက်ဒေသနေ ပြည်သူများကိုယ်တိုင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်း။
( င ) ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော လူထုအခြေပြုစီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်းလမ်းနှင့်တံတား သို့မဟုတ် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သော စီမံကိန်းများတွင်ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လမ်းများနှင့် တံတားများတည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊
( စ ) ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဆ) ကျေးလက်ဒေသများတွင် ဘေးအန္တရာယ်ကျရောက်လာပါက-
(၁) တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်ခြင်း၊
(၂) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
( ဇ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊
( ဈ ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ညှိနှိုင်းကောက်ယူခြင်း၊
(ည) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊
( ဋ ) ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်ဖြင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ဥပဒေနှင့်အညီ ရယူပူးပေါင်းဆောင်ရွက်ခြင်း၊
( ဌ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်နှင့် ကျေးရွာအလိုက် လိုအပ်သည့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
( ဍ ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များက အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းရန်ပုံငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊
( ဎ ) ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုအစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊
(ဏ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေးမြင့်မားတိုးတက်လာစေရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# ကောင်းမွန်သော ထုတ်လုပ်မှုနည်းစနစ်တွေနဲ့ တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီး ပြည်သူတွေရဲ့ ကျန်းမာရေးကို အကျိုးပြု

နေပြည်တော် ဒီဇင်ဘာ ၂၈

**(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ပတ်သက်သော အကြောင်းအရာများကို မေးမြန်းဖော်ပြလိုက်ပါသည်-**


ဒေါက်တာမိုးဆွေ


ဆရာကြီးဦးမြင့်လွင်



ဦးမောင်မောင်ဦး


ဦးထွန်းရွှေ


ဒေါ်နေနေနိုင်ရည်


ဒေါ်ချိုချိုမာ


ဦးကျော်ကျော်ငွေ


ဒေါက်တာ သူရိန်နိုင်အောင်ဟိန်း

**ဒေါက်တာမိုးဆွေ**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

ဝန်ကြီးဌာနရဲ့ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့နေနိုင်ဖို့၊ လူတိုင်းရောဂါဘယကင်းဝေးဖို့အတွက် ဦးတည်ချက်ထား ဆောင်ရွက်နေပါတယ်။ လူတိုင်းသက်တမ်းစေ့နေနိုင်ဖို့ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်သူတွေဟာ ကျေးလက်မှာနေထိုင်တာများတယ်၊ ကျေးလက်နေထိုင်တဲ့သူတွေမှာလည်း အနောက်တိုင်းဆေးဝါးကို အားကိုးသလို တိုင်းရင်းဆေးဝါးကိုအားကိုးတဲ့သူလည်းရှိတယ်။ ဝေဒနာရှင်တွေပဲဖြစ်ဖြစ်၊ ပြည်သူတွေပဲဖြစ်ဖြစ် ကြိုတင်ကာကွယ်ရေးအတွက်သော်လည်းကောင်း၊ ကုသရေးအတွက်သော်လည်းကောင်း ဆေးဝါးတွေသုံးစွဲတဲ့အခါမှာ တိုင်းရင်းဆေးရော၊ အနောက်တိုင်းဆေးရော ရွေးချယ်သုံးစွဲခွင့်ရှိပါတယ်။ ဒီအတွက် တိုင်းရင်းဆေးတွေကို သုတေသနအခြေခံတဲ့ ဆောင်ရွက်ချက်တွေနဲ့ဆောင်ရွက်နေပါတယ်။ သုတေသနလုပ်တဲ့အခါမှာ ဓာတ်ခွဲတာတွေနဲ့ပတ်သက်လို့ တိုးတက်လာတယ်။ နောက်ဆေးဝါးတွေထုတ်လုပ်တဲ့အခါမှာလည်း သူ့ရဲ့ကုန်ကြမ်းအရည်အသွေးတွေကလည်း ပြည်တွင်းရော ပြည်ပရော နှစ်ခုစလုံးကရလာတဲ့အတွက် ပိုကောင်းလာတယ်။

ထုတ်လုပ်တဲ့နည်းစနစ်ကလည်း ကောင်းလာတယ်၊ ဈေးကွက်မှာလည်း ထုပ်ပိုးမှုတွေခေတ်မီလာတယ်။ ဒီလိုမျိုးထုတ်လုပ်မှုတွေနဲ့ တိုးတက်အောင်လုပ်ပြီး ပြည်သူတွေရဲ့ ကျန်းမာရေးကိုအကျိုးပြုမယ်လို့ မျှော်မှန်းထားပါတယ်။ တိုင်းရင်းဆေးဆိုတာ အပင်ထွက်ပစ္စည်းကနေ အဓိကထုတ်လုပ်တဲ့အတွက် ပရဆေးဥယျာဉ်တွေတည်ထောင်ပြီး စိုက်ပျိုးထိန်းသိမ်းနေတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကိုလည်း ဒီထက်ပိုတိုးချဲ့မယ်။ ရှိနေတဲ့အရင်းအမြစ်တွေရဲ့ Capacity Building ကိုမြှင့်ပေးမယ်၊ နိုင်ငံခြားကိုပညာတော်သင်လွှတ်တာတို့၊ ပြည်ပကဆေးတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထားတာတို့ရှိပါတယ်။ ဆေးနဲ့ပတ်သက်ရင်လည်း ကျွန်တော်တို့က ဆေးဝါးတွေရဲ့အရည်အသွေး၊ လူတွေရဲ့အရည်အသွေး ဒါတွေကိုမြှင့်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

**တိုင်းရင်းဆေးသမားတော်ကြီး ဆရာကြီးဦးမြင့်လွင်**
**တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**

ကျွန်တော်က မြန်မာနိုင်ငံသမိုင်းမှာပထမဦးဆုံး နိုင်ငံတော်က ဖွင့်လှစ်တဲ့ တိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီး လေးဦးအနက် တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ယခု ညီလာခံကိုယ်စားလှယ်တစ်ဦးအဖြစ် ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာဟာ လူသားတိုင်းအသက်ကို ကယ်တင်ပေးနိုင်တဲ့ ဆေးပညာတစ်ခုဖြစ်တဲ့အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လည်း ဖြစ်ပါတယ်။ မြန်မာ့ရေမြေတောတောင်သဘာဝနဲ့ မြန်မာ့တိုင်းရင်းဆေးပညာဟာ မြန်မာနိုင်ငံသားများအတွက် အဖိုးမဖြတ်နိုင်တဲ့ သဘာဝလက်ဆောင်ရတနာဖြစ်တယ်ဆိုရင် မှားမှာမဟုတ်ပါဘူး။ ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းက မြန်မာပြည်သူပြည်သားတွေ အသက်ရှည်ခဲ့ကြ၊ ကျန်းမာခဲ့ကြတာဟာ မြန်မာ့တိုင်းရင်းဆေးပညာကြောင့် ဖြစ်ပါတယ်။

နိုင်ငံတော်ကလည်း တိုင်းရင်းဆေးပညာကို စဉ်ဆက်မပြတ် အားပေးချီးမြှောက်နေတဲ့အတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေ လက်ခံထားတဲ့ ရောဂါသိမှု၊ ဆေးသိမှုနဲ့ ကုထုံးသိမှုဆိုတဲ့ သိမှုသုံးသွယ်တို့ကို ဒီညီလာခံကြီးတွေမှာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီး ပိုမိုစနစ်ကျတိုးတက်တဲ့ သုတေသနလုပ်ငန်းပါဝင်တဲ့ သိမှုသုံးသွယ်အဖြစ် ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးဖို့ ကျန်းမာရေးအဆင့်အတန်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေရှိနေဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ကျေးလက်တောရွာနဲ့ မြို့နေလူထုအတွက် တိုင်းရင်းဆေးသုံးစွဲနေကြသူတွေမှာ ကျန်းမာရေးအဆင့် မြင့်မားရေးအတွက် များစွာအထောက်အကူပြုနေကြောင်း ထင်ရှားလျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းရှိဒေသပေါက် သဘာဝဆေးဖက်ဝင် ပရဆေးပင်များ မျိုးစုံရှိသလို ရေထွက်၊ မြေထွက်နဲ့ တိရစ္ဆာန်ထွက် ဆေးပစ္စည်းများလည်း ပေါကြွယ်ဝစွာ ရရှိနိုင်ပါတယ်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ စနစ်တကျ သင်ကြားပို့ချပေးခဲ့တဲ့ တိုင်းရင်းဆေးသိပ္ပံနဲ့ ယခုဖွင့်လှစ်ဆဲ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကလည်း မြန်မာ့တိုင်းရင်းဆေးပညာ မျိုးဆက်သစ်သမားတော်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒီညီလာခံကြီးတွေမှာ လူငယ်တိုင်းရင်းဆေးသမားတော်တွေ ပါဝင်ဆွေးနွေးနိုးနှောကြတဲ့အတွက် တိုင်းရင်းဆေးပညာရှင် သက်ကြီးသမားတော်ကြီးများက လက်ဆင့်ကမ်းအမွေအနှစ်တွေကို ပေးအပ်တဲ့ ပွဲတစ်ခုဖြစ်တယ်လို့လည်း ပြောချင်ပါတယ်။

**ဦးမောင်မောင်ဦး(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးကို နိုင်ငံတော်က ချီးမြှင့်မြှောက်စားလာတာ ဒီနှစ်ဆိုရင် ၁၉ ကြိမ်မြောက်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စောင့်ရှောက်မှုဟာ တိုင်းရင်းဆေးဖွံ့ဖြိုးဖို့အတွက် အဓိကအချက်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးကို ထိထိရောက်ရောက်စောင့်ရှောက်ပေးတဲ့နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဒီနှစ်မှာ တိုင်းရင်းဆေးညီလာခံကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့တာဝန်ရှိသူများကိုယ်တိုင် အနီးကပ်ဂရုစိုက် ဆောင်ရွက်ပေးပါတယ်။ ဒီနှစ်မှာထူးခြားမှုအနေနဲ့ တိုင်းရင်းဆေးကိုဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းဆေးမှာရှိနေတဲ့ လက်ရှိအခြေအနေတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးတော့ ရှေ့နှစ်မှာဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကို အစီအစဉ်ချမှတ်ထားပါတယ်။ ဒါကြောင့် ဒီပွဲပြီးတဲ့နောက် ရှေ့နှစ်မှာ တိုင်းရင်းဆေးဟာ ပိုပြီးတော့ဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ယုံကြည်ပါတယ်။ ဒီနှစ်မှာထူးခြားမှု နောက်တစ်ခုက တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးပိုမိုတိုးတက်အောင်ဆိုပြီးတော့ အဆိုတွေတင်တယ်၊ ထောက်ခံမှုတွေလုပ်တယ်၊ အပြန်အလှန်ဆွေးနွေးမှုတွေ ဆောင်ရွက်ပါတယ်။ တိုင်းရင်းဆေးမှာ ကဏ္ဍနှစ်ခုရှိပါတယ်၊ တစ်ခုကဆေးကုတဲ့ကဏ္ဍ၊ နောက်တစ်ခုကဆေးဝါးတွေထုတ်လုပ်တဲ့ကဏ္ဍဖြစ်ပါတယ်၊ ဆေးဝါးထုတ်လုပ်တဲ့ကဏ္ဍမှာအရည်အသွေးပြည့်ဝပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် အထူးဂရုပြုပြီးတော့ ဆောင်ရွက်တဲ့ကဏ္ဍဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဝန်ကြီးဌာနရဲ့မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ နည်းပညာရှင် ဒါတွေဟာ အဓိကလိုအပ်ပါတယ်။ ဒါတွေကိုစနစ်တကျပူးပေါင်းဆောင်ရွက်မှ တိုင်းရင်းဆေးကဏ္ဍဟာ ဖွံ့ဖြိုးလာမှာဖြစ်တဲ့အတွက် ဒီကဏ္ဍကို အထူးပြုပြီးတော့ ထည့်ထားတာဖြစ်ပါတယ်။

**ဦးထွန်းရွှေ(ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးညီလာခံ နှစ်စဉ်မပျက်ကျင်းပနိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအပိုင်းကလည်း ပူးပေါင်းကူညီလျက်ရှိပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်သူတွေအပိုင်းကတော့ ဝန်ကြီးဌာနကချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေအတိုင်း ဆောင်ရွက်နေသလို ကုန်ကြမ်းပစ္စည်းတွေ အရည်အသွေးပြည့်ဝဖို့၊ စနစ်တကျ ထုတ်လုပ်နိုင်ဖို့ သုတေသနလုပ်ငန်းတွေကိုလည်း တိုးချဲ့ဆောင်ရွက်နေပါတယ်။ ပြည်သူတွေ တိုင်းရင်းဆေးကို ယုံကြည်စွာနဲ့ လက်ခံသုံးစွဲနိုင်မှသာ မြန်မာ့တိုင်းရင်းဆေးဟာ အရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓလက်ထက်တော်က သမားတော်ကြီး ဆရာဇီဝကရဲ့ "ကတိသစ္စာတည် သောခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဆိုတဲ့ အဆိုအမိန့်အတိုင်း မြန်မာ့တိုင်းရင်းဆေးများဟာ စေတနာဆေး၊ မေတ္တာဆေး၊ သစ္စာဆေးများဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်နေနေနိုင်ရည်(လ/ထ ညွှန်ကြားရေးမှူး)တိုင်းရင်းဆေးပညာဦးစီးဌာန**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးဟာဆိုရင် အရင်နှစ်တွေထက် ပိုပြီးစည်ကားသိုက်မြိုက်စွာ ကျင်းပနေတာဖြစ်ပါတယ်၊ အနှစ်သာရကတော့ မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အဓိကဖြစ်ပါတယ်၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့နေရာမှာ (၁) မြန်မာ့ရိုးရာဆေးပညာအမွေအနှစ်များ မပျောက်ပျက်စေဖို့ (၂)သိပ္ပံနည်းကျစေဖို့ (၃) မြန်မာ့တိုင်းရင်းဆေးဝါးများ နိုင်ငံတကာနှင့်အညီ စံချိန်စံညွှန်းကိုက်ညီဖို့အပြင် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်တဲ့နေရာမှာ မြန်မာ့ဆေးဆရာများကို ကျယ်ကျယ်ပြန့်ပြန့်ရှိစေဖို့နဲ့ တိုင်းရင်းဆေးလောက စည်းလုံးညီညွတ်ဖို့ပဲဖြစ်ပါတယ်။

**ဆရာမ ဒေါ်ချိုချိုမာ(စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်တက်ရောက်ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ တိုင်းရင်းဆေးဝါးတွေ ထုတ်လုပ်တဲ့အခါမှာ အရည်အသွေးစစ်မှန်ပြီး သုံးစွဲသူတွေအတွက် ရောဂါဝေဒနာကို ထိရောက်စွာ ပျောက်ကင်းစေဖို့ စေတနာထားထုတ်လုပ်ပါတယ်။ ထုတ်လုပ်မှုနည်းပညာအပိုင်းတွေ၊ သုတေသနပိုင်းတွေကိုလည်း ခေတ်နဲ့လျော်ညီစွာ လုပ်ဆောင်နေပါတယ်။ အစွမ်းထက်ကောင်းမွန်တဲ့ ဆေးဝါးတွေ ထုတ်လုပ်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမှာ တစ်တပ်တစ်အား ပါဝင်ကြိုးစားနေပါတယ်။

**ဦးကျော်ကျော်ငွေ**
**(မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးဝါးတွေ ထုတ်လုပ်မယ်ဆိုရင် ကုန်ကြမ်းပစ္စည်းတွေ အရည်အသွေးစစ်မှန်ဖို့လိုပါတယ်။ အရည်အသွေးစစ်မှန်မှုလည်း ပြည်သူတွေ သုံးစွဲတဲ့အခါမှာ အကျိုးအာနိသင်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ထုတ်လုပ်မှု၊ ထုပ်ပိုးမှုအပိုင်းတွေကိုလည်း စံသတ်မှတ်ချက်များအတိုင်း လုပ်ဆောင်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးကို သုံးစွဲသူပြည်သူတွေ ဒီထက်ယုံယုံကြည်ကြည်နဲ့ သုံးစွဲလာပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ ပိုမိုထိရောက်မှုရှိလာမှာ ဖြစ်ပါတယ်။

**ဒေါက်တာသူရိန်နိုင်အောင်ဟိန်း**
**(အဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဆေးကုသမှုအပိုင်းမှာရော ထုတ်လုပ်မှုအပိုင်းမှာပါ စနစ်တကျနဲ့ တိုင်းရင်းဆေးလောကသားတွေ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ခုနောက်ပိုင်း သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်၊ တိုင်းရင်းဆေးဖွံ့ဖြိုးအောင် နိုင်ငံတော်အပိုင်းက အားပေးမြှင့်တင်ပေးနေတဲ့အတွက် မိမိတို့ရဲ့ဆေးဝါးထုတ်လုပ်မှုတွေကို ခေတ်စနစ်နဲ့အညီထုတ်လုပ်ဖို့လိုအပ်ပါတယ်။ အသုံးပြုတဲ့ဆေးဝါးကုန်ကြမ်းတွေဟာ သန့်ရှင်းပြီးတော့ ဓာတုပစ္စည်းမပါဝင်ဘဲ သဘာဝဆေးဥ၊ ဆေးမြစ်များဖြင့် ဖော်စပ်ထုတ်လုပ်မှသာ သုံးစွဲသူပြည်သူတွေ ယုံကြည်လက်ခံလာမှာဖြစ်ပါတယ်။ အဘထတိုင်းရင်းဆေးတွေအနေနဲ့ ထိုင်းနိုင်ငံကနေ FDA အသိအမှတ်ပြု လက်မှတ်ရရှိထားတဲ့အတွက် ထုတ်လုပ်တဲ့ဆေးဝါးတွေကို နိုင်ငံခြားအထိ တင်ပို့လို့ရပါတယ်။ အဓိကအားဖြင့် အဘထရှူဆေးအပြင် အခြားဆေးဝါး ၁၀ မျိုးထုတ်လုပ်လျက်ရှိပါတယ်။

**ဒေါ်နန်းရွှေဝါဝါသင်း (လ/ထ တိုင်းရင်းဆေးမှူး)**
**အေးသာယာ(တောင်ကြီး) တိုင်းရင်းဆေးရုံ**

တိုင်းရင်းဆေးတက္ကသိုလ်ကနေ ၂၀၁၇ မှာ ကျောင်းပြီးပါတယ်။ စာတွေ့လေးနှစ်၊ အလုပ်သင်တစ်နှစ် လက်တွေ့ဆောင်ရွက်ရပါတယ်။ ကျောင်းမှာသင်ကြားခဲ့ရတာတွေကို လက်တွေ့အလုပ်ခွင်မှာ ပြန်အသုံးချခွင့်ရခဲ့ပါတယ်။ ယခုညီလာခံမှာဆိုရင် တိုင်းရင်းဆေးဆရာကြီးတွေနဲ့ တွေ့ခွင့်ရတယ်။ သိချင်တာတွေကို မေးမြန်းဆွေးနွေးခွင့်ရတယ်။ အဆို/အထောက်တွေကို နားထောင်ရတဲ့အခါ ကိုယ့်ဘက်က ဘာလုပ်ပေးနိုင်လဲဆိုတာ သိခွင့်ရတယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုတွေနဲ့ ပတ်သက်ပြီး သိရှိခွင့်ရခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း-ငွေနိုင်**





# အုတ်တံတိုင်းကာခွင့်မရှိပါက အမေရိကန်-မက္ကဆီကိုနယ်စပ်ကို အပြီးတိုင်ပိတ်သိမ်းမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လွှတ်တော်အနေဖြင့် မက္ကဆီကိုနယ်စပ်တစ်လျှောက် အုတ်တံတိုင်းကာရံရန် ရသုံးငွေချမှတ်ပေးခြင်း မရှိပါက အမေရိကန်-မက္ကဆီကိုနယ်စပ်တစ်လျှောက်လုံးကို အပြီးတိုင်ပိတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

မက္ကဆီကိုနယ်စပ်တွင် အုတ်တံတိုင်းကာရံမှုသည် အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံအကြား နယ်မြေချင်းဆက်စပ်မှုမရှိတော့ဘဲ သီးခြားစီခွဲထွက်သွားနိုင်မည်ဖြစ်သည့်အပြင် မက္ကဆီကိုနိုင်ငံအတွင်း အခြေချလုပ်ကိုင်လျက်ရှိသည့် ကားကုမ္ပဏီများကိုလည်း အမေရိကန်နိုင်ငံဘက်ခြမ်းသို့ ပြန်လည်ပြောင်းရွှေ့ရန် လှုံ့ဆော်လိုက်ခြင်းပင်ဖြစ်သည်ဟု သမ္မတထရမ့်က သူ၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်-မက္ကဆီကိုနယ်စပ်ကို ပိတ်ထားသော်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန် သုံးနိုင်ငံချုပ်ဆိုထားသည့် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုစာချုပ် (NAFTA) ချုပ်ဆိုခဲ့ခြင်း မတိုင်မီကာလများအတိုင်း ဆက်လက်ကောင်းမွန်လျက်ရှိနေမည်ဖြစ်ကြောင်း သမ္မတထရမ့်က ဆက်လက်ရေးသားခဲ့သည်။

သို့သော် မက္ကဆီကိုနိုင်ငံအတွင်းရောက်ရှိနေသည့် အမေရိကန်ကားကုမ္ပဏီများကို နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိရန် ခေါ်ယူရမည်ဖြစ်ကြောင်း သမ္မတထရမ့်က ဆိုသည်။

ယခုအချိန်တွင် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုစာချုပ်နေရာတွင် အစားထိုးချုပ်ဆိုထားသည့် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါသုံးနိုင်ငံ လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ကို အိမ်နီးချင်း မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သော်လည်း အဆိုပါစာချုပ်နှင့်ပတ်သက်ပြီး သမ္မတထရမ့်က မည်သည့်အကြောင်းအရာကိုမျှ ဖော်ပြရေးသားခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်မှုကြောင့် ဒုက္ခသည်စခန်းများ ရေလွှမ်း

**ဒမတ်စကတ် ဒီဇင်ဘာ ၂၈**
ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်တွင်းစစ်အတွင်း နေရာပြောင်းရွှေ့နေထိုင်ကြသည့် ဒုက္ခသည်စခန်းများမှ လူအများအပြား ၎င်းတို့၏နေ့စဉ်နေထိုင်မှုဘဝ၌ အခက်အခဲများဖြစ်ပေါ်ခဲ့ရသည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်တွင် ဒီဇင်ဘာ ၂၇ ရက်က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ယင်းပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းများ၏ လူနေတဲများအတွင်း ရွှံ့နှစ်ရည်များ စိမ့်ဝင်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒုက္ခသည်စခန်း ၁၀ ခုကျော်တွင် ရုတ်တရက်ရေကြီးမှု ဖြစ်ပေါ်ခဲ့ပြီး လူနေယာယီတဲများနှင့် စားနပ်ရိက္ခာများ ရေထဲမျောပါခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။ ဒုက္ခသည်စခန်းများတွင် လုံလောက်သည့် ရေနုတ်မြောင်းစနစ်ချို့တဲ့ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ရေလွှမ်းခံရသည့် ဒုက္ခသည်စခန်းများအား ဓာတ်ပုံများရိုက်ယူဖော်ပြရာ၌ လူအများသည် ဒူးလောက်အထိ ဖုံးလွှမ်းနေသည့်ရေပြင်၌ သွားလာရာတွင် ကလေးငယ်များအား ရေများ မစိုစေရန် ကာကွယ်တားဆီးနေပုံများပါရှိခဲ့သည်။

ယင်းဒုက္ခသည်စခန်းများမှ လူပေါင်း ၂၅၀၀၀၀ တို့မှာ ရေလွှမ်းမှုဒဏ်ကို ခံစားနေရကြောင်း ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းဝင်များက ပြောကြားသည်။ ယင်းဒုက္ခသည်များသည် ကြောက်မက်ဖွယ်ကောင်းသည့် အေးမြသည့်ရာသီဥတုတွင် နေထိုင်ရပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ၎င်းတို့အား အကူအညီများပိုမိုပေးအပ်ကြရန် ၎င်းတို့က တောင်းဆိုထားသည်။ **အေအက်ဖ်ပီ**





# ဆီးရီးယားအစိုးရတပ်ဖွဲ့များ မန်ဘစ်ဂျ်မြို့တွင်း ဝင်ရောက်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၈**
ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၂၈ ရက်တွင် နိုင်ငံမြောက်ပိုင်းရှိ အဓိကကျသောမြို့ဖြစ်သည့် မန်ဘစ်ဂျ်မြို့တွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ဆီးရီးယားအစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့်ကြေညာချက်တွင် ပြောကြားသည်။

အမေရိကန်တို့က ဆီးရီးယားနိုင်ငံတွင်းရှိ ၎င်း၏တပ်ဖွဲ့များအား ရုပ်သိမ်းမည်ဟု ကတိပြုခဲ့ခြင်းသည် ကာ့ဒ်တို့အား အကာအကွယ်မဲ့သလို ဖြစ်သွားစေခဲ့သည်။ တူရကီနိုင်ငံက ယင်းဒေသအား ထိုးစစ်ဆင်ရန် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရန်အတွက် အကူအညီပေးရန် ကာ့ဒ်တို့က ဆီးရီးယားအစိုးရအား တောင်းဆိုခဲ့ပြီးနောက် ယင်းကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ၏တောင်ပိုင်းနယ်စပ်အနီး ကီလိုမီတာ ၃၀ (၁၉ မိုင်)ခန့်အကွာတွင် တည်ရှိနေသည့် မန်ဘစ်ဂျ်မြို့တွင် ဆီးရီးယားအမျိုးသားအလံကို လွှင့်တင်ထားပြီးဖြစ်ကြောင်း ဆီးရီးယားစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ဝိုင်ပီဂျီ)သည် ဆီးရီးယားနိုင်ငံအတွင်းရှိ အဓိကကျသော ကာ့ဒ်လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး အမေရိကန်မဟာမိတ်များက ဆီးရီးယားနိုင်ငံအတွင်းရှိ ၎င်းတို့၏တပ်ဖွဲ့များအား အပြည့်အဝရုပ်သိမ်းမည်ဟု အံ့အားသင့်ဖွယ် ကြေညာချက်ကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ထုတ်ပြန်ခဲ့ပြီးနောက် ဝိုင်ပီဂျီအဖွဲ့က မန်ဘစ်ဂျ်မြို့သို့ ဆီးရီးယားအစိုးရတပ်ဖွဲ့များ ဝင်ရောက်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# တရုတ်နိုင်ငံလုပ် တတိယမြောက် စီ-၉၁၉ ခရီးသည်တင် ဂျက်လေယာဉ် ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်း

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၈**
တရုတ်နိုင်ငံတွင် တည်ဆောက်ထုတ်လုပ်ခဲ့သည့် တတိယမြောက် စီ-၉၁၉ အမျိုးအစား ခရီးသည်တင်ဂျက်လေယာဉ် ရွှေ့ပြေးပုံစံ လေယာဉ်၏ ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုပြီးဆုံးပြီးနောက် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ ပူတောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆင်းသက်ခဲ့သည်။

တတိယမြောက် စီ-၉၁၉ လေယာဉ်အား ပထမအကြိမ် စမ်းသပ်ပျံသန်းမှုအပြီးတွင် အဆိုပါရွှေ့ပြေးပုံစံ ခရီးသည်တင် ဂျက်လေယာဉ်သည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ အန်းမြို့တွင် စမ်းသပ်ပျံသန်းမှုများ လုပ်ဆောင်သွားဦးမည်ဖြစ်သည်။

အဆိုပါ လေယာဉ်သည် ဒီဇင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတင်ပျံသန်းခဲ့ပြီး စမ်းသပ်ပျံသန်းချိန် တစ်နာရီနှင့် ၃၈ မိနစ် ပျံသန်းခဲ့သည်။

တရုတ်နိုင်ငံတွင် တည်ဆောက်ခဲ့သည့် ပထမနှင့် ဒုတိယမြောက် စီ-၉၁၉ အမျိုးအစား ခရီးသည်တင်ဂျက်လေယာဉ်များ၏ ပထမဦးဆုံးအကြိမ် စမ်းသပ်ပျံသန်းမှုများကို လွန်ခဲ့သည့်နှစ် မေလနှင့် ဒီဇင်ဘာလများအတွင်းက ပြုလုပ်ခဲ့သည်။

စီ-၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်သုံးစင်းကျော်မှာ တည်ဆောက်ဆဲဖြစ်ပြီး ယင်းဂျက်လေယာဉ်များ စမ်းသပ်ပျံသန်းမှုကို လာမည့်နှစ်အတွင်း ပြီးစီးမည်ဟု မျှော်လင့်ရသည်။

စီ-၉၁၉ အမျိုးအစား ခရီးသည်တင် ဂျက်လေယာဉ်များသည် ခရီးတာ ၄၀၇၅ ကီလိုမီတာအကွာအဝေးထိ ပျံသန်းနိုင်ပြီး အဆိုပါလေယာဉ်သည် အဆင့်မြင့်တင်ထားသည့် အဲဘတ်စ်-အေ-၃၂၀နှင့် မျိုးဆက်သစ် ဘိုးရင်း-၇၃၇ အမျိုးအစား ခရီးသည်တင် လေယာဉ်များနှင့် နှိုင်းယှဉ်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ**



### ❂ ပြည်ထောင်စုရွေးကောက်ပွဲမှ

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုလို အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခြင်းသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ဝန်ထမ်းများက မိမိတို့၏ တာဝန်အသီးသီးကို ကျေပွန်စွာဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စံငါးချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့်လည်း ယခုကတည်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း။

**အဓိကလုပ်ငန်းတာဝန်ဖြစ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် ရွေးကောက်ပွဲများ ကျင်းပရေးသည် အဓိကလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်တစ်ခုတည်းသာမက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ သို့မှသာ ရွေးကောက်ပွဲ အငြင်းပွားမှုများ နည်းပါးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တင်ပြညှိနှိုင်းဆောင်ရွက်**

ထို့ပြင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် စဉ်ဆက်မပြတ် မြှင့်တင်နေရန်လည်းလိုအပ်ပါကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့်မားနေမှသာ ရွေးကောက်ပွဲလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရွေးကောက်ပွဲများကိုလည်း တစ်ခုထက်တစ်ခု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကာလအပိုင်းအခြားအားဖြင့် နှစ်နှစ်ခန့် လိုသေးသော်လည်း လုပ်ငန်းစဉ်များက စဉ်ဆက်မပြတ် ရှိနေမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအားလုံးအနေဖြင့် ယခုကတည်းက ကြိုတင်စဉ်းစား စီမံချက်များရေးဆွဲ လုပ်ဆောင်နေမှသာ လုပ်ငန်းများပြီးစီးမည်ဖြစ်ပြီး ရွေးကောက်ပွဲလည်းအောင်မြင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများရှိလျှင်လည်း အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် တင်ပြညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ရက်တွင် တာဝန်ခံဆောင်ရွက်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကလည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို တိကျစွာ သိရှိနားလည်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်၍ အရေးကြီးပါကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီတွင် ပါဝင်သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးကာလတွင် ကြုံတွေ့ရသည့် ပြဿနာများကို တရားမျှတစွာ ဘက်လိုက်မှုမရှိဘဲ ပြေလည်မှုရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရှင်းလင်းမှာကြားသည်။

**လေ့ကျင့်သင်ကြား**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်၊ လုပ်ငန်းပိုင်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားနေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ လုပ်ငန်းစီမံချက်များရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း အပြည့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် မှော်ဘီဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် မှော်ဘီဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်တွင် ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် အင်းဝဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးစိုးလွင်ကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက အင်းဝဘဏ်လီမိတက် မှော်ဘီဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မှော်ဘီဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၆ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရန်ကုန်- ပြည်လမ်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာဝင်း (ကြက်ဖြူကန်)တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအပေါ်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရုံးပိတ်ရက်ရှည်ကာလအတွင်း မွေးရပ်မြေနှင့် အလည်အပတ်ခရီးသွားကြမည့် ဝန်ထမ်းများ၏ ရင်တွင်းစကားသံများ

**အောင်ရဲသွင်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ - ကျော်ဇင်ထိုက်**

**ဒီဇင်ဘာလ ၂၉ ရက် မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့အထိ ရုံးပိတ်ရက်ရှည် ခံစားကြရပြီဖြစ်သည်။ နေပြည်တော်ရှိ မြို့မဈေးကားဂိတ်၊ သပြေကုန်းကားဂိတ်နှင့် ဘောဂသီရိကားဝင်းအတွင်းရှိ ကားဂိတ်တို့၌လည်း ရုံးပိတ်ရက်ရှည်ကာလအတွင်း မွေးရပ်မြေသို့ ပြန်ကြမည့်ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် မြန်မာပြည်အနှံ့ လည်ပတ်ကြမည့် မိသားစုများဖြင့် စည်ကားလျက်ရှိသည်။ ရုံးပိတ်ရက်ရှည်ကာလအတွင်း ကိုယ်စီဖြတ်သန်းကြမည့် အစီအစဉ်များနှင့် နှစ်သစ်တွင် အားမာန်အပြည့်ဖြင့် ဆောင်ရွက်သွားကြမည့် အခြေအနေများကို တွေ့ဆုံမေးမြန်းထားပါသည်။**

**ဒေါ်လွင်လွင်မှုး (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

အခုပိတ်ရက်မှာ ရန်ကုန်ကို ပြန်မှာပါ။ အရင်က ပိတ်ရက်တိုတဲ့အတွက် ရောက်ပြန်လိုဖြစ်နေတယ်။ ပြီးတော့ လေးရက်ပိတ်ရက်ကို အားခဲထားတဲ့အတွက် အလွန်ပျော်မိပါတယ်။ ဒီပိတ်ရက်မှာတော့ အပြင်သွားလည်ဖို့ထက် မိသားစုကို အချိန်ပေးပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ရက်တွေကုန်ဆုံးဖို့ စီစဉ်ထားပါတယ်။ လူဆိုတာက အကောင်းအဆိုး ဒွန်တွဲနေတဲ့အတွက် အားနည်းချက်တွေလည်း ရှိခဲ့တယ်။ အရင်နှစ်တွေက မရင့်ကျက်တာတွေကို လာမည့်နှစ်မှာ ရင့်ကျက်မှုတွေနဲ့ ဖြတ်သန်းချင်ပါတယ်။

**ဦးအောင်မျိုးထိုက်(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)**

အခုရက်ရှည်ပိတ်ရက်ကတော့ ဝန်ထမ်းတွေအတွက် ကောင်းပါတယ်။ မိသားစုတွေ၊ ကိုယ်ချစ်ခင်တဲ့သူတွေနဲ့ ပျော်ပျော်ရွှင်ရွှင် အနားယူနိုင်တာပေါ့။ အခုပိတ်ရက်မှာတော့ ပြန်ဖို့မရှိပါဘူး။ နေပြည်တော်မှာပဲ သူငယ်ချင်းတွေနဲ့ လည်ပတ်ဖို့တော့ ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကိုယ့်ရဲ့ လုပ်ကိုင်မှု အခြေအနေတွေကို အားမရခဲ့ဘူး။ အခု ၂၀၁၉ ခုနှစ် နှစ်သစ်မှာတော့ ကြိုးစားရမယ့်ကိစ္စတွေ အများကြီး ရှိတယ်ဆိုတာကို သိတဲ့အတွက် ပိုပြီး ပြင်ဆင်သွားမှာပါ။

**ဒေါ်ခွာညိုယွန်းဖြူ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)**


အခုလို ရက်ရှည်ပိတ်တော့ ပျော်ပါတယ်။ အခုက မွေးရပ်မြေ မန္တလေးကိုပြန်မှာပါ။ ဒီရုံးပိတ်ရက် လေးရက်မှာ ပြင်ဦးလွင် ပန်းပွဲတော်သွားမယ်၊ New Year ကို မိသားစုနဲ့ အတူ မန္တလေးမှာ ဖြတ်သန်းမယ်။ နှစ်ဟောင်း ၂၀၁၈ ခုနှစ်မှာ စိတ်ကျေနပ်မှု သိပ်မရှိပါဘူး။ နှစ်သစ်မှာတော့ လုပ်ငန်းခွင်မှာရော၊ လူမှုရေးနယ်ပယ်မှာရော အောင်မြင်အောင်၊ တိုးတက်အောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။



ဒေါ်လွင်လွင်မှုး



ဦးအောင်မျိုးထိုက်



ဒေါ်ခွာညိုယွန်းဖြူ

**ဒေါ်အေးမြင့်ရည်(လူမှုဝန်ထမ်းဦးစီးဌာန)**


အခုပိတ်ရက်မှာ ကျွန်မက အမေရှိတဲ့ ရေဦးမြို့ကို ပြန်မှာပါ။ အခုလို ပိတ်ရက်အရှည်ကြီးမှာ အမေနဲ့အတူ နေပြီးတော့ ဖြတ်သန်းရမှာဖြစ်တဲ့အတွက် ပျော်နေမိပါတယ်။ အမေနဲ့အတူ ကုသိုလ်ကောင်းမှုအလှူတွေ လုပ်မယ်။ ၂၀၁၉ နှစ်သစ်မှာ အလှူလုပ်ဖို့အတွက် အခုကတည်းက စိတ်ထဲက ပျော်နေပါတယ်။ နှစ်ဟောင်းက မလုပ်ခဲ့ဖူးတဲ့ အစီအစဉ်လေးတွေလည်း လုပ်ဖို့အစီအစဉ်ရှိပါတယ်။

**ဦးသိန်းဆွေ (ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

ကျွန်တော်က မိတ္ထီလာဘက်ကို ပိတ်ရက် လေးရက်အတွင်း ခဏပြန်တာပါ။ မရောက်ဖြစ်တာကြာတော့ အလည်သက်သက်သွားတာရယ်၊ ဇနီးကလည်း အဲဒီမှာ ပညာရေးဝန်ထမ်းဆိုတော့ ပြန်ဖြစ်တာပါ။ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုတွေကို စိတ်ကျေနပ်မှု အထိုက်အလျောက်ရှိပါတယ်။ အခုလာမယ့် ၂၀၁၉ နှစ်သစ်မှာတော့ စိတ်သစ်လူသစ်၊ အတွေးအမြင်သစ်တွေနဲ့ တက်တက်ကြွကြွ ဖြတ်သန်းမယ်။ နှစ်ဟောင်းက ကိုယ်လုပ်ဆောင်ခဲ့တာတွေထဲမှာ ကောင်းတာတွေယူမယ်၊ မကောင်းတာတွေပယ်ပြီးတော့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ပန်းတိုင်ရောက်အောင် ဖြတ်သန်းဖို့စိတ်ကူးထားပါတယ်။

**ဦးတင်မျိုး(ကုမ္ပဏီဝန်ထမ်း)**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးဘက်ကို ပြန်မှာပါ။ အဓိကကတော့ မိဘတွေနဲ့သွားတွေ့မှာပါ။ မရောက်ဖြစ်တာကြာတော့ သူငယ်ချင်းတွေနဲ့လည်း ဆုံဖို့ရှိပါတယ်။ နောက်ပြီး ဒေသက ဘုရားတွေကိုလည်း သွားရောက်ဖူးမြော်ဖို့ စီစဉ်ထားပါတယ်။ အခု ၂၀၁၈ မှာ လုပ်ကိုင်ခဲ့ရတာတွေနဲ့ပတ်သက်ပြီး စိတ်ကျေနပ်မှု အပြည့်ရှိပါတယ်။ လာမယ့်နှစ်သစ်မှာတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။



ဒေါ်အေးမြင့်ရည်



ဦးသိန်းဆွေ



ဦးတင်မျိုး

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၁၃-၁၂-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၅-၁၀-၂၀၁၈ ရက်နေ့မှ ၁၆-၁၁-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ အထွေထွေ ၂၀၊ ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ကိုးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၄၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၀၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၄၁ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၉၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် မအူပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(မအူပင်မြို့)

၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ ( ၃၀၊ ၃၁ )ရက် (တနင်္ဂနွေ ၊ တနင်္လာ)နေ့များတွင် နံနက်(၉)နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က(၁) မအူပင်မြို့။

○ **ရန်ကုန်အပြည်ပြည်ဆိုင်ရာမှ**

"ဒီနှစ်အတွက် ခရီးသွားဝင်ရောက်မှုအလားအလာကိုပြောရရင် ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို နိုင်ငံတော်အကြီးအကဲတွေကရောအားပေးနေသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကလည်း မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ခရီးသွားလာမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ကို စွမ်းဆောင်နေတဲ့အတွက်ကြောင့် ဒီနှစ်ဟာ ခရီးသွားလုပ်ငန်းအတွက် အရှိန်အဟုန်ကောင်းတဲ့နှစ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ပြီးခဲ့တဲ့သုံးလလောက်က တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတွေနဲ့ မကာအို၊ ဟောင်ကောင်တို့ကို ဗီဇာကင်းလွတ်ခွင့်ပေးလိုက်ပါတယ်။ တရုတ်ကတော့ On arrival ဗီဇာပေါ့၊ ဒီလိုတွေပေးလိုက်တဲ့အတွက် နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုတွေဟာ တိုးတက်မှုတွေရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံကတော့ မြန်မာနိုင်ငံနယ်နိမိတ်နဲ့ ထိစပ်မှုရှိနေတဲ့အပြင် ဘာသာလည်းတူတဲ့အတွက် ခရီးသွားဝင်ရောက်မှုများပြားလာသလို တရုတ်ကလည်း ဝင်ရောက်မှုများပြားလာတာတွေ့တယ်"ဟု ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ထပ်မံပြောသည်။

**ဝင်ရောက်လျက်ရှိ**

ယခုအခါတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ လူဦးရေ တစ်သန်းနှစ်သောင်းကျော်ရှိပြီး ကမ္ဘာလှည့်သင်္ဘောများမှ ဝင်ရောက်လာမှုသည်လည်း ရှစ်ထောင်ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ နိုင်ငံနှင့်လူဦးရေအလိုက် ခရီးသွားဝင်ရောက်မှုတွင် အခြားနိုင်ငံများထက် တရုတ်ခရီးသည်ဝင်ရောက်မှုသည် အများဆုံးဖြစ်ပြီး စင်းလုံးငှားလေယာဉ်စနစ်ဖြင့် ရန်ကုန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ပိုမိုများပြားလာ**

မြန်မာနိုင်ငံ၏ ခရီးသွားဒေသသည် မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီ ရေခဲတောင်များမှစတင်ပြီး တောင်ဘက်စွန်း မြိတ်ကျွန်းစုများအထိ ရေမြေတောတောင်သဘာဝအလှများသည် ပကတိအနေအထားအတိုင်း မြောက်မြားစွာရှိနေသည်။ ရေခဲမြစ်များ၊ ရေခဲတောင်များရှိနေသလို အင်းတော်ကြီးအိုင်၊ အင်းလေးကန်စသည့်သဘာဝရေကန်ကြီးများ၊ တောင်ဘက်ပိုင်းတွင် ကမ်းခြေနှင့်သာယာလှပနေသော ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် စုဖွဲ့ထားသော တနင်္သာရီဒေသရှိနေပြီး ရန်ကုန်၊ မန္တလေး၊ ပုဂံ စသောရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဂင်းနစ်မှတ်တမ်းဝင် ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းခြင်းခံရသော မြို့ဟောင်းကြီးများနှင့် အခြားအထင်ကရနေရာများရှိနေသည့်အတွက် နိုင်ငံခြားသားများ၏ စိတ်ဝင်စားမှုသည် ယခင်ထက်ပိုမိုများပြားလာကြောင်း၊ အာရှနိုင်ငံခရီးသွားနှင့် ဥရောပနိုင်ငံခရီးသွားများ စိတ်ဝင်စားမှုရှိကာ ဝင်/ထွက်သွားလာနေသည်များရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မြင့်မောင်စိုး**



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက ကျောင်းပရာ ဆရာတော်၊ သံဃာတော်၊ ဆရာကြီး၊ ဆရာလေး ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

# ကွန်ဟိန်းတွင် မူးယစ်ဆေးဝါး ကီလို ၅၀၀ ကျော် သိမ်းဆည်းရမိ

**ကွန်ဟိန်း ဒီဇင်ဘာ ၂၈**

ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့ အမှတ် ၁ ရပ်ကွက် ကွန်ဟိန်းတံတားအနီး တံတားလမ်းဟောင်းတွင် ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ပြောင်းဆန်အိတ်များ တင်ဆောင်လာသော ခြောက်ဘီးယာဉ်သည် လမ်းဘေးခတ်တိုင် ဝင်တိုက်မိရာမှ မူးယစ်ဆေးဝါး အလေးချိန် ၅၁၉ ကီလိုကျော် သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဆန်းလင်းအဖွဲ့တို့သည် ကွန်ဟိန်းမြို့ အမှတ် ၁ ရပ်ကွက် ကွန်ဟိန်းတံတားအနီး တံတားလမ်းဟောင်းတွင် နစ်ဆန်းခြောက်ဘီးယာဉ်တစ်စီး လမ်းဘေးခတ်တိုင်ဝင်တိုက်မိကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ယာဉ်မောင်းကိုမတွေ့ရဘဲ ယာဉ်ပစ္စည်း ပိုင်ရှင် ဒေါ်ပါစံအား တွေ့ရပြီး ယာဉ်ပေါ်တွင် ပြောင်းဆန်အိတ်များ တင်ဆောင်ထားသည်ကို မသင်္ကာသဖြင့် ကြည့်ရှုစစ်ဆေးရာ ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါရောင် အမှုန့်များထည့်ထားသည့် ပီနံအိတ် ၂၃ အိတ်အတွင်းမှ စုစုပေါင်း အလေးချိန် ၅၁၉ ဒသမ ၂၉၄ ကီလို၊ မူးယစ်ဆေးဝါးထည့်ရာတွင် အသုံးပြုသည့် အပြာရောင်ပလတ်စတစ်အိတ်ငယ်(အခွံ) ပါကင်ထုပ်ငါးထုပ်နှင့်အတူ မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

**အရေးယူဆောင်ရွက်**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်/ပစ္စည်း ပိုင်ရှင် ဒေါ်ပါစံနှင့် ယာဉ်မောင်း စိုင်းပီတို့အား ကွန်ဟိန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝဇီဉ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၄ သန်း) စုစုပေါင်းတားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၇၅၄ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Nissan AD Van ယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဖုံး၊ ထိုင်ခုံအောက်များနှင့် ရှေ့ဘီး (ဝဲ၊ ယာ) အကာများတွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၃၀၄ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂ သန်းကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | အသက်ရှူခြင်း အနုပညာ | ဇာနည်ကို | သုဒ္ဒန္တစာပေ | ၅၀၀ |
| ၂။ | ဥပဒေသုတ ဟင်းလင်းအိုးကြီး အတွဲ(၁) | ဥပဒေသုတေသီ-ခင်ဝင်းမြင့် | ရွှေတိုင်းယဉ် | ၂၅၀၀ |
| ၃။ | မင်္ဂလသုတ် ပျို့ဋီကာ | ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသ | မျိုးဆက်သစ် | ၆၀၀၀ |
| ၄။ | ဘာပဲဖြစ်ဖြစ် သတ္တိရှိပါ | မေသကြ်န်ဟိန်(မြစ်မခ) | လဝန်းသစ် | ၂၅၀၀ |
| ၅။ | ကိုယ်ရောင်လင်းအောင်ခြင်းမင်္ဂလာ | ဒီပံလင်း | မျိုးဆက်သစ် | ၃၅၀၀ |
| ၆။ | ကိုယ့်ကိုယ်ကို ပြဋ္ဌာန်းခြင်း | အောင်သင်း | ဇွန်ပွင့် | ၂၅၀၀ |
| ၇။ | ကျွန်ကျမ်း | ဘူဝေး | နှင်းဆီဖြူ | ၂၀၀၀ |
| ၈။ | မေမေ့နို့ရည်ချိုမွှေးမွှေးနှင့်အတူ | ဒေါက်တာ ယုဇနစောမြင့် | ရှင်မတောင် | ၂၅၀၀ |
| ၉။ | အက်ဆေး(၃၀) | ကလောင်စုံ | ဆန်းစသော်တာ | ၃၀၀၀ |
| ၁၀။ | စာအုပ်အစိမ်းနဲ့ ဝိရောဓိနှင့် အခြားဆောင်းပါးများ | မောင်ဉာဏ | တိုးမြစ် | ၃၀၀၀ |


(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မောင်တောမြို့နယ် အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ နယ်မြေ(၁) ဗန္ဓုလ ရဲကင်းစခန်းမှ ယာယီရဲမှူး မြင့်ဌေး ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Targupara ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Ahsan Ullah ဦးစီး တပ်ဖွဲ့ဝင်များ၊ စကားပြန်၊ လမ်းပြသုံးဦးတို့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက မိမိတို့နိုင်ငံအသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်း အတိုင်း နယ်နိမိတ်မှတ်တိုင် (၅၂) မှ(၅၃)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# တိုင်းရင်းသား အခွင့်အရေးများဆိုင်ရာဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များကောက်ယူခြင်းဆိုင်ရာ အစီအစဉ်ပြုလုပ်

**လွိုင်ကော် ဒီဇင်ဘာ ၂၈**

တိုင်းရင်းသား အခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းဆိုင်ရာ အစီအစဉ်ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့နယ် ထေးဌားလျားစံပြကျေးရွာ ခန်းမဆောင်တွင် ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များကို ပိုမိုသိရှိနားလည်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးပွဲများကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားအခွင့်အရေးဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်အောင် ဖတ်မှတ်နိုင်မှ အစိုးရနှင့်ပြည်သူအကြား မှန်ကန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိမှာဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာရုံးများမှ တစ်ဆင့် တိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ ကာကွယ်စောင့်ရှောက်ခွင့်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ် ဖော်ဆောင်ပေးနေပြီဖြစ်ကြောင်း၊ ယခုလို တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဒီမော့ဆို၊ ဖရူဆို၊ ဘောလခဲစသည့်ဒေသများမှာလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသီဟစိုးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းကို ရှင်းလင်းတင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသန်းက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

ကယားပြည်နယ်တွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးရုံး ရရှိပြီးနောက် တိုင်းရင်းသားလူမျိုးများအလိုက် ကော်မတီရုံးများကိုလည်း တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးရုံးနှင့် ကပ်လျက်တွင် မကြာမီဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အခန်း ၁၀ ခန်းဖြစ်ပြီး ကယားပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားဘာသာစာပေကော်မတီအလိုက် တစ်ခန်းစီချထားပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် အဆိုပါရုံးများတွင် မိမိတိုင်းရင်းသားများ၏ အကျိုးစီးပွားတိုးတက်ရေးကို အစွမ်းကုန်ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံကြောင်း၊ တိုင်းရင်းသားများ၏ အကျိုးကို ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**



# ဘားအံမြို့တွင် စက်ယန္တရားမောင်းနှင်ခြင်း သင်တန်းကျောင်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် (ဂျပန်နိုင်ငံ) J Think Myanmar Co.,Ltd နှင့် Trust & Gain Co.,Ltd တို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ရည်ရွယ်ပြီး စက်ယန္တရားကြီးများ မောင်းနှင်ခြင်း သင်တန်းကျောင်းဖွင့်ပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက တရုတ်လှကျေးရွာရှိ Trust &Gain Co.,Ltd၏ ဘားအံ ရွှေတောင်ကြား သင်တန်းကျောင်း၌ ကျင်းပသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်တင်တင်ဌေးက သင်တန်းသားများအား စက်ယန္တရားမောင်း လိုင်းစင်(ဂ) ထုတ်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး J Think Myanmar Co.,Ltd နှင့် Trust & Gain Co.,Ltdတို့မှ တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စက်ယန္တရားကြီးများ မောင်းနှင်ခြင်းသင်တန်းတွင် ကရင်ပြည်နယ် အပါအဝင် ပြည်နယ်နှင့် အနီးဝန်းကျင်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား ၁၀ ဦးအား သင်တန်းကာလ တစ်လနီးပါး အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်တွင် နှစ်သစ်ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် LED မီးထွန်းပွဲတော်ကျင်းပ

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်သစ်ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေနိုင်ရေးအတွက် ရည်ရွယ်ကာ LED မီးသီးပေါင်း တစ်သောင်းကျော် အသုံးပြု၍ ပျော်ပွဲရွှင်ပွဲ LED မီးထွန်းပွဲတော်ကို အရှေ့ပိုင်းရပ်ကွက်ရှိ ပွင့်မာလာပန်းခြံတွင် ပြုလုပ်လျက်ရှိရာ ညစဉ်ပွင့်ဖြူမြို့ပေါ်ရှိရပ်ကွက်လေးရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေကြကြောင်း LED မီးထွန်းပွဲတော် စီစဉ်ကျင်းပသည့် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

"ပြည်သူတွေအတွက် စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်အောင် LED မီးထွန်းပွဲတော်ကို စီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ LED မီးထွန်းပွဲတော်မှာ အလှဆင်မီးသီးပေါင်း တစ်သောင်းကျော်ပါဝင်ပြီး ပြည်သူများ သဘောကျနှစ်ခြိုက်စေရန် ပြသထားတဲ့ အလှပြမီးသီးပုံသဏ္ဍာန်တွေကတော့ လမင်းပုံ၊ ပန်းသီးပုံ၊ လိပ်ပုံ၊ ဂစ်တာပုံ၊ သူယောင်မယ်ပုံ၊ ကာတွန်းရုပ်ပုံ၊ အသဲပုံ၊ စာဘူးတောင်းပုံ၊ ပန်းပွင့်ပုံ၊ အဝင်လျှောက်လမ်း အလှပြမီးသီးပုံ အပါအဝင် အခြားအလှဆင်မီးသီးများကို စီစဉ်ပြသပေးထားပါတယ်။ ဒေသခံပြည်သူတွေကလည်း ယခုလို LED မီးထွန်းပွဲတော် ပြုလုပ်ပေးတာကို သဘောကျ နှစ်ခြိုက်မှုရှိပါတယ်။ LED မီးထွန်းပွဲတော်ကိုတော့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)



# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ခရီးသွားဧည့်သည်များ တစ်ပတ်အတွင်း ၂၄၀၀၀ ကျော် ဝင်ရောက်လည်ပတ်

**တာချီလိတ် ဒီဇင်ဘာ ၂၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ နေ့ချင်းပြန်၊ ညအိပ်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားများအပါအဝင် စုစုပေါင်း ၂၄၇၁၇ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

တာချီလိတ် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်တွင် ထိုင်းနိုင်ငံသား ၂၂၅၉၂ ဦး၊ တတိယနိုင်ငံသား(နိုင်ငံခြားသား) ၂၉၃ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၄၄၀၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ၁၃၉၂ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

ထို့ပြင် တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းသည့် မြို့များဖြစ်သော ဟဲဟိုး၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးမြို့များမှတစ်ဆင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်ထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၇၄၁၅၇၄ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၈၈၉၅ ဦး၊ တာချီလိတ်မြို့မှ ဗီဇာဖြင့် ပြည်တွင်းပိုင်းခရီးစဉ်သို့ ၁၅၅၁၆ ဦး စုစုပေါင်း ၇၆၈၀၀၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ဝေယံလင်း(တာချီလိတ်)

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများကျင်းပ

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ကျင်းပသည်။

ပြိုင်ပွဲတွင် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာကို 'စည်းလုံးညီညွတ်ခြင်းမှသည် အနာဂတ်ဆီသို့'၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာကို 'သူကျွန်မခံဇာတိမာန်' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အိမ်မဲ (ပြန်/ဆက်)

**ရှမ်းရွာသစ်**
ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အရပ်ဆက်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမနှင့် ကလေးစာဖတ်ခန်းတို့တွင် ကျင်းပခဲ့သည်။

အရပ်ဆက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ နှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ရန်ကုန်**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ခရိုင်အဆင့် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(သန်လျင်) ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ကျင်းပရခြင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မွေးကင်းစမှ ခြောက်လအထိ ငါးဦး၊ ခြောက်လမှ တစ်နှစ်အထိ ငါး ဦး၊ တစ်နှစ်မှ နှစ်နှစ်အထိ ခုနစ်ဦး၊ အမြွှာ လေးမြွှာ၊ စံပြသားကောင်းမိခင် ခုနစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

သန်လျင် (ပြန်/ဆက်)



# ရေတာရှည်မြို့နယ် ပျူသုသာန်နေရာတူးဖော်သူများအား ထိရောက်စွာ တားမြစ်ဆောင်ရွက်သင့်



**ရေတာရှည် ဒီဇင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကံပဲ့ပြင်-ကသစ်တန်းရွာသွား တောလမ်းဘေးတွင်ရှိသည့် ပျူသုသာန်အား လွန်ခဲ့သောနှစ်များစွာကတည်းက အနယ်နယ်အရပ်ရပ်မှ လာရောက်တူးဖော်သူများကြောင့် မြေကျင်းများကိုတွေ့ရှိရပြီး ယခုနောက်ပိုင်း ဒေသခံရွာလူထုမှ လက်ခံခြင်းမရှိတော့သဖြင့် လာရောက်ခြင်းမရှိတော့ကြောင်း ကံပဲ့ပြင်ကျေးရွာ ရာအိမ်မှူး ဦးမောင်အေးက ပြောပြသည်။

အဆိုပါ ပျူသုသာန်နေရာတောင်ကုန်းမှ နှစ်နေရာဖြစ်သော်လည်း အရှေ့ဘက်တောင်ကုန်းမှာ တူးဆွမှုနည်းပါးသည်ကိုတွေ့ရပြီး တူးဆွထားသောမြေကျင်းကြီးများ၊ အမွေးတိုင်ထွန်းညှိထားသောနေရာများမှာ ယခုတိုင် တွေ့မြင်ရဆဲဖြစ်သည်။

"နားတောင်း၊ ဆွဲပုတီး၊ လက်ပတ်ပတီး ဒါတွေ တွေ့တယ်၊ နောက် အရုပ်မျိုးစုံတွေ့တယ်။ ဓား၊ လှံ၊ ပုံသဏ္ဍာန်မျိုးစုံပါတယ်" ဟု ကံပဲ့ပြင်ရွာနေ ဦးမြဟန်က ရှင်းပြသည်။

မြန်မာနိုင်ငံသမိုင်းတွင် ပျူလူမျိုးတို့ ပျံ့နှံ့နေထိုင်လာခဲ့သည့် သမိုင်းများရှိခဲ့သည့်အလျောက် တာဝန်ရှိသူများနှင့် ဒေသခံများက တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်နေရာများကို အကာအကွယ်များ ထိရောက်စွာပေးသင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးဝင်း လေးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယတိုင်းဒေသကြီး တာဝန်ခံအရာရှိက အမှာစကားပြောကြားသည်။ ဆက်လက်၍ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား လေးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း)ငွေကျပ် ၁၅၅၂၄၈၃၇ ဒသမ ၃၃ နှင့် အာမခံအလုပ်သမားတစ်ဦး၏ ဆေးဖိုးကုန်ကျငွေ ပြန်လည်ထုတ်ပေးခြင်းငွေကျပ် ၂၄၁၃၂၀၀ စုစုပေါင်း ခွင့်ပြုထုတ်ပေးငွေကျပ် ၁၇၉၃၈၀၃၇ ဒသမ ၃၃ အား ခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူများကိုယ်စား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်ထောက်အင်ဂျင်နီယာ ဦးစောသီဟထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ **ကြေးမုံ**

# မွန်ပြည်နယ်တွင် စည်းကမ်းမဲ့ယာဉ်အားလုံးကို ရက်၁၀၀စီမံချက်ဖြင့် အရေးယူသွားမည်

**မော်လမြိုင် ဒီဇင်ဘာ ၂၈**
မွန်ပြည်နယ်တွင် စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးအရေးယူမှုကို ရက် ၁၀၀ စီမံချက်ဖြင့် ၁၀ မြို့နယ်လုံး တစ်ပြိုင်နက် လုပ်ဆောင်သွားမည်ဟု မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ဆောင်သွားမည်ဖြစ်ကာ ၂၀၁၉ နှစ်ဆန်းပိုင်းတွင် စတင်မည်ဟုသိရပြီး လိုင်စင်မဲ့ယာဉ်အားလုံးကို ဥပဒေအတိုင်း ဖမ်းဆီးသွားမည်ဟု သိရသည်။

စီမံချက်တွင် အသိပညာပေးခြင်း၊ ဖမ်းဆီးအရေးယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူ၍ အပိုင်းသုံးပိုင်းခွဲထားပြီး တစ်ပတ်တစ်ကြိမ်တိုးတက်မှုအစီရင်ခံစာများ၊ အောင်မြင်မှုရှိ-မရှိ တစ်လတစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဟု သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ပေါင်းလောင်းမြစ် အဝီယာဆည် 'ဝဲ' တိုက်ရိုက်လက်တံမြောင်းအား ကျောက်ကပ်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**
ပျဉ်းမနားမြို့နယ်(အရှေ့) ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းတွင်ရှိ အဝီယာ၏ 'ဝဲ' တိုက်ရိုက်လက်တံမြောင်းအား ကျောက်ကပ်ခြင်း၊ အာစီကြမ်းခင်းခြင်းများအား လုပ်ဆောင်နေမှုကို ဒီဇင်ဘာလဒုတိယပတ်က တွေ့မြင်ရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ S.A.E ဦးအောင်ဘိုဘိုနှင့်အတူ လုပ်သားအင်အား လက်ရှိ ၁၅၀ ကျော်နှင့် မြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေတိုက်စားမှု ကြံ့ခိုင်စေရန်အတွက် 'ဝဲ' တိုက်ရိုက်လက်တံမြောင်းမကြီးအား သန့်ရှင်းခြင်း၊ မြေညှိခြင်း၊ မြေဖို့ခြင်း၊ ချိန်ညှိခြင်းတို့အား စတင်ပြုလုပ်စေပြီး မြောင်းမအလယ်တွင် ရေတိုက်စားမှုဒဏ်ခံနိုင်ရန်အတွက် ကွန်ကရစ်ကြမ်းခင်းများကို စတင်၍ လုပ်ဆောင်နေကြောင်း၊ ထို့နောက် မြောင်းအတွင်း ဝဲ-ယာဘက်များအား ကျောက်ပြားများနှင့် နံရံကပ်မည်ဖြစ်ကြောင်းကိုလည်း တာဝန်ရှိသူ ဦးဌေးအောင်ထံမှ သိရှိရသည်။

"ဒီဇီးဖြူပင်ရွာအရှေ့ဘက်ကနေပြီး လေးကသိမ်းရွာနားအထိ ပေ ၆၀၀၀ အရှည်ကို ဦးအောင်ဘိုဘိုက ဦးစီးလုပ်ဆောင်တယ်။ ဆည်ရေသောက်တဲ့ ဟိုးအောက်ဘက်အထိပဲ" ဟု ဦးဌေးအောင်က ပြောကြားသည်။

ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ် အဝီယာဆည်အား ၂၀၀၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**



# သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးဆောင်ရွက်သည့်နေရာသို့ သွားရောက်အားပေးကြည့်ရှုကြသည်။

ဆုချီးမြှင့်ပွဲတွင် မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်ထိနှင့် သုံးမွှာမွေး၊ နှစ်မွှာမွေးများကိုလည်း မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်၊ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို မိခင်များနှင့် ကလေးသားငယ်၊ သမီးငယ်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကလေးငယ်များကို အမှတ်တရပစ္စည်းများ၊ အစားအသောက်များ ပေးအပ်ကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **၆၈၄**

## တိုတိုထွာထွာဖတ်စရာ

### သံတွဲတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သံတွဲ**
ရခိုင်ပြည်နယ် သံတွဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒီဇင်ဘာ ၂၈ ရက် နံနက်က သံတွဲမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြဝတီဘဏ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးနေလင်းကျော်က မြဝတီဘဏ်ဝန်ထန်းများအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောကာ ဘဏ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးငြိမ်းသတ်ခြင်း သင်ခန်းစာများကို သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

### အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ဆိုင်များစစ်ဆေး

**မုဒုံ**
မုဒုံမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် မုဒုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးလှအောင်နှင့် တာဝန်ရှိသူများသည် ကွေ့ဝမ်းကျေးရွာဈေးအတွင်းရှိ ဆေးဆိုင်၊ အလှကုန်ပစ္စည်းနှင့် စားသောက်ဆိုင် ၁၀ ဆိုင်အားစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ညောင်လေးပင်တွင် လူကုန်ကူးမှုအသိပညာပေးဆွေးနွေး

**ညောင်လေးပင်**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ၂၇ ရက် နံနက် ၁၁ နာရီက Women Club အဖွဲ့မှ လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသေ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားပြီး Women Club အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာသန်းက လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာများ ဆွေးနွေးသည်။ Women Club အဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများကလည်း ပါဝင်ဆွေးနွေးကြသည်။ **ရဲမြန်မာ(ညောင်လေးပင်)**

### ထားဝယ်မြို့တွင် မူခင်းအသိပညာပေးဆွေးနွေး

**ထားဝယ်**
ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်တွင် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒီဇင်ဘာ ၂၇ ရက်တွင် မူခင်းကျဆင်းရေးပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ထားဝယ်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဌေးဝင်း၊ မူးယစ်တပ်ဖွဲ့မှ ဒုရဲမှူးစံသောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ကျော်၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့မှ ဒုရဲအုပ်မြနွယ်တို့က မူခင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအကြောင်းတို့အား ဟောပြောဆွေးနွေးခဲ့ရာ ဒေသခံ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **၅၂၆**

### မိုးမောက်တွင် ကွန်ပေါင်းဓာတ်မြေဩဇာများပေးအပ်

**မိုးမောက်**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် တောင်သူများသို့ ကွန်ပေါင်းဓာတ်မြေဩဇာ ၁၆ အိတ် ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်နှင့် တာဝန်ရှိသူများက ကျရီဒင်္ဂါ အုပ်စု၊ မံပုံအုပ်စု၊ မိုင်းခတ်အုပ်စုတို့မှ တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာအိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ သင်တန်းဆင်း

**မယ်စဲ့**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်း၊ မီးသတ်စက်ကလေး၊ စက်ကြီးတို့နှင့် မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**လေးမျက်နှာ**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် အရန်မီးသတ်သင်တန်းဆင်းပွဲအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဒီဇင်ဘာ ၂၈ နံနက် ၁၀ နာရီက အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထို့နောက် သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ သင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၈ ရက်ထိ ရပ်ကွက်နှင့် ကျေးရွာများမှ အရန်မီးသတ်သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှေ့နေနှင့်ငြိမ်းချမ်းရေး

ဦးဟန်ညွန့်(ဥပဒေ)




အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၏ ၂၁-၁၂-၂၀၁၈ ရက်စွဲပါ သတင်းထုတ်ပြန်ချက်က တိုက်ဆိုင်စွာ ဤနှစ်၊ ဤလ၊ ဤရက်မှာ ထွက်ပေါ်လာသည်။ ခရစ္စမတ်ကာလ၊ အားရဖွယ် မင်္ဂလာအချိန်။ ကောင်းချီးမင်္ဂလာ ပြည့်စုံပါပေသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို ပြည်သူအများ အားထားကြိုဆိုကြကုန်သည်။ ဆက်၍ရှုပါ။

## စစ်ရေးရပ်တန့်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပီပြင်ဖို့၊ ကြည်လင်ဖို့၊ ရှင်းလင်းပြတ်သားဖို့ အချိန်တန်ပါပြီ။ သေနတ်သံများစဲချိန်တန်၊ ငြိမ်းချမ်းရေးတေးသံလွင့်ပျံ့ချိန်တန်ပြီ။

MNTJP၊ PSLF၊ ULA အဖွဲ့သုံးဖွဲ့က စစ်ရေးဆိုင်ရာ ဦးစွာရပ်တန့်။ စစ်ရေးမှအပ နိုင်ငံရေးနည်းလမ်းဖြင့်သာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဆက်လက်ပါဝင်ကြမည်သာဟု သေချာစွာ ကြေညာသည်။

ငြိမ်းချမ်းရေးကော်မရှင်ကလည်း ကြိုဆိုထောက်ခံပြီ။ ဆက်လက်ညှိနှိုင်းမည်။ ပူးပေါင်းမည်။ ဆောင်ရွက်မည်။ အများပြည်သူ ကြိုဆိုသည်။

တပ်မတော်ဘက်က အစီအမံများကို တင်ပြပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့်လည်း ဆက်လက်ဆွေးနွေးမည်။

ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းမည်ဟူသည့် သန္နိဋ္ဌာန်ကို ဆက်လက်အကောင်အထည်ဖော်မည် စသည်ထုတ်ပြန်သည်။

## သမိုင်းသုတေသန

ကျွန်တော်က စာသမားမို့။ ငြိမ်းချမ်းရေးအကြောင်း စာအုပ်တွေရှာဖွေ ဖတ်ရှုမိသောအခါ၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ထုတ်ဝေသည့် စာအုပ်ကိုရှာဖွေတွေ့ရှိသည်။ ဒေါက်တာစိန်မြင့် ရေးသားပြုစုတာပါ။ စာအုပ်အမည်က ‘မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးရေးဖြင့် ငြိမ်းချမ်းရေး(၁၉၆၃-၁၉၈၈)’ ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ငြိမ်းချမ်းရေးအကြောင်း ရေးသည့်စာအုပ်မို့ ကျွန်တော် ရှာဖွေဖတ်ရှုမိသည်။

## ရေးသားဖော်ပြချက်များ

လွတ်ငြိမ်းချမ်းသာခွင့်နှင့် တွေ့ဆုံဆွေးနွေးရေး၊ လူမျိုးစု လက်နက်ကိုင်အင်အားစု နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးနှင့် ရှေ့တိုး ခြေလှမ်းများစသည့် အခန်းများပါဝင်သည်။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ မဖတ်မဖြစ်သော စာအုပ်ဟု ဆိုပါရစေ။

အပစ်အခတ်မရပ်၊ ဆွေးနွေးပွဲများသာ ရပ်ခဲ့ပြီ။ တော်လှန်ရေးကောင်စီနှင့် နိုင်ငံရေးပါတီများ ဆွေးနွေးပွဲ၊ စားပွဲဝိုင်းဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြန်လည်တွေ့ဆုံရေး၊ ငြိမ်းချမ်းရေး မျှော်လင့်ချက်နှင့် ရှုမြင်သုံးသပ်မှု အခန်းများမှာ စိတ်ဝင်စားဖွယ်၊ နည်းယူဖွယ် သမိုင်းသင်ခန်းစာများဟု ကျွန်တော်ထင်မြင်သည်။

## ပြည်သူ့ကြွေးကြော်သံ

ပြည်သူ့ကြွေးကြော်သံအဖြစ် ထိုစာအုပ်တွင် အောက်ပါအသံကို ဖော်ပြထားသည် -

- တွေ့ဆုံဆွေးနွေးရေး ကြိုဆိုကြ၊ ကြိုးပမ်းကြ။
- ပြည်တွင်းငြိမ်းချမ်းရေး ပြည်သူ့အင်အားဖြင့် တည်ဆောက်ကြ။
- ထိုးစစ်၊ တိုက်စစ် ရပ်စဲပစ် ရပ်စဲပစ်။
- ဗဟိုဗဟိုချင်း တွေ့ဆုံကြ၊ ဆွေးနွေးကြ။

## မရပ်မနားဆက်လက်ဖြစ်ပွား

လက်နက်ကိုင်အင်အားစုများသည်လည်း လက်နက်အပ်ရေးကို လုံးလုံးစိတ်မဝင်စား။

လက်နက်ကိုင်လျက် ငြိမ်းချမ်းရေးကိုသာ တည်ဆောက်လို။

“ထိုသို့ဖြင့် ငြိမ်းချမ်းရေးတမ်းတမှု မျှော်လင့်ချက်များသည် ပျောက်ကွယ်လျက်၊ ပျောက်ဆုံးသွားလျက်သာ ရှိနေခဲ့ရပြီ။ တွေ့ဆုံဆွေးနွေးရေးသည်လည်း ပျောက်ကွယ်ခဲ့ရ၊ ပျက်ပြားခဲ့ရပေတော့သည်။ ပြည်တွင်းစစ်သည်လည်း မရပ်မနား ဆက်လက်ဖြစ်ပွားခဲ့လေတော့သည်” ဟု သမိုင်းပညာရှင် ဒေါက်တာစိန်မြင့်က “မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးရေးဖြင့် ငြိမ်းချမ်းရေး (၁၉၆၃-၁၉၈၈)” စာအုပ်တွင် ကြေကွဲစွာ နိဂုံးချုပ်ရေးသားခဲ့လေသည်။

## ဆရာကြီးမြသန်းတင့်၏ စာတစ်အုပ်

ဒုတိယစာအုပ်တင်ပြပါရစေဦး။

စာရေးဆရာကြီး မြသန်းတင့်က ‘အတ္ထုပ္ပတ္တိ၏ အတ္ထုပ္ပတ္တိ’ အမည်ရှိ စာတစ်အုပ်ကို ၂၀၀၂ ခုနှစ်က ရေးသားထုတ်ဝေခဲ့တာပါ။ အဆိုပါစာအုပ်တွင် သတိပြုမှတ်သားစရာပါဝင်သည်။ ၂၂-၉-၁၉၈၆ မှ ၂၄-၉-၁၉၈၆ အထိ ယုဒသန်ရိပ်သာတွင်ကျင်းပခဲ့သော ငြိမ်းချမ်းရေးအတွက် ခရစ်တော် ယနေ့အသက်ရှင်ခြင်း လေ့လာဆွေးနွေးပွဲ၌ ဆရာကြီး မြသန်းတင့် ဟောပြောခဲ့သော ဟောပြောချက်ပါ။

ထိုဟောပြောချက်မှာ -

ငြိမ်းချမ်းရေးအကြောင်းနှင့် တိုက်ဆိုင်ဆက်စပ်နေပါ၍ ဤနေရာတွင် ပြန်လည်ဆန်းသစ် ဖော်ပြသင့်သည်ဟု ကျွန်တော်ယုံသည်။ ရှုပါ။

## ငြိမ်းချမ်းရေးဆိုတာဘာလဲ။(What is PEACE? )

(Jesus Christ is Peace ) မွေးလာကတည်းက with peace ။ သေသွားတော့လည်းwith peace ။ သူ့ဘဝတစ်လျှောက်လုံးမှာလည်း with peace။ သိုးကျောင်းသားလေးတွေက နွားစာခွက် (manger) ထဲမှာ ကလေးကိုတွေ့တယ်။ ကြယ်ကြီးပေါ်ထွန်းလာပြီး Angels တွေက Glory to God in the highest on earth mercy& peace toward men (မြေပြင်ပေါ်၌ လူသားအားလုံး ကရုဏာနှင့် ငြိမ်းချမ်းခြင်းရှိစေသတည်း။ ကောင်းကင်တမန်က ဆိုပြီးတော့မှ everybody rejoice၊ Jesus Christ ဟာ မွေးကတည်းက အားလုံးရွှင်လန်းပြီး မွေးလာတယ်။ ယေရှုက ခိုက်ရန်ဖြစ်ပွားခြင်းကို ငြိမ်းအောင် ပြုလုပ်သော သူတို့သည် မင်္ဂလာရှိကြ၏) ဟု စာရေးဆရာကြီး မြသန်းတင့်က ဟောပြောခဲ့ဖူးသည်။ မှတ်သားဖွယ်၊ မမေ့ရက်ဖွယ်မို့ ယနေ့ ခရစ္စမတ်ချိန်ခါတွင် ပြန်လည်မျှဝေတင်ပြရခြင်းပါ ခင်ဗျာ။ မည်မျှတန်ဖိုးရှိလှပါသလဲ။

## နိုင်ငံတော်ပုဂ္ဂိုလ်ကြီးများ

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ အလျှိုရှင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် တက်ရောက်သူပရိသတ်အပေါင်းနှင့်အတူ ခရစ္စမတ်ဖယောင်းတိုင် ထွန်းညှိကြသည်။ ကြည်နူးတက်ကြွဖွယ် ဆုမွန်ကောင်းများတောင်းကြသည်။ ဓမ္မတေးသီချင်း သီဆိုကြသည်။ တိတ်ဆိတ်ည။ သန့်ရှင်းည။

ထို့နောက် ဒုတိယသမ္မတ၏ဇနီး ဒေါက်တာရွှေလွှမ်း ဦးဆောင်၍ သမ္မတကြီးဟောင်းဇနီး ဒေါ်စုစုလွင်တို့အဖွဲ့က ခရစ္စမတ် စုပေါင်းသီချင်း သီဆိုခြင်းမှာ အဆိုတော်ဆုန်သင်းပါရ်နှင့် ဖြူဖြူကျော်သိန်းတို့ပင် အရှုံးပေးလောက်အောင် ချမ်းမြေ့ကြည်နူးရပုံကို (မဆိုတတ်ဆိုတတ်နှင့် ကျွန်တော်တို့က) အားပေးသီဆိုလျက် လေးစားချစ်ကြည်မှုပြုခဲ့ကြပါသည်။ တိတ်ဆိတ်ည၊ သန့်ရှင်းည၊ ငြိမ်းချမ်းည၊ ခရစ္စမတ်အကြိုည။

## နိဂုံး

(၁) မေတ္တာတော် ဘုန်းတန်ခိုးပိုမိုသန့်ရှင်းကြည်လင် တောက်ပပါစေ။
(၂) အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေ။
(၃) ကျေးဇူးတော်ကို ချီးမွမ်းလျက် Merry Christmas ပါဟု တင်ပြရင်း ငြိမ်းချမ်းရေးပန်းတိုင်သို့ အတူတကွ လျှောက်လှမ်းကြပါစို့။

## နိဒါန်း

“ဆရာ”
“ဗျာ”
“ဘာမှမပြောတော့ဘူးလား”
“အေးဗျာ”
“ပြောစရာရှိတာ ပြောပါဆရာရဲ့”
“ငြိမ်းချမ်းရေးအကြောင်းပေါ့ဗျာ”

## ခရစ္စမတ်ပွဲအကြို

နေပြည်တော်ညသည် ချမ်းအေးစပြုပြီ။

ဒုတိယသမ္မတ ဦးဟန်နရီဗန်ထီးယူ၏ နေအိမ်၌ ကျင်းပသည့်ပွဲ။ ခရစ္စမတ်ပွဲအကြိုည။ ၂၀၁၈ ဒီဇင်ဘာ ၂၁ ည။

တိတ်ဆိတ်ည၊ သန့်ရှင်းည . . . သူငယ်တော် အိပ်စဉ်ခါကောင်းကင်မှာ . . . ကြယ်လင်းရောင်ခြည်၊ သူငယ်တော်ပေါ် . . . ထွန်းတောက်သည်၊ ကောင်းကင်ငြိမ်သက်ခြင်းသည် ကိုယ်တော်ပေါ်မှာတည်၏။

တိတ်ဆိတ်ည၊ သန့်ရှင်းည၊ မှောင်ကွယ်သွား ရောင်ခြည်လာ၊ ကောင်းကင်သားများ သီချင်းသံ၊ သိုးထိန်းသားများတို့နာခံ။ ခရစ်တော်ကယ်တင်ရှင်၊ မြေကြီးပေါ်သို့ သက်ဆင်း။

တိတ်ဆိတ်ည (Silent Night)၊ သန့်ရှင်းညကျူးကို ပရိသတ်တို့ အားတက်ဖွယ်၊ ရွှင်လန်းဖွယ် စုပေါင်းညီညာသံပြိုင်သီဆိုခဲ့ကြသည်။ ဤအတွေ့အကြုံမှာ စာရေးသူအဖို့ မကြုံဖူး၊ ထူးကဲသော ခံစားမှု ရွှင်မြူးဖွယ်ပီတိအပြည့်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အကြီးအကဲများ လူကြီးမင်းများ စုံလင်စွာ တက်ရောက်ချီးမြှင့်သည့်ပွဲ။ မွေးနေ့တော်နှင့် ကျေးဇူးတော် ချီးမွမ်းခြင်းအစီအစဉ်၊ ပီပြင်စွာ ဆောင်ရွက်နိုင်ခြင်း။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေဟု ပရိသတ်အပေါင်း၏ ဆုတောင်းသံများ ဝေဝေစည်စည်။

နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၊ နိုင်ငံ့အကြီးအကဲများ ကျန်းမာရွှင်လန်းကြပါစေ။ လိုအင်ဆန္ဒပြည့်ဝကြပါစေ။ ခရစ်ယာန်ဂိုဏ်းပေါင်းစုံက နှုတ်ခွန်းဆက်သသည်။ “ခရစ္စမတ်တေး သီချင်းသံသာများက အိမ်တော်တစ်ဝန်းလုံးသို့ လွင့်ပျံ့လျက် . . .”

## ငြိမ်းချမ်းရေး

ဤသို့သော ခရစ္စမတ်ရက်မြတ်ချိန်ခါတွင် . . .။

> “တွေ့ဆုံဆွေးနွေးရေး ကြိုဆိုကြ၊ ကြိုးပမ်းကြ။ ပြည်တွင်းငြိမ်းချမ်းရေး ပြည်သူ့အင်အားဖြင့် တည်ဆောက်ကြ။ ထိုးစစ်၊ တိုက်စစ် ရပ်စဲပစ် ရပ်စဲပစ် . . .”

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ရှမ်းပြည်နယ်တရားလွှတ်တော်အတွင်းရှိ တရားရေးအရာရှိများနှင့် တွေ့ဆုံ



**တောင်ကြီး ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်သည် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်စန္ဒာအောင်တို့နှင့်အတူ ဒီဇင်ဘာ ၂၆ ရက်က ဟိုပုံးမြို့တွင် တရားရုံးဆောက်လုပ်မည့် နေရာသို့ သွားရောက်စစ်ဆေး၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တရားလွှတ်တော် တောင်ကြီးခရိုင် တရားရုံးနှင့် တောင်ကြီးမြို့နယ်တရားရုံးများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှမ်းပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်က မိမိဌာနနှင့် ဆက်နွယ်ပတ်သက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အများပြည်သူကြားတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ချမှတ်ထားသော မဟာဗျူဟာစီမံကိန်းအရ အမှုများကို ခြောက်လထက်မကြန့်ကြာစေရန် တစ်နှစ်ထက် ကြန့်ကြာသောအမှုများကို အမြန်ဆုံး ပြီးပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်၊ မြို့နယ် တရားသူကြီးများ စသည်ဖြင့် ရာထူးအဆင့်အတန်းအခေါ်အဝေါ်များ ကွဲပြားနေစေကာမူ မိသားစုဝင်များဖြစ်ကြပြီး မည်သည့်အဆင့်မှ မှားယွင်းသည်ဖြစ်စေ တရားရုံးပုံရိပ်ကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ အထက်အောက် တာဝန်ယူမှု၊ တာဝန်ခံမှုအဆင့်ဆင့်ဖြင့် တရားရုံးပုံရိပ်ကောင်းများ ဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နှစ်သစ်ကူးရုံးပိတ်ရက် ရန်ကုန်မြို့နေပြည်သူများ ဘုရားဖူးထွက်ခြင်းနှင့် အပန်းဖြေကမ်းခြေများသွားရောက်မှု ယခင်နှစ်များထက် ပိုမိုများပြားလာ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၉ ခုနှစ် နှစ်သစ်ကူး အများပြည်သူရုံးပိတ်ရက်ကာလတွင် ရန်ကုန်မြို့နေပြည်သူများအနေဖြင့် ဘုရားဖူးထွက်ခြင်းနှင့် အပန်းဖြေကမ်းခြေများသို့ သွားရောက်မှုမှာ ယခင်နှစ်များထက်ပိုမိုများပြားလာကြောင်း ရန်ကုန်မြို့ရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

"ငွေမိုးအိမ်"မြန်မာပြည်အနှံ့ ခရီးသွားလက်မှတ်အရောင်းဌာနပိုင်ရှင် ဦးဘွန်တောက "ဒီနှစ် နှစ်သစ်ကူးရုံးပိတ်ရက်မှာတော့ အရင်နှစ်တွေထက် မြန်မာပြည်အနှံ့ဘုရားဖူးသွားကြတယ်။ အများစုကတော့ မန္တလေး၊ ပုဂံ-ညောင်ဦး၊ ပြင်ဦးလွင်ကို သွားကြတာပါ။ ပြင်ဦးလွင်ကတော့ ပန်းပွဲတော်ရှိလို့ပိုပြီးသွားကြတယ်။ ဒီနှစ်ကတော့ ခရီးသွားအတော်များတဲ့နှစ်ပါ။ ဒီနှစ်သစ်ကူးမှာ ခရီးသွားအများဆုံးလို့ ထင်ပါတယ်။ တန်ဆောင်တိုင်နဲ့ သီတင်းကျွတ် ရုံးပိတ်ရက်တွေထက် ခရီးသွားတဲ့သူတွေပိုများပါတယ်" ဟုပြောသည်။

တာမွေမြို့နယ်မှ ဦးဝင်းသန်းက "ပြီးခဲ့တဲ့ သင်္ကြန်တုန်းကတော့ မန္တလေးကိုဘုရားဖူးသွားတယ်။ အခုတော့ ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ ရွှေစက်တော်ကိုသွားမယ်။ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုတွေ၊ ရိုးရာအမွေအနှစ်တွေကို လေ့လာချင်လို့ပါ။ အရင်တုန်းကတော့ အလုပ်ကိစ္စနဲ့ နှစ်ခေါက်လောက်ရောက်ဖူးပါတယ်။ ဒီတစ်ခါတော့ မိသားစုတွေ ပျော်ပျော်ပါးပါးသွားကြတာပါ။ နေရာစုံအောင်လည်မယ်လို့ စိတ်ကူးထားပါတယ်"ဟု သူ၏ခရီးစဉ်ကို ပြောသည်။

ယခုနှစ် နှစ်သစ်ကူး အများပြည်သူရုံးပိတ်ရက်သည် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ လေးရက်ကြာဖြစ်သည့်အလျောက် ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ရုံးပိတ်ရက်နှင့် ကိုက်ညီသည့် မြန်မာပြည်အနှံ့ ဘုရားဖူးခရီးစဉ်များကို သွားရောက်ခြင်းနှင့် ချောင်းသာ၊ ငွေဆောင်ကဲ့သို့သော အပန်းဖြေကမ်းခြေများသို့ သွားရောက်မှုများမှာ ယခင်နှစ်များထက် ပိုမိုများပြားလာသည်။



"ရွှေလမ်းခရီး" မြန်မာပြည်အနှံ့ဘုရားဖူးနှင့် အပန်းဖြေ ခရီးသွားပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကလည်း ယခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်တွင် သီတင်းကျွတ်၊ တန်ဆောင်တိုင် အစိုးရရုံးပိတ်ရက်များထက် ခရီးထွက်သူပိုမိုများပြားကြောင်း၊ ထိုသို့သွားရောက်ရာတွင်လည်း မြန်မာပြည်အနှံ့ ဖြစ်ကြောင်း၊ ယင်းတို့အနက် ယခုရုံးပိတ်ရက်တွင် တောင်ကြီးခရီးစဉ်မှာ သွားရောက်သူအများဆုံးဖြစ်ကြောင်း ပြောသည်။

ဒဂုံ(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်မြင့်မြင့်လှိုင်က "ဒီဇင်ဘာ နှစ်သစ်ကူးရုံးပိတ်ရက်တိုင်း ခရီးသွားဖြစ်တယ်။ အရင်နှစ်တွေတုန်းကတော့ ပုဂံ၊ ညောင်ဦး၊ မုံရွာကို သွားခဲ့တယ်။ အခုတော့ တောင်ကြီး၊ အင်းလေး၊ ပင်းတယကိုသွားမှာပါ။ အဓိကကတော့ ဘုရားဖူးဖို့ပါ။ တောင်ကြီးကို မရောက်ဖူးသေးတာလည်းပါပါတယ်။ မိသားစုဝင်တွေလည်းပါတယ်"ဟု ပြောသည်။

Golden Star ခရီးသွားလုပ်ငန်းဖြင့် လိုက်ပါမည့် ကမာရွတ်မြို့နယ်မှ ကိုရဲမင်းထွန်းက ရုံးကသူငယ်ချင်းတွေနဲ့ ငွေဆောင်ကိုသွားမှာပါ။ တစ်ခေါက်မှ မရောက်ဖူးသေးပါဘူး။ ရုံးက သူငယ်ချင်းတွေနဲ့အတူသွားမှာပါ။ သီတင်းကျွတ်ကတည်းက သွားဖို့တိုင်ပင်ထားကြတာ။ အခုမှသွားဖြစ်တော့တယ်။ သူငယ်ချင်းတွေနဲ့ဆိုတော့ အမှတ်တရတွေပိုဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ တစ်နှစ်တစ်ခေါက်လောက်တော့ သူငယ်ချင်းတွေစုပြီး ခရီးထွက်ကြတယ်" ဟု ပြောသည်။

ရုံးပိတ်ရက် လေးရက်တာ ကာလနှင့်အညီ ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့်လည်း မြန်မာပြည်တစ်ဝန်းရှိ စေတီပုထိုးများနှင့် အပန်းဖြေနေရာများကို သွားရောက်လည်ပတ်ကြရာ ပြည်တွင်းခရီးသွားလုပ်ငန်းများ အများစုတည်ရှိရာ ရန်ကုန်ဘူတာကြီးရှေ့(အောင်ဆန်းအားကစားကွင်း တိုက်တန်းရှေ့)၊ ရန်ကုန်မြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင် ဘုရားဖူးခရီးနှင့် အပန်းဖြေခရီးထွက်ကြမည့်သူများနှင့် ပိုမိုသက်ဝင်လှုပ်ရှားနေသည်ကို တွေ့ရသည်။

ထို့အတူ ယင်းကဲ့သို့ ခရီးစဉ်များကြောင့် ရန်ကုန်မြို့တွင်းလမ်းများဖြစ်သော ပြည်လမ်း (မြေနီကုန်းမှတ်တိုင်အနီး)၊ ကမာရွတ်မြို့နယ် (စိုက်ပျိုးရေးမှတ်တိုင်အနီး)၊ မရမ်းကုန်းမြို့နယ်(ရှစ်မိုင် လမ်းဆုံနှင့် သမိုင်းလမ်းဆုံအနီး) တို့၌ ညပိုင်းအချိန်များတွင် ဘုရားဖူးယာဉ်များကို စောင့်ဆိုင်းနေသည့် ရန်ကုန်မြို့နေ ပြည်သူများကို အစုအဖွဲ့လိုက် တွေ့မြင်ရသည်။

ယှဉ်ပြိုင်မှုများနှင့် တည်ဆောက်ထားသည့် ယနေ့ကမ္ဘာတွင် အဆိုပါအများပြည်သူရုံးပိတ်ရက် လေးရက်မှာ နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများအဖို့မှ မိမိအတွက်သာမက မိသားစုဘဝအတွက်ပါ တန်ဖိုးကြီးမားကြလိမ့်မည်ဖြစ်ပြီး ရုံးပိတ်ရက်ကာလနှင့်အညီ မိမိတို့ ကြိုတင်စီစဉ်ထားသော ရပ်ဝေးရပ်နီး ဘုရားဖူးခရီးစဉ်များ၊ အပန်းဖြေခရီးထွက်ခြင်းများပြုလုပ်ကာ ဒေသန္တရဗဟုသုတများကို ရှာဖွေခြင်းဖြင့် ဘဝအမောများကို တစ်ဖက်တစ်လမ်းမှ ပြေပျောက်စေနိုင်လိမ့်မည်ဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# အာဂျင်တီးနားကို ဝင်ရောက်ခွင့် ပြန်လည် ရခဲ့ပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာ

ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောအချိန်အထိတော့ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ လုပ်ဆောင်သွားဖို့ရာ အစီအစဉ်မရှိသေးပါဘူး။ ဒါပေမယ့် သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြန်လည်စတင်ခဲ့ပါက သူ့ရဲ့ ပရိသတ်အများစုရှိရာ အာဂျင်တီးနားကို ပြန်လည်ဝင်ရောက်ခွင့်ရခဲ့ပြီဖြစ်ကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ ပြဿနာတွေကြောင့် အာဂျင်တီးနားနိုင်ငံကို ဝင်ခွင့်ပိတ်ပင်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ပြစ်ဒဏ်တွေ ခံယူခဲ့ပြီးနောက် ပြန်လည်ဝင်ရောက်ခွင့်ရခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းမှာ ဂျက်စတင်ဘီဘာဟာ အာဂျင်တီးနားမှာ သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ "Believe"ကို ပြုလုပ်ခဲ့စဉ် ပြဿနာဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့ အဖွဲ့တွေကို ဓာတ်ပုံခိုးရိုက်ခဲ့တဲ့ သတင်းထောက်ကို ဂျက်စတင်ဘီဘာရဲ့ သက်တော်စောင့်တွေက ဝိုင်းထိုးကြိတ်ခဲ့ကြောင်း သတင်းထောက်က စွပ်စွဲခဲ့တာဖြစ်ပါတယ်။ အာဂျင်တီးနားတရားရုံးက ဂျက်စတင်ဘီဘာကို အပြစ်ရှိကြောင်း တွေ့ရှိခဲ့တာကြောင့် သူ့ကို နိုင်ငံဝင်ခွင့်ပိတ်ပင်ခဲ့တာဖြစ်ပါတယ်။ ဒီအမှုမှာ အကြိမ်ကြိမ် အယူခံဝင်ခဲ့ပြီးနောက် အာဂျင်တီးနားတရားရုံးချုပ်က ပြစ်ဒဏ်ကို ပြန်လည်ရုပ်သိမ်းခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာ အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ မော်ဒယ်လ် ဟေးလေးဘော်ဝင်နဲ့ ပြီးခဲ့တဲ့လအတွင်း လက်ထပ်ခဲ့တာ ဖြစ်ပါတယ်။ လက်ထပ်ပြီးနောက် ဂျက်စတင်ဘီဘာဟာ ဇနီးဖြစ်သူနဲ့အတူ အချိန်တွေ ကုန်ဆုံးနေတာဖြစ်ပြီး တေးဂီတလှုပ်ရှားမှုသစ်တွေနဲ့ပတ်သက်တဲ့ သတင်းတွေတော့ ထွက်ပေါ်လာခဲ့ခြင်း မရှိသေးပါဘူး။ ဒီတစ်ကြိမ် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြန်လည်ပြုလုပ်ပါက သူ့ရဲ့ ပရိသတ်တွေရှိရာ အာဂျင်တီးနားကိုလည်း ဖျော်ဖြေရေးအစီအစဉ်မှာ ထည့်သွင်းနိုင်တော့မှာ ဖြစ်ပါတယ်။

# ခြေထောက်ဒဏ်ရာကြောင့် အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေမှာ မပါဝင်နိုင်တဲ့ မာ့ခ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "GOT7" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မာ့ခ်ဟာ ခြေထောက်ဒဏ်ရာရရှိခဲ့တာကြောင့် အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေမှာ ပါဝင်လုပ်ဆောင်နိုင်မှာမဟုတ်ကြောင်း လတ်တလောမှာတော့ တရားဝင်ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၈ ရက်မှာတော့ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က မာ့ခ်ရဲ့ ဒဏ်ရာကြောင့် အနုပညာလှုပ်ရှားမှုအစီအစဉ်တွေအပေါ် သက်ရောက်မှုရှိကြောင်းနဲ့ အစီအစဉ်ပြောင်းလဲမှုတွေကို အဖွဲ့ရဲ့ တရားဝင်ဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့တာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ မာ့ခ်ဟာ ဒီဇင်ဘာ ၂၈ ရက်မှာ ပြုလုပ်မယ့် "2018 KBS Song Festival" မှာ ပါဝင်နိုင်မှာ မဟုတ်ကြောင်း၊ ဒါ့အပြင် ဒီဇင်ဘာ ၂၉ ရက်မှာ ပြုလုပ်သွားမယ့် ပရိသတ်တွေနဲ့တွေ့ဆုံကာ လက်မှတ်ထိုးပေးတဲ့ပွဲကိုလည်း ပါဝင်နိုင်မှာ မဟုတ်ကြောင်းနဲ့ ဒီဇင်ဘာ ၃၁ ရက်မှာပြုလုပ်မယ့် "2018 MBC Gayo Daejejun" အခမ်းအနားကိုလည်း တက်ရောက်နိုင်မှာမဟုတ်ကြောင်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

မာ့ခ်ဟာ လတ်တလောမှာတော့ ပြန်လည်ကျန်းမာလာဖို့ကိုသာ အာရုံထားနေတာဖြစ်ပြီး သူ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကိုလည်း တတ်နိုင်သလောက် လျှော့ချလုပ်ဆောင်သွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ သိရပါတယ်။



**အေးပြည့် - ရေးသားသည်**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြည်ညိုခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)၊ အင်္ဂပူမြို့ကျွဲသောင်
အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊ သထုံမြို့နန္ဒဝန်ကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၊
မန္တလေးမြို့ဝေဘာလီ မဟာဂန္ဓာရုံကျောင်းအောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ၊ လေးမျက်နှာမြို့ပြည်ငြိမ်းအေးကျောင်း
အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ၊ ပြင်ဦးလွင်မြို့ သဒ္ဒမ္မပါလ ရွှေကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊
မော်ဘီမြို့ထိန်စွန်းရွာ အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲတို့၏ဦးစီးပဓာနမဟာနာယက၊ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၊
လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၊ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံတို့၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ဘွဲ့တံဆိပ်တော်ရ
ထိုင်းနိုင်ငံမှ Ph.D(Vipassanā Bhāvanā), Ph.D(Social Science) ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု


**ဒေါက်တာထဒ္ဒန္တဿဓမ္မတိတ္ထိဿရ ဓောင်ဆန်းဆရာတော် ထေရ်ရှုပ်မြတ် အား**

သီရိလင်္ကာနိုင်ငံ Professor Iththepane Dhammalankara, Chancellor of University of Sri Jayawardanapura Kotte နှင့်
prelate of Sri Kalayani Samagri Dharma Monastic Congregation (မဟာသံဃာ့အစည်းအရုံး) of Shyamopali High Sect,
Sri Jayawardanapura Kotte နှင့် Sasana Wansalankara Sadhamma Bhawaka Prawachana Keerthi
Sri Dharma Shasthrashoori Mahopadyaya Shasthrapathi Padita Nuwara Eliye Chandrajothi
high priest prelate of upcountry Amarapura High Sect နှင့် Shasrapathi, Royal Scholar Poojyapadha Ankumbura
Premawansa prelate secretary of Ramanna Nikaya တို့မှ ဗုဒ္ဓသာသနာ အခမ်းအနားဖြင့်

**ဝိဿကာသိ သိရီကမ္မဋ္ဌာနာစရိယ "Vishwa Keerthi Sri Kammatthanacharya"**

ဘွဲ့တံဆိပ်ဆက်ကပ်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုမိပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့ (အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ-၇၇)
တောရဘုန်ကြီးကျောင်းတိုက်၊ စဉ့်ငှရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်(မြန်မာငွေကျပ်)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာတွင် 33/11KV, 5MVA Indoor AIS ဓာတ်အားခွဲရုံတည်ဆောက်ခြင်း။
(ခ) ကျောက်တန်းမြို့နယ်၊ ကမာကလုတ်ကျေးရွာတွင် 33/11KV, 5MVA Indoor AIS ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။
(ဂ) ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းမြို့၊ မြောက်စု-ပိုးလောင်းလမ်းဆုံတွင် 33/11kV, 5MVA Indoor AIS ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။
(ဃ) အဖျောက်မြို့နယ်၊ သဲဖြူကျေးရွာအုပ်စုတွင် 33/11KV, 5MVA Indoor AIS ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။
(င) တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ကျွန်းတောကုန်းကျေးရွာတွင် 33/11KV, 5MVA Indoor AIS ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။

(၁) တင်ဒါပုံစံရောင်းချမည့်ရက် ၂-၁-၂၀၁၉ ရက်
(၂) တင်ဒါပိတ်မည့်ရက် ၃၁-၁-၂၀၁၉ ရက်
(၃) တင်ဒါပိတ်မည့်အချိန် ၁၄း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## ဒေါက်တာဦးအောင်ကို

**နားပေါက်ကျယ်ချုပ်သည်။**
**နားပေါက်ဖောက်သည်။**
နဂိုအတိုင်းဖြစ်အောင်
လှပစွာ ချုပ်ပေးသည်။
တစ်ပေါက်(၇၅၀၀၀)ကျပ်၊
နှစ်ပေါက်(၁၅၀၀၀၀)ကျပ်။
**ဖုန်း-၀၉-၇၇၇၇၄၇၂၂၃**
**၀၉-၅၁၃၉၂၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ မြေကွက်အမှတ် (ပစ-C-၂၅၃၄)၊ ဧရိယာ(၀. ၀၅၅)ဧက၊ တပ်ကြပ်ကြီး ခင်မောင်စိုး ကွယ်လွန်သွားသဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့[၉/အမဇ(နိုင်)၀၀၃၁၁၆] အဖအမည် ဦးမာသူရေမှ သေဆုံးခြင်းလက်မှတ်၊ သက်ဆိုင်ရာတပ်ရင်းထောက်ခံချက်၊ တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်ဆိုချက်မှုရင်းများတင်ပြပြီး ဇနီးအမည်ဖြင့် ပြောင်းလဲ၍ နှစ်(၃၀)မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးသန်းထွန်းဦး(ခ)အိုက်ဗာလ်[၁၂/တမန(နိုင်)၀၈၉၂၆၁]သိစေရန်
## (အကြောင်းကြားစာ)

ဦးထွန်းဦး၏ သားဖြစ်သူ ဦးသန်းထွန်းဦး(ခ)အိုက်ဗာလ်(ယခုနေရပ်လိပ်စာမသိ) သိစေရန်ဖြစ်သည်။ ဇနီးဖြစ်သူ ဒေါ်ခင်မျိုးချစ်(ခ)ရိုင်ဟာနပ်ဘီ[၁၂/မဂတ(နိုင်)၀၀၈၉၇၇]ကိုင်ဆောင်သူက ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသန်းထွန်းဦး(ခ)အိုက်ဗာလ်နှင့် မည်သည့်နည်းနဲ့မျှ မပေါင်းသင်းနိုင်တော့သည့် အခြေအနေအရ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးတွင် အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အထက်အမည်ပါ ဦးသန်းထွန်းဦး(ခ)အိုက်ဗာလ်မှ ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းလိုမှု လျှောက်ထားချက်အပေါ် ထုချေရှင်းလင်းတင်ပြရန် ၈-၁-၂၀၁၉ ရက်၊ မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့ အောက်တွင်ဖော်ပြထားသော လိပ်စာအတိုင်းလာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်ရက်တွင် ကာယကံရှင် အသင်ကိုယ်တိုင်မှ မလာရောက်ပျက်ကွက်ခဲ့လျှင် ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**အလ်ဟာဂျ်အွတ်စ်တာဇ် အလ်ကာသွီ ဦးကျော်စိုး(စာရေးဆရာ)**
**အထွေထွေအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**အမှတ်(၇၉)၊ ၆-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ပစ္စည်းအပိုင်း/အခြားအပိုင်းများကို မြန်မာကျပ်ငွေဖြင့် ဌာနဂိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Nomenclature | Quantity |
|---|---|---|
| 1 | Lab Testing Equipment For Soil | 18 Nos. |
| 2 | Lab Testing Equipment For Aggregate | 10 Nos. |
| 3 | Field Testing Equipment | 15 Nos. |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁-၂၀၁၉ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂-၂-၂၀၁၉ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ**
**ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၆၅၀၉၅၀၂၊ ၀၉-၇၈၂၅၀၈၇၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ
(က) Desktop Computer
(ခ) Printer(B/W) & (Color)
(ဂ) Copier
(ဃ) Air Conditioner
(င) Furniture (Office Chair)
(စ) Secure Socket Layer (SSL Software)တို့ကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား ၂၈-၁-၂၀၁၉ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇) နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ဖုန်း-၀၆၇-၃၄၁၀၀၇၅၊ ၀၆၇-၃၄၁၀၂၀၉**

## မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ်(၁/၂၀၁၉) - ၁၆-၁-၂၀၁၉ရက်မှ ၂၂-၁-၂၀၁၉ ရက်ထိ
(ခ) သင်တန်းချိန် - ၉ နာရီမှ ၄ နာရီထိ
၂။ သင်ကြားပို့ချမည့်ဘာသာရပ်များ - မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်း
၃။ သင်တန်းကြေး - အခမဲ့ (သင်တန်းကာလတွင် ဌာနမှ သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်ပြုပါမည်။)
၄။ စားစရိတ်၊ သင်တန်းမှတ်စု၊ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်နှင့် ပြင်ပမှိုခြံလေ့လာရေး - ၃၅၀၀၀/-ကျပ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**ကော်ဖီ-ရာသီသီးနှံဌာနခွဲ**
**ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(၁၀မိုင်)သင်တန်းကျောင်း**
**ဟံသာဝတီဂေါက်ကွင်းရှေ့၊ ပဲခူးမြို့နယ်**
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၇၅၀၈၂၈၂၄၊ ၀၉-၄၂၀၀၆၂၃၉၃၊**
**၀၉-၂၅၄၂၃၇၇၈၉၊ ၀၉-၄၂၀၁၇၇၁၀၅**

## ထွေအုပ်(စီမံ)၊ အပတ်စဉ်-၁၃၊ သင်တန်းသား/သူများ၏
## တတိယအကြိမ် ဆရာကန်တော့ပွဲ

ထွေအုပ်(စီမံ)၊ အပတ်စဉ်-၁၃ သင်တန်း၌ သင်ကြားပို့ချမှုတာဝန်ယူခဲ့သော ဆရာများအား ကန်တော့ပွဲ(တတိယအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သင်တန်းသား/သူများ (သံယောဇဉ်-၁၃) လာရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂-၂-၂၀၁၉ ရက် (စနေနေ့)
အချိန် - ၉း၀၀ နာရီ
နေရာ - ထွေအုပ်ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

ဆက်သွယ်ရန် -
၁။ ဦးကျော်တင့် ဖုန်း-၀၉-၅၀၀၈၃၉၆
၂။ ဦးထွန်းမြ ဖုန်း-၀၉-၅၃၂၁၆၁၄
၃။ ဦးကိုကိုအောင်-၁ ဖုန်း-၀၉-၂၅၈၀၄၅၈၂၀
၄။ ဒေါ်ခင်လှမြင့် ဖုန်း-၀၉-၅၀၆၅၁၃၅

မှတ်ချက်။ ။ ဆရာကန်တော့ပွဲအလှူငွေများကို KBZ ဘဏ်၌ ဦးကျော်တင့်၊ ဦးထွန်းမြနှင့် ဦးခင်မောင်အေး (၃)ဦးအမည် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအမှတ်-275-302-99932969801 (KANBAWZA BANK Ltd(YGN-98) ရန်ကုန်မြို့၊ ဘုန်းကြီးလမ်းဘဏ်ခွဲသို့ ပေးပို့ကြရန်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) တမံဖို့ကျောက်ကြီးထုတ်လုပ်ခြင်းလုပ်ငန်း (၄၅၀၀၀၀ကျင်း)
(ခ) ရေစစ်ခွဲကျောက်/ကွန်ကရစ်လုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း (၂၀၆၀၀၀ကျင်း)
(ဂ) ပင်မတမံအုတ်မြစ်ပြုပြင်ခြင်းအတွက် စိန်လွန်တွင်းတူးဖော်ခြင်း (၂၀၀၀၀ ပေ) နှင့် ဘိလပ်မြေဖိသွင်းခြင်း (၁၆၅၀၀ ပေ)လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal www.moee.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၉၈**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၈)ဟုခေါ်တွင်သည့် (၇)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း ပေ(၁၂½×၅၀)ရှိ မြေညီထပ်၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမြင့်တင်[၁၂/စခန(နိုင်)၀၂၀၄၁၃]နှင့် ဦးအောင်သူ[၁၂/စခန(နိုင်)၀၂၀၂၃၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃ လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**


MIXAGRIP
Peppermint
LOZENGES
မစ်ဆာဂရစ် ငုံဆေးပြား
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ
လန်းဆန်းတဲ့ အသက်ရှူသွင်းမှုကို သင် ခံစားရမည်
MIXAGRIP
Peppermint
Lemon
MIXAGRIP
Peppermint
Original
EXTRA STRONG
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ aaahhhhh.....



the
CENTRAL
SWEETS
YANGON, MYANMAR
Your
NEXT SWEET DESTINATION
REMICONE
OPEN NOW
LOCATION
The Central Sweets at The Central Boulevard,
Shop 11 & 12, No. 7/A-8/A, Kabar Aye Pagoda Road,
Yankin Township, Yangon.
ENQUIRY
09 681 471 111
/thecentralsweets/
follow us


Similac Mum ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်
ကောင်းမွန်သောအာဟာရ
FOS
Vanilla
Strawberry Yoghurt
Similac
Mum
PLUS
Abbott
Careline


MPT
LUCKY
BONUS
Up to
150%
For Data
*700#
E-topup
MPT 4U App
E-topup သို့မဟုတ် MPT4U App မှ တစ်ဆင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပါက အင်တာနက် အသုံးပြုနိုင်သော Lucky Bonus ငွေဖြည့် လက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
106

နှစ်သစ်အခါသမယမှာ မြန်မာပြည်သူပြည်သားများအားလုံး .....
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
သဇင်-သွားဆေးခန်း၊ သွားအတုအထူးပြု ဆေးခန်း မိသားစု
၈၂/၆ ၂၁၊ ဓမ္မာသီလမ်း၊ မ/ဥက္ကလာ၊ ဖုန်း-၀၉-၄၃၁၁၀၄၆၆၆၃၃၊ ၀၉-၄၃၁ ၂၀၀၅၅

ဒေါ်သီတာဦး
B.Com (Q), CPA, Dip IFR(ACCA)
LCCI Level 1,2&3 (2019 June Exam)
Level -1,2(13.1.19 စမည်) Level - 3(13.1.19 စမည်)
(A) Sun 8:00 to 12:00 am
(A) Fri - Sat 6 - 8 pm, Sun 2 - 8 pm
(B) Sat 3 - 8 pm, Sun 2 - 8 pm
ကျောင်းအပ်လက်ခံပြီ
No.29, ၄-ထွာရက်တွန်-အင်းစိန်လမ်းမလည်းတန်းတောအရှေ့။
Ph,-0973059553-095178297-09965178297

H2O Decoration Group
Stainless Steel ရေတိုင်ကီများ

095106917,09421090085,09420075133

ကိုရဲ
ဒုံ့အငှါးပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။
09421120927
09731111472

Yangon White Light
အိမ်ခြံမြေကုမ္ပဏီ
နှစ်သစ်မင်္ဂလာမှာ လူကြီးမင်းတို့၏ ရန်ကုန်မြို့တွင်ရှိသော အိမ်များကို အမြန်ဆုံး ငှားထွက်ချင်ပါသလား ? နိုင်ငံခြားသားများ မြင်မြင်ချင်း ငှားချင်လာအောင် ကျွန်တော်တို့၏ အိမ်တွင်း အလှပြင်ဆင်မှု ဒီဇိုင်း(အကြံပေးအဖွဲ့)ကို ယုံယုံကြည်ကြည် အလုပ်အပ်နှံကြည့်ပါ။
အသေးစိတ်စုံစမ်းရန် -
09-969117983, 09-252703331

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ကိုဇော်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း) မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၀၈၃၄

Southern Ocean Co., Ltd.
White Elephant
FRAMES
PVC WINDOWS
T BAR
CEILING BOARD & FRAMES
GLASS WOOL INSULATION
13,800Ks
Limited Stock 500 Pcs Only
110V~240V
မီးအား 110V~240V အသင့်သုံးနိုင်ပါသည်။

No. 238, 1st Street (North), East Gyo Gone, Insein Township, Yangon, Myanmar.
01 642986, 09 791828141, 中文服務 09 5089780
Website: www.soocean.com Email: jk@soocean.com

နန်းထိုက်အောင်
အိမ်ပြောင်း/အိမ်ရွှေ့ဆောင်ရွက်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

KOICA
Korea International Cooperation Agency
KOICA Office in Myanmar is currently looking for a program officer who is outgoing with positive attitude and a team player.
Program Officer (1 post)
Location: Yangon
Contract: yearly-basis
Responsibility: Support KOICA program management, knowledge management and administrative tasks related to program, write and review an English official letter related to program, coordinate and liaise with Myanmar Government Ministries and other development partners, carry out other duties assigned by program manager.
Salary: from USD 530 per month for Bachelor's degree level and from $600 for Master's degree level, salary will be negotiable based on the relevant work experiences (During 3 months' probation period, 90% of salary stipulated in the contact)
Closing Date: 1 January 2019 (23:59 Myanmar Time)
Applications including cover letter and CV with references should be submitted via email to koica.mm@gmail.com. For more information, please visit https://www.facebook.com/koica.myanmar.

Rain Flower မြောက်ဥက္ကလာပအရောင်းပြခန်း
အသစ်မှန်လှစ်ခြင်း အထိမ်းအမှတ်
Special Discount (All Items)

20%
26.11.2018 မှ 31.12.2018 အထိ
အမှတ်(၁၀၁၄/က)၊ သုဓမ္မာလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၀၄၄၅၄၄၄၉၉၊ ၀၉-၄၅၀၃၃၀၀၀၈၊ ၀၉-၇၃၁၉၄၆၇၀


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဥက္ကဋ္ဌ
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၈၃)ဟုခေါ်တွင်သော ဧရိယာပေ (၂၇×၅၀)ကျယ်ဝန်းသော နှစ်ထပ်အုတ်ခံတိုက်နှင့်ယင်းတိုက်၏ ရေ၊ မီး၊ မိလ္လာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိအမည်ပေါက်ပိုင်ရှင်ဖြစ်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဒေါ်နမ့်မြင့်မြင့်သန်း[၁၄/ပသန(နိုင်)၀၅၉၂၈၂]ထံမှ ကျွန်ုပ် ဦးသောင်းဝင်းဌေး [၁၄/ပသန(နိုင်)၁၄၆၆၃၆]က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သော အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသောင်းဝင်းဌေး[၁၄/ပသန(နိုင်)၁၄၆၆၃၆]
Ph.095032315, 095502776

မီးဘေးရှောင် မလောင်ခင်တား

သမားစဉ်ဆက် ဆေးစွမ်းထက်မြက် စိန်ဘယက် မြန်မာ့ရိုးရာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အစွမ်းထက်တိုင်းရင်းဆေးစွမ်းကောင်းများ




စစ်မှန်သော သဘာဝဆေးဘက်ဝင် ပရဆေးများဖြင့် ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ ဆေးစွမ်းအာနိသင် ထက်မြက်စေပါသည်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

မော်ဘီ-တိုးဂိတ်အနီး၊ ကိုးလုံးကွင်းဦးအောင်သင်းလမ်းဥယျာဉ်မြေ

(40'x60') = 85သိန်း၊ (40'x50') = 70သိန်း

(25'x60') = 50သိန်း၊ (20'x50') = 35သိန်း

ph- 09-252278945, 09-448012251

**မုံရွာမောင်**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

အိမ်ခန်း၊ ရုံးခန်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။ မြို့တွင်း/နယ်ဝေးဝန်ဆောင်မှုပေးပါသည်။

09 5024774
09 73179228
09 49155515

**အကျိုးတူလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်**

လက်ရှိလုပ်ငန်းလုပ်ကိုင်နေသော အနောက်ရွှေဂုံတိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဟိုတယ်တွင် စားသောက်ဆိုင်လုပ်ငန်း အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်-၀၁-၈၆၀၃၃၁၄၊ ၈၆၀၃၃၁၅၊ ၅၄၈၉၀၇၊ ၀၉-၄၃၁၉၇၇၇၆၊ ၀၉-၇၈၁၁၈၄၃၄၆

**WIN Japanese Language School**

| | | |
|---|---|---|
| Pre-N3 Practice | 8-1-2019 | Tue~Fri |
| Basic | 9-1-2019 | Wed~Fri |
| Intermediate | 26-1-2019 | Sat,Sun |

(Basic)အတန်းသီးသန့်သင်ချင်သူများ Private Classရှိပါသည်။

တန်းခွဲသစ်များလည်း လစဉ်ရှိပါသည်။Tel: 01-299493

Tel: 09-780390093,09780390094(စိန်ပေါလ်မှတ်တိုင်)

**စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အသစ်ထပ်မံထုတ်လုပ်တဲ့**

စကြာမင်း

**သွက်ချာပါဒ လေငန်းဆေး**



"လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါဖြစ်ခြင်း၊ လက်ခြေများ လှုပ်မရခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်းလှုပ်မရခြင်း၊ ပါးရွဲ့ခြင်း၊ စကားမပီမသ ဖြစ်ခြင်း၊ စကားမပြောနိုင်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ခြေလက်တုန်ခြင်းနှင့် လေငန်း၊ သွက်ချာပါဒရောဂါကိုကာကွယ်လိုသူများ သုံးစွဲနိုင်ပါသည်။"

Set Kyar Minn Pharmaceuticals - 09423148232, 09423148233

မြေကွက်များရှာနေသောကောင်းပေး ဝယ်လိုသည်

အင်းစိန်၊ အလုံ၊ တောင်ဥက္ကလာပ၊ ဆိပ်ကမ်း၊ မြောက်၊ ဆိပ်ကမ်း(အရှေ့)တို့တွင် မြေကွက်များဝယ်လိုသည်။ ပွဲခပေးရန်မလို

ဆက်သွယ်ရန် 01-2339310
01-2339355
01-578044
01-570721

လျှင်မြင့်အောင်




## ကုန်အမှတ်တံဆိပ်အမှတ်အသား သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လင်းစခေါင်း(၂)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်-၁၄၉/Cတွင် ဖွင့်လှစ်ထားသည့် မဏ္ဍလကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

AVO

(REG NO-IV/13110/2018)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မဏ္ဍလကုမ္ပဏီလီမိတက်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိပါသည်။

မည်သူမဆို အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မဏ္ဍလကုမ္ပဏီလီမိတက်၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အတုပြုလုပ်၍လည်းကောင်း၊ အတုပြုလုပ်၍လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍လည်းကောင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲခြင်းမပြုကြရန်နှင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်ဝင်းလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၄၂)**
**အမှတ်-၂၄၀/၁၊ (၂၇)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၆၁၄၃၄၇၊ ၀၉-၉၆၄၆၁၄၃၄၇**


တူဒေးစာအုပ်တိုက်

**ကြွေးမြီကင်းသော ဘဝနေမှု**

ဒေါက်တာ သာထွန်းဦး





ငွေသည် အရာရာကိုင်းကိုဖန်တီးပြုလုပ်ပေးနိုင်စွမ်းရှိသည်မှာ အနှိမ်းမဖြစ်သော်လည်း သုံးစွဲသူ၏ ... ငွေကြေးဆိုင်ရာဖြစ်စဉ်များနှင့် ... ငွေကိုထားကျိုးရှိရှိသုံးတတ်စေရန် ... အတွက်ကောင်းမွန်သော စာအုပ်ဖြစ်ပါသည်။

City Express၊ City Mart နှင့် အမြို့မြို့ရှိဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

**အရိုးပါး၊ အရိုးပွရောဂါ**

(တတိယအကြိမ်)

**ဒေါက်တာခင်မောင်လွင် (FAME)**




အဆိုပါစာအုပ်တွင် အရိုးပါး၊ အရိုးပွရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ မှန်ကန်သော နေထိုင်စားသောက်မှုနည်းလမ်းများနှင့် သောက်သုံးနိုင်သော ဆေးဝါးများအကြောင်းကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာ ဖတ်ရှုနိုင်ရန် အသေးစိတ်ရေးသားဖော်ပြထားပါသည်။

အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

Ph: 09 96555 9860, 01-368 2199, 368 5083

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများနှင့် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ရှိ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

**စံ(၅)ချက်အပေါ် အခြေခံ**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေရေး ဟူသည့် စံ (၅)ချက်အပေါ် အခြေခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**

## ရှမ်းယူနိုက်တက်အသင်း ခြေစမ်းပွဲတွင် ဇွဲကပင်ကို အနိုင်ရ



ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ရှမ်းယူနိုက်တက် အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

**ရှမ်းယူနိုက်တက် - ငါးဂိုး**
**ဇွဲကပင် - တစ်ဂိုး**

ရာသီကြိုခြေစမ်းပွဲများတွင် ရှုံးပွဲမရှိသေးသည့် ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး ကစားသမားများ၏ ခြေစွမ်းနှင့် နည်းဗျူဟာကို အဓိကစမ်းသပ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက အခွင့်အရေးများကို အသုံးချနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဇွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်ပိုမိုဖန်တီးနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းက ဂိုးများ ဆက်တိုက်ရရှိခဲ့သည်။ ပထမပိုင်းတွင်ရန်နိုင်ဦးနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



၂၀၁၈ ရာသီ နောက်ဆုံးပွဲတွင် ချန်ပီယံ ရန်ကုန်အသင်းနှင့် Southern အသင်း ယှဉ်ပြိုင်နေစဉ်။

## ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၁၂ ရက် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁)တွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ဟံသာဝတီအသင်း၊ ရတနာပုံအသင်းမှာ ဧရာဝတီအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လာမည့်ရာသီ MNL ပြိုင်ပွဲတွင် အသင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဇွဲကပင်၊ ဟံသာဝတီ၊ ရတနာပုံ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု တစ်သန်းကျော်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

**ယခုနှစ်၏ ၁၁ လကြာကာလအတွင်း ပြည်တွင်းသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုသည် တစ်သန်းကျော်ရှိခဲ့ပြီဖြစ်ရာ ယခုနှစ်သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အရှိန်အဟုန်ကောင်းသောနှစ်တစ်နှစ်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။**

စာမျက်နှာ ၁၄ ကော်လံ ၁ သို့



# ဂုဏ်ပြုလေးစားထိုက်သော တိုင်းရင်းသားစာဆိုတော်ကြီးများ

**စိုင်းသာလှိုင် (လိမ္မော်မြေ)**


မြူခိုးတွေဝေ၍ မိုးနှင်းများ တဖွဲဖွဲကျဆင်းသည့် လနတ်တော်သို့ရောက်ရှိလေတိုင်း စာဆိုတော်ကြီးများအား ဖိတ်ကြားလျက် စာပေဟောပြောပွဲကို မြန်မာနိုင်ငံ တစ်နံတစ်လျား ကျင်းပကြသည်။ ဤစာဆိုတော်ကြီးများ၏ အကြောင်းခြင်းရာကိုလည်း ဂုဏ်ပြုပူဇော်ရေးသားခဲ့ကြသည်။ ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များကို ချီးမြှောက်ဂုဏ်ပြုရသည်မှာလည်း ဂါရဝတရားနှင့် ညီညွတ်မှု၊ တန်ဖိုးထားမှုများပင်ဖြစ်သည်။ တစ်နည်းဆိုရ ပါလျှင် နတ်တော်လသည် စာဆိုတော်ကြီးများကို ချီးမြှင့်မြှောက်စားသောလဖြစ်သည်။

မြန်မာစာဆိုတော်ကြီးများ၏ အကြောင်းခြင်းရာများကို နောင်လာနောက်သားများသိရှိအားကျ အတုယူဖွယ်ရာ ခေတ်အဆက်ဆက် စာရေးဆရာကြီးများက ဂုဏ်ပြုရေးသားခဲ့သဖြင့် နှောင်းခေတ်လူငယ်များ သိရှိလိုက်နာမှတ်သားခဲ့ရပေသည်။

ထိုနည်းအတူ ရှမ်းတိုင်းရင်းသားများတွင်လည်း ခေတ်အဆက်ဆက်ရဟန်းစာဆို၊ အမတ်ကြီးစာဆို၊ လူပုဂ္ဂိုလ်စာဆိုတော်ကြီးများ ရှိခဲ့ပေသည်။ ရှမ်းစာပေအက္ခရာများ မည်သည့်ခေတ်ကာလက ပေါ်ထွန်းလာကြောင်း ရှမ်းတိုင်းရင်းသားစာဆိုများထံ မေးမြန်းစေ့ငုကြည့်သော်ငြားလည်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကာလက "မိုင်းတိမ်" မြို့မှ ရှမ်းတိုင်းရင်းသားဆရာတော် "ဓမ္မဒိန္နမထေရ်"မှ စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ အချို့ ပညာရှင်များအနေဖြင့် ပုဂံခေတ်ကာလက ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

ပုဂံပျူစောထီးဘုရင်အုပ်စိုးစဉ် ကမ်းယံလူမျိုးများ ထကြွသဖြင့် သီပေါအုန်းဘောင်မင်း ပေါအဲဖြူထံ လက်ဆောင်ပဏ္ဏာသဝဏ်လွှာများနှင့် ဘဒ္ဒသေနအမတ်နှင့် ဘဒ္ဒဝဏ္ဏအမတ်နှစ်ပါးကိုစေလွှတ် စစ်ကူတောင်းသဖြင့် အုန်းဘောင်မင်းက သဝဏ်လွှာများနှင့် ဂါမဏိစန္ဒာ အမတ်ကို ဆင်၊ မြင်းဗိုလ်ပါများ အပ်နှင်း၍ စစ်ကူလွှတ်ရာ အုန်းဘောင်ရာဇဝင်တွင် ပါရှိသည့်အပြင် သက္ကရာဇ် ၈၈၈ ခုနှစ်မတိုင်မီ ရှေးပဝေသဏီကာလကပင် ရှမ်းပြည်နယ်တွင် ရှမ်းစာပေအက္ခရာ ပေါ်ပေါက်ကာ ရှမ်းတိုင်းရင်းသားများ ရှမ်းစာပေတတ်မြောက်ပြီးဖြစ်ရာ ရှမ်းစာပေအက္ခရာများသည် ပုဂံခေတ်ကပင် ပေါ်ပေါက်ခဲ့ကြောင်း သိရပေသည်။

**ပုဂံပျူစောထီးဘုရင်အုပ်စိုးစဉ် ကမ်းယံလူမျိုးများထကြွသဖြင့် သီပေါအုန်းဘောင်မင်း ပေါအဲဖြူထံ လက်ဆောင်ပဏ္ဏာသဝဏ်လွှာများနှင့် ဘဒ္ဒသေနအမတ်နှင့် ဘဒ္ဒဝဏ္ဏအမတ်နှစ်ပါးကိုစေလွှတ် စစ်ကူတောင်းသဖြင့် အုန်းဘောင်မင်းက သဝဏ်လွှာများနှင့် ဂါမဏိစန္ဒာအမတ်ကို ဆင်၊ မြင်းဗိုလ်ပါများအပ်နှင်း၍ စစ်ကူလွှတ်ရာ အုန်းဘောင်ရာဇဝင်တွင်ပါရှိသည့်အပြင် သက္ကရာဇ် ၈၈၈ ခုနှစ်မတိုင်မီ ရှေးပဝေသဏီကာလကပင် ရှမ်းပြည်နယ်တွင် ရှမ်းစာပေအက္ခရာပေါ်ပေါက်ကာ ရှမ်းတိုင်းရင်းသားများ ရှမ်းစာပေတတ်မြောက်ပြီးဖြစ်ရာ ရှမ်းစာပေအက္ခရာများသည် ပုဂံခေတ်ကပင် ပေါ်ပေါက်ခဲ့ကြောင်း**



ရဟန်းပညာရှိ စဝ်ဓမ္မဒိန္န

ရှမ်းပြည်နယ်တွင်သူမတူအောင် ဉာဏ်ပညာထက်မြက်ကွန့်မြူးကျမ်းပြုဆရာ ရှေးပညာရှိ အကျော်အမော်များမှာ-

၁။ ရဟန်းပညာရှိ စဝ်ဓမ္မဒိန္န
၂။ ယွမ်းဂိုဏ်းဆရာတော် စဝ်ပညာဘောဂ
၃။ မန်ဟုတ်ဆရာတော်
၄။ စဝ်ကမ်းဘေ
၅။ စဝ်ကောလီ
၆။ စဝ်မိုင်းနောင်
၇။ စဝ်နော်ခမ်း
၈။ စဝ်ဝေါလခဲ
၉။ သီပေါမြို့နယ်မှ စာပေ ပညာရှင်ကြီး များ
၁၀။ စဝ်နန်းခမ်းကူ (အမျိုးသမီးစာဆို)တို့ ဖြစ်ကြသည်။ (စာရေးသူလက်လှမ်းမီသမျှ တင်ပြရခြင်းဖြစ်ပါသည်။ ကျန်ရှိသော စာဆိုများ၏ အမည်နှင့် ဓာတ်ပုံအချို့ကို မဖော်ပြနိုင်သဖြင့်ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်ပါသည်)

**ရဟန်းပညာရှိ စဝ်ဓမ္မဒိန္န**

ခမည်းတော် လုံးထမ်းအူ၊ မယ်တော် ပါထမ်းဆွယ်တို့မှ လွယ်လမိုင်းတင်တိုက်နယ် ဝမ်ခမ်စေဟတ်ကျေးရွာတွင် သက္ကရာဇ် ၉၀၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် စနေနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ စိုင်းခမ်းတင်ဖြစ်ပြီး ပါဠိ၊ ကျမ်းဂန်များကို ဆရာအဖြစ်သင်ကြားတတ်မြောက်ခဲ့သည်။ ဗုဒ္ဓစာပေကျမ်းဂန်များကို ရှမ်းစာပေသို့ ဘာသာပြန်၍ ရှမ်းပြည်နယ်၏စာပေဂုဏ်ကို မြှင့်တင်ပေးခဲ့သည့် စာဆိုဆရာတော်ကြီးဖြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ

**ဉာဏ်မင်း(နမ့်ခမ်း)၊
ဓာတ်ပုံ- သန်းဇော်ဝင်း၊ နမ့်ဝေမွန်ဖြိုး**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း ၁၃၅မျိုးမှီတင်းနေထိုင်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့်အညီ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများရှိကြသည်။ ယုံကြည်ကိုးကွယ်မှုများ၊ ဘာသာစကားများ မတူကွဲပြားခြားနားမှုရှိကြသော်လည်း တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်၊ အမျိုးဘာသာ၊ သာသနာစောင့်ထိန်းလိုသောစိတ်၊ စာပေယဉ်ကျေးမှုကို တန်ဖိုးထားကြသောစိတ်များမှာ တူညီကြသည်။ တိုင်းရင်းသားလူမျိုးများတွင် ကရင်တိုင်းရင်းသားများ၏ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မှာ အလွန်ထင်ရှားလူသိများသော ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သည် ကရင်တိုင်းရင်းသားလူမျိုးများ၏ အထွတ်အမြတ်ထားကြသော အကြီးအကျယ်ဆုံးပွဲတော်ဖြစ်သည်။

**နေ့ရက်အတည်မပြုခင်က ကျင်းပခဲ့ကြသော ကရင်အမျိုးသားနှစ်သစ်ကူးနေ့များ**

၁၉၃၆-၁၉၃၇ ခုနှစ်ခန့်တွင် 'ဒေါကလု' အမည်ရှိ ကရင်အမျိုးသားအသင်းကြီး၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကရင်ခေါင်းဆောင်များအားလုံး ပူးပေါင်းပါဝင်လျက် အထူးစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းအားပေးခဲ့ကြသည်။ ထိုစဉ်က သာယာဝတီမြို့မှ ဥပဒေပြုအထက်လွှတ်တော်အမတ်ဖြစ်သော 'သရာစံဘော်'က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မန်းဘခင်(B.A)က အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသားများက ခရစ်နှစ်သစ်ဖြစ်သော ဇန်နဝါရီ ၁ ရက်ကို ကရင်နှစ်သစ်ကူးနေ့အဖြစ်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင် ကရင်အမျိုးသားများက မြန်မာသက္ကရာဇ် နှစ်ဆန်းရက်ဖြစ်သော တန်ခူးလသင်္ကြန်အပြီး နှစ်ဆန်း ၁ ရက်တွင် ကျင်းပခဲ့ကြသည်။ မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသအချို့ရှိ ကရင်အမျိုးသားများက ပြာသိုလဆန်း ၁ရက်၊ ကရင်ပြည်နယ်ရှိ 'တလကုရသေ့'များက တပေါင်းလပြည့်ကျော် ၁ရက်၊ ဘားအံနယ်ရှိ နှစ်ခြင်းရွာမှ လယ်ကယ်ဘာသာဝင်များက နယုန်လ ပထမ စနေနေ့၊ ကရင်ပြည်နယ် ဒုံရင်းဒေသရှိ လယ်ကယ်ဘာသာဝင်များက တန်ဆောင်မုန်းလဆန်း ပထမ စနေနေ့၊ ယိုးဒယားပြည် (ထိုင်းနိုင်ငံ)ရှိ 'တဲ့စီအို'ဒေသတွင် တပို့တွဲလဆန်း ၁ ရက်မှ ၁၀ ရက်အတွင်း သင့်တော်သည့်ရက်

အထူးကဏ္ဍ [ ခ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»

ထိုင်းနိုင်ငံ လန်ပန်ဒေသတွင် တန်ခူးလ၊ တောင်ပေါ်ဒေသအချို့တွင် မိမိတို့တောင်ပေါ်ရှိခေါင်းဆောင်များညှိနှိုင်းဆွေးနွေးပြီး သင့်တော်သောနေ့ရက်ကိုသတ်မှတ်၍ ကျင်းပခြင်းစသည်ဖြင့် ဘာသာအလိုက်၊ နေရာဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို အမျိုးမျိုး၊ အကွဲကွဲအပြားပြား ကျင်းပခဲ့ကြသည်။

**ကရင်အမျိုးသားခေါင်းဆောင်များ နှစ်သစ်ကူးနေ့သတ်မှတ်နိုင်ရန် ကြိုးပမ်း**

မတူကွဲပြားခြားနားစွာဖြင့် နှစ်သစ်ကူးနေ့ကို ရက်အမျိုးမျိုးသတ်မှတ်ပြီး ကျင်းပခဲ့ကြသဖြင့် အချင်းချင်းစိတ်ဝမ်းကွဲမှုများလည်း ရှိနေကြသည်။ ထို့ကြောင့် ကရင်အမျိုးသားအားလုံး စည်းလုံးညီညွတ်ဆန္ဒရှိကြသည့် ဒေါကလုအသင်းကြီး၏ ခေါင်းဆောင်များသည် ကရင်နှစ်သစ်ကူးနေ့ တစ်နေ့တည်းဖြစ်ရေးကို ရည်ရွယ်ပြီး ကရင်တိုင်းရင်းသားများနေထိုင်လျက်ရှိသော အနယ်နယ်အရပ်ရပ်မှ ကရင်အမျိုးသားခေါင်းဆောင်များနှင့် ကရင်အမျိုးသားဥပဒေပြု လွှတ်တော်အမတ်များကို တာဝန်ပေး၍ မိမိတို့နေရာ ဒေသနယ်ပယ်များတွင် မည်သည့်နေ့ရက်တွင် မည်သည်ကို အခြေပြုပြီး ကျင်းပပြုလုပ်ကြကြောင်းကို သေချာတိကျစွာစုံစမ်းပြီး 'ဒေါကလု'ဌာနချုပ်သို့ ပြန်လည်အစီရင်ခံတင်ပြရန် အသီးသီး တာဝန်ပေးဆောင်ရွက်စေခဲ့သည်။

တာဝန်ပေးခဲ့သည့်အတိုင်း မှန်ကန်တိကျစွာ စုံစမ်းပြီး ဒေါကလုဌာနချုပ်သို့ တင်ပြရောက်ရှိလာသော အစီရင်ခံစာများတွင် ရှေးအဆက်ဆက် မိဘဘိုးဘွားများလက်ထက်ကတည်းက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ပြာသိုလဆန်း ၁ ရက်တွင် အများစုကျင်းပကြသည်ကိုတွေ့ရသည်။ ထိုစဉ်က မြောင်းမြခရိုင် တကူဆိတ်ရွာဇာတိ ကရင်ပြည်နယ်



ဖာပွန်ဒေသတွင် ကျောင်းဆရာတာဝန်ကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သော သရာယာနှင်းက ၁၂ လပါသော ပျဉ်ပြားပြက္ခဒိန်ကို ယူဆောင်ပြီး ဒေါကလုဌာနချုပ်သို့ ရောက်ရှိလာကာ သူသည် ဖာပွန်နယ် တောင်ပေါ်ဒေသအရပ်ရပ်သို့ ရောက်ရှိခဲ့ကြောင်း၊ ထိုဒေသရှိ ကရင်တိုင်းရင်းသားများသည် ၁၂ လ ပျဉ်ပြားပြက္ခဒိန်ကို အသုံးပြုကြောင်း၊ ဖာပွန်နယ်တွင် အခြားသောပြက္ခဒိန် မရှိခဲ့ကြောင်း၊ ကရင်တိုင်းရင်းသားများတွင် တစ်နှစ်တွင် ၁၂ လရှိကြောင်း၊ ပြာသိုလဆန်း ၁ ရက်ကို နှစ်သစ်ကူးကြကြောင်းကို သက်သေခံခဲ့သည်။ ဒေါကလုအသင်းကြီး၏ အထွေထွေအတွင်းရေးမှူး မန်းဘခင်ကလည်း ၁၉၃၇ ခုနှစ် မတိုင်မီကတည်းက မွန်၊ ကရင်သင်ပုန်းကြီးနှင့် ဖတ်စာအုပ်၏ စာမျက်နှာ ၅၂ တွင်၊ တစ်နှစ်လျှင် ၁၂ လရှိပြီး ပြာသိုလကို နှစ်သစ်၏ ပထမဆုံးလအဖြစ်ထားပြီး ပြာသိုလဆန်း ၁ ရက်ကို နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်းကို တင်ပြခဲ့သည်။

**ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရွေးချယ်သတ်မှတ် အတည်ပြုခြင်း**

ဤသို့ဖြင့် ဒေါကလုအသင်းကြီး၏ ခေါင်းဆောင်များသည် သတ်မှတ်ထားသော အချိန်ကာလကို စေ့ရောက်သဖြင့် ရရှိထားသော အစီရင်ခံစာများနှင့် သက်သေခံတင်ပြထားသော ပစ္စည်းအထောက်အထားများကို စိစစ်၍ အချိန်ကြာမြင့်စွာယူကာ အဘက်ဘက်မှ ခြုံငုံသုံးသပ်၊ စဉ်းစားဆွေးနွေးတိုင်ပင်ပြီး မြန်မာလများကဲ့သို့ ကရင်လများ၏ အမည်များ ရှိပြီးဖြစ်သဖြင့် မြန်မာလများအတိုင်း သတ်မှတ်သွားရန်နှင့် ကရင်ဘာသာစကားဖြင့် မည်သို့ခေါ်ဆိုထားသည်ဖြစ်စေ အထောက်အထားခိုင်လုံစွာရှိနေသဖြင့် ပြာသိုလဆန်း ၁ ရက်(သလေး၊ ထိုင်ခုတ်ဖို)သည် 'ကရင်အမျိုးသားနှစ်သစ်ကူးနေ့' ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချခဲ့ကြသည်။

တောင်ငူမြို့တွင် အကြိတ်အနယ်ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ကြပြီးနောက် ဥပဒေပြုအောက်လွှတ်တော်အမတ် စောဂွန်ဆင်ဒီဖိုးမင်းက ပါလီမန်အမီ အဆိုတင်သွင်းခဲ့သော်လည်း အဆိုပါ "ကရင်နှစ်သစ်ကူးနေ့"ကို ရုံးပိတ်ရက်အဖြစ် တစ်ပါတည်းထည့်သွင်းခဲ့ခြင်းမရှိသဖြင့် နောက်ပိုင်း ရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြုရန် ပြင်ဆင်ချက်ကို ထည့်သွင်းရသောကြောင့် ပါလီမန်၏ လုပ်ထုံးလုပ်နည်းအရ တစ်နိုင်ငံလုံးသို့ကြေညာရန် အချိန်မရလိုက်သဖြင့် အတည်ပြုနိုင်ခဲ့ခြင်း မရှိပေ။ ယင်းကဲ့သို့ မတင်မကျဖြစ်နေသဖြင့် အထက်လွှတ်တော်အမတ်များဖြစ်သော ဒေါက်တာစောစံစီဖိုး၊ သရာစံဘော်နှင့် မန်းရွှေဘ တို့က ဆက်လက်တာဝန်ယူတင်ပြခဲ့ပြီးလျှင် ဝန်ကြီးစောဖေသာ၏ အကူအညီရယူလျက် ဒေါက်တာဘမော်အစိုးရ၏ သဘောတူညီချက်အရ ဘုရင်ခံက မိမိ၏ တစ်ချက်လွှတ်အာဏာကို အသုံးပြု၍ ပြာသိုလဆန်း ၁ ရက်သည် ကရင်အမျိုးသားတို့၏ နှစ်သစ်ကူးနေ့ဖြစ်သဖြင့် အစိုးရရုံးပိတ်ရက်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၉၉ ခုနှစ် ပြာသိုလဆန်း ၁ ရက်၊ ကရင်သက္ကရာဇ် ၂၆၇၇ ခုနှစ် 'သလေး၊ ထိုင်ခုတ်ဖို'၊ ကမ္ဘာသုံးပြက္ခဒိန် ခရစ်နှစ် ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကရင်နှစ်သစ်ကူးနေ့ကို ပထမဆုံးအကြိမ် စတင်ကျင်းပလာခဲ့ရာမှ နှစ်စဉ် ပြာသိုလဆန်း ၁ ရက်ရောက်တိုင်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကျင်းပကြပြီး အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ရောက်တိုင်း အရှက်နံနက်ခင်းတွင် ကရင်အမျိုးသားအလံတင်သီချင်းကို စုပေါင်းသံပြိုင်သီဆို၍ အလံတင်အခမ်းအနားကို ကျင်းပကြသည်။ နှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပကြရာတွင် ကရင်တိုင်းရင်းသား လူကြီးလူရွယ်၊ လူငယ်မောင်မယ်များ တက်ရောက်ပါဝင်ကြပြီး ပွဲလမ်းသဘင်များ၊ အားကစားပွဲများ၊ ရိုးရာကရင်ဒိုးအက၊ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ အပါအဝင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ မြို့နယ်၊ ကျေးရွာများအလိုက်နှင့် ပြည်တွင်း ပြည်ပ နေရာဒေသအနှံ့အပြားတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကျင်းပကြသည်။ ။

❐

အထူးကဏ္ဍ [ ဃ ] မှ »»

ခြေထောက်များသည် တိုတောင်းသောကြောင့် လမ်းလျှောက်ခြင်းထက် ခုန်၍သွားလာရန် ပိုမိုအဆင်ပြေစေသည်။ မာကျောသောအမောက်သည် အသက် ငါးနှစ်တိုင်အောင် ဖွံ့ဖြိုးမှုမရှိသေးဘဲ ခြောက်နှစ်သားအရွယ်ရောက်မှသာ ဖွံ့ဖြိုးသည်။ အမောက်သည် ပြားချပ်၍ မာကျောပြီး အဝါရောင်သမ်းသော အရောင်ရှိသည်။ အောက်ချင်းငှက်အထီးသည် ပိုမို၍ မည်းနက်သော အရောင်ရှိသည်။ အောက်ချင်းငှက်တို့၏ အမွေးအတောင်များသည် အဖြူနှင့်အမည်း ရောစပ်နေသော အရောင်အသွေးရှိသည်။ တောင်ပံ၏အရှေ့ပိုင်းတွင် အမွေးအတောင်ထူထပ်ပြီး အနောက်ဘက်ပိုင်းတွင် ရွှန်းလဲ့သော အစိမ်းရောင်အမွေးအတောင်များရှိသည်။

အောက်ချင်းငှက်အမ၏ အမွေးအတောင်မှာ အောက်ချင်းငှက်အထီး၏ အရောင်အသွေးနှင့် အတူတူပင်ဖြစ်သည်။ အောက်ချင်းငှက်အမ၏အမောက်သည် အောက်ချင်းငှက်အဖို၏အမောက်ထက် ပိုမိုသေးငယ်၍ အဝါရောင်မှ လိမ္မော်ရောင်အထိရှိတတ်ပြီး အမည်းရောင်အစက်အပြောက်များ မပါဝင်ပါ။ မျက်လုံးတို့သည် အဖြူရောင်ဖြစ်ပြီး အနက်ရောင် မျက်ခွံနှင့်ဝန်းရံထား၍ မျက်လုံးဝန်းကျင်ရှိ အရေပြားတို့သည် အနီရောင်ရှိသည်။

အောက်ချင်းငှက်တို့သည် သဖန်းသီးများကို အလွန်ကြိုက်နှစ်သက်မှုရှိသော်လည်း ပိုးမွှားများ၊ ဖွတ်၊ ပုတတ်မျိုးများ၊ မြွေများနှင့် မပျံသန်းနိုင်သော ငှက်ပေါက်လေးများကို စားသုံးသည်။ အောက်ချင်းငှက်အုပ်စု အကောင် ၂၀ ခန့်သည် အစာစားပြီးနောက် သစ်သီးများကို သယ်ဆောင်သွားကြသည်။ လေထဲတွင် ပျံသန်းရင်း ဧရိယာအများစုကို စောင့်ကြည့်နေသည်။ အဓိကပစ်မှတ်မှာ ဝါးတောအတွင်းရှိ



အသီးသီးသော အပင်များဖြစ်သည်။ သားကောင်များကို သစ်ကိုင်းဖြင့်ရိုက်၍ ဖမ်းဆီးကြပြီး ကြီးမားသော သားကောင်များကိုမူ ၎င်းတို့၏ နှုတ်သီးဖြင့်ထိုးဆိတ်၍ သေးငယ်အောင်ပြုလုပ်၍ စားသုံးကြသည်။

အောက်ချင်းငှက်တို့သည် မြားရိုးပုံသဏ္ဌာန် နှစ်ကောင်တွဲ ခရီးသွားလေ့ရှိကြပြီး မုတ်သုံရာသီအချိန်တွင် အုပ်စုဖွဲ့၍ (အကောင်၄၀)နှင့်အထက် အတူတကွပျံသန်းကြသည်။ ဆူညံသော ထိုငှက်၏အသံနှုန်းသည် လည်ချောင်းဖြင့် အသံနိမ့်မှ အသံကျယ်သည်အထိ အော်ကြသည်။ ပွဲတင်သံသည် ပုံမှန်ကြားခံနယ်များတွင် ထပ်ခါထပ်ခါ ဖြစ်ပေါ်နိုင်သည်။ အောက်ချင်းငှက်များသည် သူတို့အသိုက်ကို ရန်သူမှ ဝင်ရောက်တိုက်ခိုက်လျှင်လည်း အသံကျယ်လောင်စွာဖြင့် မာန်ဖီကြသည်။ အောက်ချင်းငှက်သည် တောင်ပံဖြင့် သုံးလေးချက် အလျင်အမြန်ခတ်၍ ပျံသန်းပြီးနောက် လေပေါ်တစ်လျှောက် လေဟုန်စီးသွားကြသည်။ သစ်ခေါင်းထဲတွင် နေထိုင်သော အောက်ချင်းငှက်များသည် သစ်ကိုင်းအတွင်း ဘေးတိုက်ခုန်ဆွခုန်ဆွပြုလုပ်၍ သွားလာနေထိုင်ကြသည်။ အောက်ချင်းငှက်များသည် ဒူးထောက်သည့်ပုံစံဖြင့်လည်း အနားယူနေထိုင်တတ်ကြသည်။

အောက်ချင်းငှက်သည် ၎င်းတို့၏ အစာဖြစ်သော သဖန်းသီး၊ ရောင်သီးများကို မျောက်များမှ ခြိမ်းခြောက်ချဉ်းကပ်လာလျှင် သူတို့၏ကိုယ်ပိုင်ဟန်ဖြင့် လျင်မြန်စွာ မောင်းထုတ်ကြသည်။

သားပေါက်သည့်ရာသီတွင် အောက်ချင်းငှက်များသည် သားပေါက်ရာသီဒေသသို့ ပြန်လာကြသည်။ သစ်ပင်ကြီးပေါ်တွင် ကျယ်လောင်စွာ အော်မြည်ကြပြီး ၎င်းတို့နယ်နိမိတ်ကို ကာကွယ်ရန်အတွက် တိုက်ခိုက်ကြသည်။ အထီးများသည် မိတ်မလိုက်မီ ငါးလခန့် အမများကို အစာခွံကျွေးပြီး အသိုက်များအတွင်းတွင်လည်း အသီးများကို အန်ချထားကြသည်။ အမက အသိုက်အတွင်းနေ၍ အထီးသည် အသိုက်အပြင်ဘက်တွင်နေ၍ အသိုက်ဝင်ပေါက်ကို ပိတ်ထားကြသည်။ အမသည် အဖြူရောင်ဥကို တစ်လုံးမှ သုံးလုံးအထိ ဥတတ်ကြပြီး ၃၈ ရက်မှ ရက် ၄၀ အတွင်း သားပေါက်ကြသည်။ သားပေါက်သည့်အချိန်တွင် အမနှင့် သားပေါက်လေးသည် ပိတ်ထားသည့် အသိုက်ပေါက်ကို ဖောက်၍ အထီးဆီမှ အစာရရှိစေရန် ထပ်ခါထပ်ခါအော်မြည်ကြသည်။ အထီးသည် ငါးလလောက်အထိ အမနှင့်သားငယ်ကို အစာကျွေးသည့်အပေါက်မှ အစာများကို အန်ကျွေးသည်။ အောက်ချင်းငှက်အဖိုအား မတော်တဆ ဖမ်းမိ၊ သတ်မိခဲ့လျှင် အသိုက်ထဲရှိမိခင်သည် သားငယ်များကို မစွန့်ပစ်ဘဲ အတူ အစာငတ်ခံ၍သေပွဲဝင်လေ့ရှိသည်။ သားငယ်များ တဖြည်းဖြည်းကြီးထွားလာချိန်တွင် အဖို၊ အမနှစ်ကောင်စလုံး အပြင်ထွက်၍ သားငယ်များကို အစာရှာကျွေးလေ့ရှိသည်။ အကောင်ပေါက်လေးအား အထူးကဏ္ဍ [ ဂ ] သို့ »»

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

»» အထူးကဏ္ဍ [ က ] မှ

ဆရာတော်ကြီး၏ ကျမ်းဂန်များမှာ ပိဋကတ်သုံးပုံ၊ ပဋ္ဌိစ္စသမုပ္ပာဒ်၊ အနိစ္စမူလ သက်သေနမောကြီး၊ မင်္ဂလသုတ်ပါဠိနှင့် အဓိပ္ပာယ်ပြန်၊ ရှင်သာမဏေများအမေး၊ အဖြေပုစ္ဆာ၊ ပရမတ္တသုတ္တန် စသောထင်ရှားသည့် ကျမ်းပေါင်း ၁၁ ကျမ်းကို ပြုစုခဲ့သည်။ သက်တော် ၉၉ နှစ်၊ သက္ကရာဇ် ၁၀၀၂ ခုနှစ် ကဆုန်လဆန်း ၉ ရက် စနေနေ့ညနေတွင် ပျံလွန်တော်မူသည်။



ယွမ်းဂိုဏ်းဆရာတော် စဝ်ပညာဘောဂ



စဝ်နော်ခမ်း

### ယွမ်းဂိုဏ်းဆရာတော် စဝ်ပညာဘောဂ

ငယ်စဉ်က မိုးနဲကျောင်းတွင် စဝ်ကောလီနှင့်ကျောင်းနေဖက်ဖြစ်သည်။ သံလွင်မြစ်အရှေ့ဘက်တန်း ဆေမြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ကျမ်းပြုစုရာ၌ ကျော်ကြားလှသဖြင့် ယင်းမြို့ကို အစွဲပြု၍ ဆရာတော်တန်းဆေဟု အမည်တွင်ခဲ့သည်။ ဆရာတော်၏ဘွဲ့တော်မှာ စဝ်ပညာဘောဂဖြစ်ပြီး ၎င်းပြုစုသောကျမ်းများသည် ဘုရားဟော ပိဋကတ်တော်ကနည်းပြီး ဆုံးမစာ၊ ဒဏ္ဍာရီပုံပြင်များနှင့် ဆေးကျမ်းဗေဒင်ကျမ်းများက များသည်။ ဆရာတော်၏ ကျမ်းများအနက် "ခွန်ဆန်လော၊ နန်းဦးပျင်" ရှမ်းဒဏ္ဍာရီဝတ္ထုကြီးမှာ ရှမ်းပြည်နယ်တွင် အောင်မြင်ကျော်ကြားဆုံးသော ဝတ္ထုကြီးဖြစ်ကြောင်း သိရသည်။

### မန်ဟုတ်ဆရာတော်


ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမန်စံနယ် မန်ဟုတ်ကျောင်း ဆရာတော်ဖြစ်သည်။ ဆရာတော်သည် မိမိကျောင်းသို့ ရောက်ရှိလာသော အာဂန္တုရဟန်းတော်ဧည့်သည်များနှင့် စကားပြောမပျက် ကွမ်းကိုယာစားရင်း ပူစာရေး(ခေါ်) ရှမ်းစာရေးဆရာ သုံးဦးကို အလှည့်ကျ တစ်ပိုဒ်စီပြောလျက် ကျမ်းသုံးကျမ်း တစ်ကြိမ်တည်းပြုနိုင်သည်။ ဆရာတော်ပြုစုခဲ့သော ကျမ်းများတွင် လောကုတ္တရာကျမ်းထက် လောကီကျမ်းက ပိုများသည်ဟုဆိုသည်။

### စဝ်ကမ်းဆေ

ရှမ်းစာပေပညာရှင်ကြီး စဝ်ကမ်းဆေကို



စဝ်ကမ်းဆေ



အမျိုးသမီးစာဆိုရှင် စဝ်နန်းခမ်းကူ

ရှမ်းပြည်နယ်ဒေသတွင် ဖခင် ပူလွတ်၊ မိခင် နိုင်းဆန်တို့က သက္ကရာဇ် ၁၁၄၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် သောကြာနေ့တွင် ဖွားမြင်သည်။ ၎င်းသည်လောကီ၊ လောကုတ္တရာ ကျမ်းပေါင်းမြောက်မြားစွာရေးသားခဲ့သည်။ အသက် ၉၄ နှစ် သက္ကရာဇ် ၁၂၄၃ ခုနှစ် တန်ဆောင်မုန်းလတွင် ကွယ်လွန်ခဲ့သည်။

### စဝ်ကောလီ

မိုင်းပန်မြို့နယ် နောင်ခေါက်လဲကျေးရွာတွင် ဖခင် လုံးကျောင်းနွံ၊ မိခင် ပကျောင်းဆိုင်တို့က သက္ကရာဇ် ၁၂၀၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ စာပေပညာရှင်ကြီး စဝ်ကောလီသည် ငယ်စဉ်က တောင်ပိုင်းရှမ်းပြည် မိုးနဲမြို့တွင် ပညာသင်ကြားပြီး မန္တလေးရတနာပုံမြို့တော်သို့သွားရောက်၍ ပညာသင်ကြားရာ ထူးချွန်ထက်မြက်သဖြင့် မင်းတုန်းမင်းတရားကြီး၏ ရှင်ပြုကိုတ္တိမသားဖြစ်သည်။ ပထမကျော်အောင်မြင်ပြီး လူထွက်၍ ဇာတိ မိုးနဲမြို့သို့ ပြန်ရောက်နေထိုင်ကာ ပိဋကတ်ကျမ်းစာများကို ရှမ်းဘာသာပြန်ဆိုရေးသားလျက် ပုရပိုက်ပေါ်တွင် ရှေးဦးစွာတင်သွင်းသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

မိုးနဲတွင် ဩဇာတိက္ကမအကြီးမားဆုံးဖြစ်သော ယွမ်းဂိုဏ်းဆရာတော်ကြီးများနှင့် အယူအဆကွဲလွဲသဖြင့် မိုင်းကိုင်မြို့တွင် ပြောင်းရွှေ့နေထိုင်ပြီး ကျမ်းပြုလျက်ရှိရာ



စဝ်မိုင်းနောင် (ခေါ်) အမတ်ကြီးမိုင်းနောင်

အသက် ၆၃နှစ် သက္ကရာဇ် ၁၂၇၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် တနင်္လာနေ့တွင် ကွယ်လွန်ခဲ့သည်။

"မြန်မာလယ်တီ၊ရှမ်းကောလီ" ဟု ရှေးဆိုရိုးစကားအတိုင်း မြန်မာမှ လယ်တီဆရာတော်ကြီးမှာ စာပေကျမ်းဂန်တွင် ပါရဂူမြောက်တတ်ကျွမ်းသည့် စာပေပညာရှင်ကြီးဖြစ်သလို ရှမ်းပြည်နယ်တွင်လည်း စာပေပညာရှင်ကြီး စဝ်ကောလီမှာ ပါဠိဘာသာ အလွန်ကျွမ်းကျင်သည့်ပညာရှင်ကြီးဖြစ်သည်။

### စဝ်မိုင်းနောင် (ခေါ်) အမတ်ကြီးမိုင်းနောင်

စဝ်မိုင်းနောင်ကို မိုင်းနောင်တိုက်နယ် ဝမ်ပန်ဆုံကျေးရွာတွင် ဖခင်ဘုရားဒါယကာလုံးမှန်စီ၊ မိခင် ပါမန်စီတို့က သက္ကရာဇ် ၁၂၁၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် သောကြာနေ့တွင် ဖွားမြင်သည်။

ကျေးဆီးမန်စံနယ် မိုင်းနင်းကျောင်းတွင် ကျမိုင်း စဝ်နော်ခမ်းနှင့် ကျောင်းနေဖက်ဖြစ်သည်။ အသက် ၁၇ နှစ် အရွယ်က ကျမ်းပြုသော ပုဂ္ဂိုလ်ဖြစ်သည်။ အမတ်ရာထူးနှင့် မိုင်းနောင်မြို့တွင် အုပ်ချုပ်နေထိုင်ရာ စိတ်ချမ်းသာမှုမရှိသဖြင့် ရာထူးကထွက်ပြီး သိန်းနီမြို့သို့ ပြောင်းရွှေ့ ကျမ်းပြုနေရာ သိန်းနီစော်ဘွားကြီးက စာပုံနှိပ်စက် ထူထောင်ပေး၍ အမတ်ကြီးကိုယ်တိုင် ဦးစီးလုပ်ကိုင်ပြီး မိမိကိုယ်တိုင် ဘာသာပြန်ရေးသားသော သတိပဋ္ဌာန်ကျမ်း၊ ဓမ္မပဒဝတ္ထုတော်၊ ရာဇဟိတဒီပနီကျမ်းများကို ဒေသထွက် မိုင်းကိုင်စက္ကူပေါ်တွင် ရှမ်းအက္ခရာစာနှင့် စက်တင်ပုံနှိပ်ခဲ့သည်။

ရှမ်းစာပေပညာရှင်ကြီး စဝ်မိုင်းနောင်သည် သက္ကရာဇ် ၁၂၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် စနေနေ့တွင် ကွယ်လွန်ခဲ့သည်။

### စဝ်နော်ခမ်း

ရှမ်းစာဆိုတော်ကြီး စဝ်နော်ခမ်းကို ရှမ်းပြည်နယ်တောင်ပိုင်း ကျေးစီးတိုက်နယ် ဝမ်ပေါ့တန်းလွယ်ကျေးရွာတွင် ဖခင် လုံးပညာ၊ မိခင် နန်းခမ်းပါတို့က သက္ကရာဇ် ၁၂၁၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် စနေနေ့တွင် မွေးဖွားသည်။

မိုင်းကိုင်စော်ဘွားမျိုးဖြစ်သည်။ ရှမ်းကဗျာ၊ လင်္ကာသိုက်သမိုင်း၊ ရာဇဝင်များကို ပြောင်မြောက်စွာ ရေးသားနိုင်၍ ၎င်းပြုစုသော



စဝ်ဝေါလခဲ

ကျမ်းနှင့် ကဗျာများမှာ နူရွယ်ဉ်ကျေးသိမ်မွေ့လှသဖြင့် ၎င်းကို ရှမ်းပြည်နယ် ဦးပုညဟု တင်စားကြသည်။ ထို့အပြင် ကျီးသဲလေးထပ်ဆရာတော်ကြီး ရေးသားတော်မူသော ဇိနတ္ထပကာသနီကျမ်းကို မူလအနေအထားအတိုင်း မချွတ်ယွင်းစေဘဲ ရွှေပြည်ဝင်ဟူသော အမည်ဖြင့် ရှမ်းဘာသာဖြင့် ပြန်ဆိုရေးသားသည့် ကျမ်းနှင့် ရာဇောဝါဒဒီပနီကျမ်းတို့မှာ ထင်ရှားလှသည်။ သက္ကရာဇ် ၁၂၅၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် အသက် ၃၉ နှစ်တွင် လောကီ၊ လောကုတ္တရာကျမ်းပေါင်းများစွာကိုပြုစုရင်း ကွယ်လွန်သည်။

### စဝ်ဝေါလခဲ

ရှမ်းစာပေပညာရှင်ကြီး စဝ်ဝေါလခဲကို ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့တွင် ဖခင် လုံးဖြစ်၊ မိခင် ပါနန်းရင်တို့က သက္ကရာဇ် ၁၂၅၁ ခုနှစ် တန်ဆောင်မုန်းလ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။ ငယ်အမည်မှာ စိုင်းဖိုးရှင်ဖြစ်ပြီး ညီအစ်ကို မောင်နှမ လေးယောက်တွင် အကြီးဆုံးဖြစ်သည်။ ငယ်စဉ်ကာလ ညောင်ရွှေစော်ဘွားသားများနှင့် ကျောင်းနေဖက်ဖြစ်ပြီး ခုနစ်တန်းအောင်သော် ရပ်စောက်စော်ဘွားရုံးမှာ စာရေးလုပ်ကာ ပါနန်းညွှန့်နှင့် အိမ်ထောင်ကျသည်။ ထို့နောက် ရပ်စောက်မှ တောင်ကြီးသို့ ပြောင်းရွှေ့ပြီး ဂါတ်စာရေးဝင်လုပ်သည်။ ဆက်လက်၍ ကယားပြည်နယ် ဖားဆောင်းတွင် စာရေးမှုတစ်ဆင့် အခွန်အမတ်၊၎င်းမှ ဝေါလခဲနယ်ဝန်ကြီးဖြစ်လာသည်။ စာပေ၊ ဂီတဝါသနာထုံ၍ အသိအမြင်ကြွယ်ဝပြီး မိမိအိမ်တွင် စာဆိုတော်များတည်းခိုရန် ဧည့်ရိပ်သာဆောက်လုပ်၍ နေ့ညမပြတ် စာပေဆွေးနွေးပွဲကျင်းပသည်။ ဂီတဝါသနာပါသဖြင့် ပတ္တလားတီးရာ၌ ထူးချွန်သည်။ တယောထိုးပြီး ကိုယ်တိုင်သီချင်းဆိုရေးစပ်ခဲ့သည်။

စာဆိုကြီး စဝ်ဝေါလခဲသည် နိဗ္ဗာန်သွားသောလမ်း ကျမ်းသာ၊ ဝိပဿနာဒီပနီ၊ ဇိနတ္ထပကာသနီကျမ်းတို့ကို ရှမ်းဘာသာဖြင့် ပြန်ဆိုခဲ့ပြီး ဇာတ်ကြီးဆယ်ဘွဲ့ကိုလည်း ပြန်ဆိုခဲ့သည်။ ၁၃၀၆ ခုနှစ်တွင် ညောင်ရွှေသို့ပြန်လာခဲ့ပြီး ၁၃၀၈ ခုနှစ် တန်ဆောင်မုန်းလတွင် ကွယ်လွန်ခဲ့သည်။

### သီပေါမြို့နယ်မှစာပေပညာရှင်ကြီးများ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ရွှေစေတီကျောင်းဆရာတော်သည် ဝိနည်းငါး



စဝ်ကောလီ

ကျမ်းအဘိဓမ္မာကျမ်းနှင့် ယပ်လှဲယင်တောင် တရားစာများကို ရှမ်းဘာသာဖြင့်ပြန်ဆိုခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့ အမတ်ချုပ် ဦးချို၊ သီပေါမဟာဒန်ဝန်ကြီးဟောင်း ဦးကျော်၊ သာမိုးကျောင်းတိုက်ဆရာတော်နှင့် သီပေါ မိုးတေးကျေးရွာအုပ်စု နားကြူရွာမှ စာပေပညာရှင် နားကြူဆရာကြီးတို့မှာ လောကီ၊လောကုတ္တရာကျမ်းပေါင်းများစွာကိုပြုစုခဲ့သည့် ပညာရှိပုဂ္ဂိုလ်ကျော်များဖြစ်သည်။

### အမျိုးသမီးစာဆိုရှင် စဝ်နန်းခမ်းကူ

မိုးနဲမြို့နယ် ဝမ်ကြိမ်ဝင်ပေါင်းကျေးရွာတွင် ဖခင်စာဆိုတော်ကြီး စပ်ကမ်ဆေ၊ မိခင် နိုင်းဆွေတို့က စဝ်နန်းခမ်းကူကို သက္ကရာဇ် ၁၂၁၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။ စဝ်နန်းခမ်းကူမှာ ထင်ရှားသောအမျိုးသမီးစာဆိုတစ်ဦးဖြစ်ပြီး လောကီ၊ လောကုတ္တရာကျမ်းဆယ်ကျမ်းကို ပြုစုရေးသားခဲ့သည်။ ၁၂၇၉ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် တနင်္လာနေ့ အသက် (၆၄)နှစ်တွင် ကွယ်လွန်သည်။

စာပေပညာရှင် ရှမ်းစာဆိုတော်ကြီးအများစုမှာ တန်ဆောင်မုန်းလတွင် မွေးဖွား၍ တန်ဆောင်မုန်းလတွင် ကွယ်လွန်ခဲ့ကြသည်ကို ထူးခြားစွာတွေ့ရသဖြင့် အဆိုပါစာဆိုတော်ကြီးများကို ဂုဏ်ပြုသည့်အနေဖြင့် ရှမ်းစာဆိုတော်နေ့ကို တန်ဆောင်မုန်းလတွင် ရှေးပညာရှင်ကြီးများက သတ်မှတ်ပေးခဲ့ကြသည်။

ထို့ကြောင့် ၁၃၇၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားစာပေပညာရှင်စာဆိုတော်ကြီးများကို ဤဆောင်းပါးဖြင့် ဦးခိုက်ဂုဏ်ပြုအပ်ပါသတည်း။ ။

---

»» အထူးကဏ္ဍ [ ခ ] မှ

အသိုက်မှထွက်လာသည့်အချိန်တွင် မိဘများနှင့်အတူ ပျံသန်းကြသည်။ မြန်မာနိုင်ငံရှိ အောက်ချင်းငှက်များသည်လည်း အိန္ဒိယနိုင်ငံနှင့် မျိုးတူနီးစပ်ကြသည်။

ဖိလစ်ပိုင်အောက်ချင်းငှက်များသည် အလေးချိန်အားဖြင့် ၃ ဒသမ ၅ ပေါင်နှင့် အလျား ၂၅ ဒသမ ၅ လက်မ ရှည်ကြပြီး အိန္ဒိယအောက်ချင်းငှက်နှင့် နှိုင်းယှဉ်ပါက အတော်သေးငယ်ကြသည်။ အရောင်အားဖြင့် ဆင်တူကြပြီး ဖိလစ်ပိုင်နိုင်ငံ၏ Luzon နှင့် Arinduque ကျွန်းများတွင် နေထိုင်ကျက်စားကြသည်။ သဖန်းသီးနှင့် သစ်စေ့များကို ကြိုက်ကြသည်။ အသိုက်များကို သစ်ပင်ထိပ်ဖျားတွင် ပြုလုပ်တတ်ကြပြီး အသိုက်ပေါက်ဝများကို ပိတ်ထားတတ်ကြသည်။

အောက်ချင်းငှက်သည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်သဖြင့် ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ (၃၇)ဖြင့် အောက်ပါအတိုင်း ကာကွယ်ထားပါသည်-

(က)တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ)လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြင်ပသို့တင်ပို့ခြင်း။

ချင်းပြည်နယ်အတွင်း အောက်ချင်းငှက်များအား Oriental Pied Hornbill ဟု ခေါ်ဆိုကြသည်။ Great Hornbill ကိုမူ ချင်းပြည်နယ်နှင့် နေရာအချို့တွင် အောက်ချင်းငှက်ဟု ခေါ်ဆိုပြီး အခြားနေရာများတွင် အောင်လောင်ငှက်ဟု ခေါ်ဆိုကြသည်။ Great Hornbill (အောက်ချင်း၊ အောင်လောင်)သည် ကြီးမားသော ငှက်ကြီးမျိုးဖြစ်ပြီး ကိုယ်အလျားမှာ လက်မ ၅၀ ခန့်ရှိသည်။ နှုတ်သီးအမောက်မှာလည်း ကြီးမားထင်ရှားသည်။ မျက်နှာအနက်ရောင်၊ နှုတ်သီး၊ နှုတ်သီးအမောက်နှင့် လည်တိုင်မှာ ဝါဖန့်ဖန့်အရောင်၊ အတောင်ပေါ်တွင် အဖြူကွက်၊ အတောင်ပံဖျားများ၊ အမြီးနှင့် ဖင်ပိုင်းနေရာများ၌ အဖြူရောင်ရှိသော အမြီးပေါ်တွင် အနက်ရောင်အရစ်ရှိသော အနက်ရောင်ငှက်ကြီးမျိုးဖြစ်သည်။

Oriental Pied Hornbill(အောက်ချင်း)သည် Great Hornbill ထက် များစွာသေးငယ်ပြီး ကိုယ်အလျား ၂၇ လက်မခန့်သာရှိသည်။ နှုတ်သီးနှင့် နှုတ်သီးအမောက်တွင် အနက်ရောင်နှင့် ဝါဖန့်ဖန့်အရောင်၊ မျက်နှာတွင် အဖြူကွက်၊ အမြီးဖျား၊ အတောင်ဖျားနှင့် ရင်ဘတ်အောက်ပိုင်းတွင် အဖြူရောင်ထက်များစွာသေးငယ်ပြီး ကိုယ်အလျား ၂၇ လက်မခန့်သာရှိသည်။ နှုတ်သီးနှင့် နှုတ်သီးအမောက်တွင် အနက်ရောင်နှင့် ဝါဖန့်ဖန့်အရောင်၊ မျက်နှာတွင် အဖြူကွက်၊ အမြီးဖျား၊ အတောင်ဖျားနှင့် ရင်ဘတ်အောက်ပိုင်းတွင် အဖြူရောင်ရှိသော အနက်ရောင်ငှက်မျိုးဖြစ်သည်။


သစ္စာရှိသောငှက်၊ အမျိုးအနွယ်ကို စောင့်ရှောက်သောငှက်ဖြစ်၍ ချင်းတိုင်းရင်းသားတို့မှ တန်ဖိုးထားသောငှက်ဖြစ်သည်။ ချင်းအမျိုးသားအလံတွင် အောက်ချင်းငှက်ကို ထည့်သွင်းအသုံးပြုကြသည်။ တောရိုင်းတိရစ္ဆာန်တွင် ပါဝင်သည့် အောက်ချင်းငှက်အား ထိန်းသိမ်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောက်ချင်းငှက်များ ရှင်သန်ပြီး ကောင်းကင်နေရာအနှံ့ ပျံဝဲအသက်ရှင်ခွင့်ရမည်ဖြစ်သည်။ ။

*ကိုးကား - ချင်းပြည်နယ် သစ်တောဦးစီးရုံး စာအုပ်စာတမ်းများ*

❐

# အောက်ချင်းငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေး





မင်းလပြည့်(ဟားခါး)

အောက်ချင်းငှက်သည် ရှားပါးသော သတ္တဝါတစ်မျိုးဖြစ်ပြီး ချင်းတိုင်းရင်းသား တို့၏ တန်ဖိုးထားသော ငှက်တစ်မျိုးဖြစ်သည်။ အောက်ချင်းငှက်သည် မြန်မာပြည်တွင် ရှားပါးစွာတွေ့ရသော တောရိုင်းတိရစ္ဆာန်များ ထဲတွင် ပါဝင်သည်။ အောက်ချင်းငှက်တို့၏ မိမိမျိုးနွယ်စုအပေါ် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်မှု၊ မေတ္တာတရားကြီးမားမှု၊ သစ္စာရှိမှုတို့ကြောင့် အောက်ချင်းငှက်ကို အမြတ်တနိုး တန်ဖိုးထားကြသည်။ ချင်းပြည်နယ်၏ အမှတ်တံဆိပ်(Logo)အဖြစ် အသုံးပြုလျက်ရှိသည်။

အောက်ချင်းငှက်မှာ မျိုးစဉ်(Coracii-formes)၊ မျိုးရင်း(Bucerotidae)၊ မျိုးစုနှင့် မျိုးစိတ်(Buceros bicornis)ဟုခေါ်ပြီး အဓိကထင်ရှားသော လက္ခဏာများမှာ-

(က) ရှည်လျားသော နှုတ်သီးနှင့် ဦးခေါင်းထိပ်တွင် လေးထောင့်ဆန်သောအမောက် (Casque)သည် ဦးထုပ်သဖွယ်တည်ရှိခြင်း၊

(ခ) သဖန်းသီးကဲ့သို့သော (figs)နှင့် အခြားသစ်သီးများကို ကြိုက်နှစ်သက်ခြင်း၊ အခွံမာသီးမျိုးစုံကို ကြီးမားသော နှုတ်သီးကို အသုံးပြု၍ စားသုံးနိုင်ခြင်း၊

(ဂ) သားပေါက်ရာသီတွင် အောက်ချင်းငှက်မသည် အသိုက်ဝကို အကာအကွယ်နံရံတစ်ခု တည်ဆောက်ပြီး အသိုက်အတွင်းတွင် နေထိုင်ခြင်းတို့ဖြစ်သည်။

ကမ္ဘာပေါ်တွင် တွေ့ရှိနိုင်သော နေရာဒေသများမှာ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံအနောက်ပိုင်း၊ အရှေ့တောင်အာရှဒေသ (လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ)၊ မလေးရှားနိုင်ငံ ပန်နီဆူလာနှင့် ဆူမားတြားတို့တွင်လည်းတွေ့ရှိရသည်။

အောက်ချင်းငှက်တို့သည် သဖန်းသီးကဲ့သို့သော(figs)တို့ကို ကြိုက်နှစ်သက်သော်လည်း ကြီးမားသောနှုတ်သီးကို အသုံးပြု၍ သားကောင်များကို ဖမ်းယူစားသောက်လေ့ရှိသည်။ အောက်ချင်းငှက်များသည် သစ်တောများအတွင်းရှိ သစ်ပင်တို့၏ အထက်ပိုင်းသစ်ကိုင်းများ၌ အစုလိုက် အိပ်တန်းတက်လေ့ရှိသည်။ သစ်ပင်တစ်ပင်လျှင် အောက်ချင်းငှက်လေးကောင်ခန့် အိပ်တန်းတက်လေ့ရှိသည်။

အောက်ချင်းငှက်များသည် မြေပြင်တွင် သွားလာလှုပ်ရှားနေသော ပုတ်သင်၊ ကင်းလိပ်စသော တွားသွားသတ္တဝါတို့ကို စောင့်ကြည့်ဖမ်းယူ စားသောက်လေ့ရှိသည်။ အောက်ချင်းငှက်များသည် တွားသွားသတ္တဝါတို့ကို ဖမ်းယူပြီးနောက် စားသောက်ခြင်းမပြုမီ သားကောင်၏ အသားများ ပျော့ပျောင်းသွားစေရန် သစ်ပင်ပင်စည်တို့နှင့် ရိုက်ပုတ်လေ့ရှိသည်။သားကောင်ကို မျိုချရာတွင် ပိုမိုလွယ်ကူစေသည်။

မြန်မာနိုင်ငံရှိ အောက်ချင်းငှက်များကဲ့သို့ အိန္ဒိယရှိ အောက်ချင်းငှက်များသည်လည်း ရေစိုစွတ်ခြင်း(သို့) ရေချိုးခြင်းတို့ ဆောင်ရွက်ပြီးလျှင် ခြောက်သွေ့စေရန်နှင့် မူလခန္ဓာကိုယ်အပူချိန်ပြန်လည်ရရှိသည်အထိတိုင်အောင် သစ်ကိုင်းပေါ်တွင်နားနေ၍ အတောင်ပံများကို နာရီအနည်းငယ်ဖြန့်၍ နေထိုင်လေ့ရှိသည်။ အောက်ချင်းငှက်တို့၏ နှုတ်သီးသည် အခွံမာသီးများကိုခွဲ၍ စားသောက်ခြင်း၊ သစ်ခေါက်များခွာ၍ အစာရှာဖွေစားသောက်ခြင်းနှင့် သားကောင်ဖမ်းဆီး စားသောက်ခြင်းတို့အတွက် သင့်လျော်သောပုံစံရှိသည်။

အောက်ချင်းငှက်များ ပျံသန်းစဉ်တွင် ငှက်အမွေးတောင်တို့နှင့် လေပွတ်တိုက်သောကြောင့် ကျယ်လောင်သော အသံထွက်ပေါ်လေ့ရှိပြီး ခြေထောက်များတွင် ကျယ်ပြန့်သော ခြေဖဝါးရှိပြီး ခြေချောင်းများ၏ အတွင်းပိုင်းသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည်။

အထူးကဏ္ဍ [ခ] သို့ »»

## ထားဝယ်ပိထော (ငါးပိထောင်း)၊ ပိသုပ် (ငါးပိသုပ်)

ငါးပိထောင်းကို ထားဝယ်ဒေသမှာက ထားဝယ်လေသံနဲ့ ပိထောလို့ပြောကြပြီး ငါးပိသုပ်ကိုတော့ ပိသုပ်လို့ဆိုကြပါတယ်။ ငါးပိလို့ဆိုရာမှာ ရေချိုငါးပိနဲ့ မျှင်ငါးပိရယ်လို့ နှစ်မျိုးနှစ်စားရှိပါတယ်။ ရေချိုငါးပိက ငါးကို ပြုလုပ်ရတဲ့ငါးပိဖြစ်ပြီး မျှင်ငါးပိကတော့ မျှင်ကောင်(ပုစွန်ငယ်တစ်မျိုး) သက်သက်ကို သာလုပ်ရတာမို့ မျှင်ငါးပိလို့ ခေါ်ကြတာဖြစ်ပါတယ်။ မျှင်ငါးပိကိုအချို့က ငါးပိစိမ်းစား၊ စိမ်းစားငါးပိ၊ ပုစွန်ငါးပိရယ်လို့ မူကွဲအနေနဲ့ ခေါ်ကြပါသေးတယ်။

မျှင်ငါးပိပြုလုပ်ရာမှာ ရိုးရာနည်းကတော့ မျှင်ကောင်လေးတွေကို ဆားပေါက်၊ နေလှန်း၊ လက်ဆုံနဲ့ထောင်း၊ တစ်ခါနေပြန်လှန်း၊ လက်ဆုံနဲ့ပြန်ထောင်းပြီး အကြိမ်ကြိမ်လုပ်ရတာမျိုးပါ။ မျှင်ငါးပိကို ထောင်းစားကြရာမှာ ရခိုင်ထောင်း၊ အညာထောင်း စသဖြင့် ဒေသအလိုက် ထောင်းပုံထောင်းနည်း ကွာတာကို တွေ့ရပါတယ်။ ထားဝယ်ငါးပိထောင်း ထောင်းမယ်ဆိုရင် မျှင်ငါးပိကောင်းကောင်းရယ်၊ ပုစွန်ခြောက်၊ ငရုတ်သီးစိမ်းတောင့်နဲ့ ကြက်သွန်ဖြူတို့လိုပါမယ်။ မျှင်ငါးပိကိုမီးကင်ပြီး ငရုတ်သီးစိမ်းတောင့်နဲ့ ကြက်သွန်ဖြူတို့ကို ဒယ်အိုးနဲ့ အသင့်လှော်ထားပါ။

မျှင်ငါးပိကို မီးကင်ရာမှာတော့ အကျက်ညီဖို့လိုပါတယ်။ ငါးပိဖုတ်တာ လွယ်လွယ်လေးပါလို့ထင်ပြီး ဖုတ်လိုက်ရင်တော့ တူးတဲ့အပိုင်းက တူးပြီး အကျက်မညီဖြစ်တတ်ပါတယ်။ ဒါကြောင့် "ငါးပိဖုတ်တောင် ဆရာမပြနည်းမကျ"လို့ ဆိုရိုးစကားရှိတာပါ။ ရှေးအခါက ငါးပိဖုတ်ရာမှာ မြေစလောင်းဖုံးလေးတွေမှာကပ်ပြီး မီးခဲမီးနဲ့ဖုတ်တာပါ။ ငါးပိကိုကပ်တဲ့နေရာမှာ အထူအပါးညီအောင်ညှိကပ်ရပြီး ငါးပိသားပေါ်မှာ ချိုင့်ခွက်လေးများဖြစ်နေအောင် လက်ညှိုးနဲ့လိုက်ထိုးရပါတယ်။ ဒါမှ မီးအပူရှိန်ဟာ ငါးပိအရင်းသားအပိုင်းကို ညီမျှစွာရောက်ပြီး အကျက်ညီမှာဖြစ်ပါတယ်။

မျှင်ငါးပိမီးကင်ပြီးသွားရင်တော့ ရေစိမ်ထားတဲ့ ပုစွန်ခြောက်ကို ငရုတ်ဆုံမှာ လေးစိတ်ကွဲ ထောင်းပါ။ ပြီးက လှော်ထားတဲ့ ငရုတ်သီးစိမ်းတောင့်နဲ့ ကြက်သွန်ဖြူကို အခွံသင်ပြီး ထည့်ထောင်းပါမယ်။ အဆင့်ဆင့်ပြီးသွားရင်တော့ နောက်ဆုံးမှ ငါးပိကင်ကိုထည့်ကာ အားလုံးသမသွားအောင် ညက်ညက်လေး ထပ်ထောင်းလိုက်ရင် ထားဝယ်ပိထော မွှေးမွှေးလေးရပြီပေါ့။ ထားဝယ်ကျေးလက်တွေမှာတော့ အဲဒီပိထောကို မီးလေးပြန်ကင်ပြီး နံနက်စောစောစာအဖြစ် ထမင်းကြမ်းခဲနဲ့ စားကြသလို နေ့ခင်းနေ့လယ်ဘက်မှာလည်း မောရှင်သီး (မာလကာချဉ်သီး)လေးတွေနဲ့ တွဲပြီး သရေစာအဖြစ်စားတတ်ကြပါတယ်။





မာလကာချဉ်သီးဆိုတာက လောက်စာလုံးအရွယ် မာလကာသီးအသေးစားလေးတွေဖြစ်ပြီး ချဉ်တဲ့အရသာရှိပါတယ်။ မိမိတို့ငယ်စဉ်ကလေးဘဝက သရေစာအဖြစ်စားခဲ့ရတာကို သတိရမိပါတယ်။ အဲဒီထားဝယ်ငါးပိတောင်းကိုပဲ ကြက်သွန်နီပါးပါးလှီး ရေဆေးပြီးထည့်၊ ပအုန်းရည်ကို ခပ်ပျစ်ပျစ်အနေအထားရအောင် ဆမ်းပြီးရောနယ်ကာ ထားဝယ်ပိသုပ် (ငါးပိသုပ်)အဖြစ်လည်း နှစ်နှစ်ခြိုက်ခြိုက်စားကြပါသေးတယ်။ ပအုန်းရည်ဆိုတာက ဓနိသီးအရည်(ဓနိရည်)ကို နေပြပြီး အချဉ်ခံထားတဲ့ သဘာဝရှာလကာရည်ပါ။

တချို့ကတော့ ပအုန်းရည်အစား ရေငန်းသီးလှီးထည့်ပြီး သုပ်ပါတယ်။ အဲဒီရေငန်းသီးငါးပိသုပ်ကလည်း တစ်မူထူးတဲ့ ရေငန်းသီးအချဉ်ကြောင့် အရသာဆန်းပြားလှပါတယ်။ မာလကာချဉ်သီးတို့၊ ရေငန်းသီးတို့ဆိုတာက ရှေးအခါက ကျေးလက်တွေမှာ အလေ့ကျပေါက်တဲ့ သဘာဝသရေစာသီးနှံတွေပါ။ အခုအခါမှာတော့ မတွေ့ရသလောက်ကို ရှားပါးနေပြီဖြစ်လို့ ကိုယ့်တိုင်းပြည်ရဲ့ ဒေသတွင်း သီးပင်စားပင်တွေ မျိုးသုဉ်းမသွားရလေအောင် ထိန်းသိမ်းသင့်လှပါတယ်။ မျှင်ငါးပိမှာက ရေငွေ့ဓာတ်၊ အသားဓာတ်နဲ့ ထုံးဓာတ် ပါဝင်တာကြောင့် အာဟာရတန်ဖိုးမြင့်မားတယ်လို့ ဆိုရပါမယ်။ ငါးပိထောင်းနဲ့ ငါးပိသုပ်ဆိုတာက ဆီမလိုတာမို့ ကျန်းမာရေးနဲ့လည်း ကိုက်ညီ၊ ချွေတာရေးလည်းကျတဲ့အတွက် ကျေးလက်နေအခြေခံလူတန်းစားများအတွက် မရှိမဖြစ်စွဲမက်ဖွယ်ရာ ဟင်းလျာကောင်း တစ်ခွက်ဖြစ်ကြောင်းပါဗျာ။

စံလွင်(ငါးဦးစီး)

